ဖြန့်မာ့အလင်း
အတွဲ (၅၂)
အမှတ် (၁၆၇)
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
၂၀၁၃ ခုနှစ်၊ မတ် ၁၆ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၅

၂၀၁၃ ခုနှစ် မတ် ၁၅ ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ်အဖြစ် မစ္စတာလီခချန်အား ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီခချန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အနာဂတ်တွင်နှစ်နိုင်ငံဆက်ဆံရေးကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ကီးနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၅ ရက် မွန်းလွဲပိုင်းတွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့ရှိ လန်ဂမ်ဟိုတယ်၌ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကီးနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်က မိမိ၏ မြန်မာနိုင်ငံခရီးစဉ်ပြီးသည့်နောက် ယခုကဲ့သို့ ပြန်လည်လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ပြုပြင်ပြောင်းလဲမှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ ရရှိပြီးအောင်မြင်မှုများကို ခိုင်မာစွာတည်ဆောက်ရန်အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် နယူးဇီလန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် သံအမတ်ကြီးထားရှိနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့်နယူးဇီလန်နိုင်ငံ၏ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် နှစ်ပေါင်း (၅၀)ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ပြီးခဲ့သည့် နှစ်ပေါင်း (၂၀)ကာလအတွင်းတွင် ကျင့်သုံးခဲ့သည့် နိုင်ငံရေးစနစ်ချင်း မတူညီခဲ့ခြင်းကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါကြောင်း၊ မိမိတို့အစိုးရသစ်တာဝန်ယူပြီးချိန်တွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးများကိုလည်း တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း။

အဆွေတော် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့်ခရီးစဉ်နှင့် ယခု မိမိလာရောက်လည်ပတ်သည့်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် သမိုင်းဝင်ခရီးစဉ်များပင်ဖြစ်ကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားနိုင်ရေးအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံအားပေးမှုနှင့်ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံကို BURMA အစား တရားဝင်အမည်ဖြစ်သည့် MYANMAR ဟု ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခဲ့ခြင်းနှင့်ပတ်သက်၍လည်း မြန်မာပြည်သူများနှင့် မိမိတို့အစိုးရက အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ သတ္တုတွင်း၊ ရေအားလျှပ်စစ်၊ ဘူမိစွမ်းအင်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အပြန်အလှန်အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့သည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊

စာမျက်နှာ ၉ ကော်လံ ၂ ✽

မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ ရရှိပြီးအောင်မြင်မှုများကို ခိုင်မာစွာတည်ဆောက်ရန်အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် နယူးဇီလန်နိုင်ငံက ပါဝင်ကူညီဆောင်ရွက်သွားမည်

မြန်မာနိုင်ငံ၌ ပြင်သစ်မှ ဟိုတယ်အသစ်များ တည်ဆောက်မည်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများ ရှိနေသည်ဖြစ်ရာ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအကောင်းဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရောက်ရှိလာသဖြင့် ပြည်ပနိုင်ငံများမှ ဟိုတယ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် အပြိုင်အဆိုင်စိတ်ဝင်စားလျက်ရှိနေရာမှ ပြင်သစ်နိုင်ငံ အက်ကာဟိုတယ်အုပ်စုမှလည်း မြန်မာနိုင်ငံတွင်ဟိုတယ်များ တည်ဆောက်ရန် စီစဉ်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းက အရှိန်အဟုန်နဲ့တိုးတက်လာမှာပါ။

သတင်းမှတ်စု-မောင်သစ္စာ

နိုင်ငံတကာခရီးသွားလုပ်ငန်း အေဂျင်စီတွေကလည်း မြန်မာနိုင်ငံကို ခရီးစဉ်တစ်ခုအနေနဲ့ ထည့်သွင်းစီစဉ်နေကြပြီဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကလည်း မြန်မာနိုင်ငံကို လာရောက်ဖို့ စိတ်ဝင်စားမှုများနေကြတာ

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာနိုင်ငံသည် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရန် ဆွဲဆောင်မှုအကောင်းဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာသဖြင့် ဤသို့ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ လိုအပ်နေပြီ ဖြစ်သည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စာတတ်ခြင်းနှင့် စာဖတ်ခြင်း

စာတတ်သူသည် ဘဝအလင်းတံခါးကို အချိန်မရွေး ဖွင့်နိုင်သူဖြစ်သည်။ ဘဝအလင်းတံခါးကို ဖွင့်နိုင်ရန်လူတိုင်းသည် ငယ်ရွယ်စဉ်ကပင် ကျောင်းနေပညာရပ်များကို သင်ကြားရင်း စာတတ်အောင် ကြိုးစားလာခဲ့ကြခြင်းဖြစ်သည်။

စာတတ်ခြင်းဖြင့် အသိပညာတံခါးများ၊ အတတ်ပညာတံခါးများကို ဖွင့်နိုင်သည်။ စာတတ်ခြင်းကို အခြေပြု၍ အနာဂတ်တွင် ကြီးမားသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရနိုင်သည်။ ဘဝအခြေအနေ လွန်စွာမြင့်တက်လာနိုင်သည်။ ထို့ကြောင့် စာတတ်ခြင်းကိုအခြေပြု၍ စာဖတ်ကြရမည်ဖြစ်သည်။

စာဖတ်ကြခြင်းမှာ သတင်းအချက်အလက်များနှင့် အကျိုးအကြောင်းဖြစ်ရပ်များကို သိလိုသည့် ရည်ရွယ်ချက်ကြောင့်ဖြစ်သည်။ ယင်းတို့ကို မိမိပတ်ဝန်းကျင်ရှိ ဂျာနယ်စာစောင်များ၊ သတင်းစာများ၊ မဂ္ဂဇင်းများထံမှတစ်ဆင့် သိရှိနိုင်သည်။

စာဖတ်သူများသည် မိမိတို့ဘဝတွင် အသိတရားများကို တိုးမြှင့်ချင်၍သော်လည်းကောင်း၊ သိဖွယ်အချက်အလက်များကို ပိုမိုရရှိချင်၍လည်းကောင်း စာဖတ်ကြခြင်းဖြစ်သည်။ သတင်းအချက်အလက် အကြောင်းခြင်းရာကို သိလိုမှတ်သားလို၍ဖြစ်စေ၊ အပျင်းပြေဖတ်လို၍ဖြစ်စေ စာဖတ်ခြင်း၏ အရေးကြီးသောအချက်မှာ မိမိအတွက်အကျိုးရှိသော အချက်အလက်များ၊ ပြန်အသုံးချနိုင်သော အချက်အလက်များ၊ ဘဝအတွက် အရေးပါသော စာအနှစ်များကို ရယူနိုင်ရန်ပင်ဖြစ်သည်။

မိမိဖတ်ရှုသော စာပေများအတွင်းမှ မိမိအတွက်အကျိုးရှိမည့် အခြေခံသဘောတရားများ ထုတ်နုတ်ယူနိုင်ခြင်း၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားရယူနိုင်ခြင်းတို့ကို စာဖတ်ခြင်း၏ အဓိကရည်ရွယ်ချက်အဖြစ် ထားရှိဖတ်ရှုရန်လိုအပ်သည်။ ယင်းသည်ပင် စာဖတ်ခြင်း၏တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများ ဖြစ်ကြသည်။

စာဖတ်ကြရာတွင် ဖတ်သမျှ အကျိုးသက်ရောက်မှုရှိရေးအတွက် စာဖတ်နည်းစနစ်ကျနရန်လည်း လိုအပ်သည်။ ကနဦး သတိပြုရမည်မှာ မိမိမှတ်သားရယူလိုသည့်စာကို ရွေးချယ်ဖတ်ရှုသည့် အလေ့အကျင့်ပြုလုပ်ရန်ပင် ဖြစ်သည်။ ဖတ်သမျှစာအားလုံးသည် မှတ်ထိုက်သည်မဟုတ်သဖြင့် မှတ်ထိုက်သည့်စာများကို ရွေးချယ်ဖတ်ရန်လိုအပ်သည်။ စာဖတ်ခြင်းဖြင့် အကျိုးရှိသော အချိန်ကို အသုံးချခြင်းဖြစ်၍ အကျိုးမရှိသောစာကို ဖတ်ခြင်းဖြင့် အချိန်ကိုမဖြုန်းသင့်ပေ။

နောက်တစ်ချက်မှာ မိမိဖတ်သောစာ သို့မဟုတ် မိမိအတွက် အာဟာရအဖြစ် အကျိုးရှိမည့်စာကို ရွေးထုတ်မှတ်သားနိုင်ရန်ပင်ဖြစ်သည်။ စာအနှစ်များကို မျဉ်းခြစ်၍ မှတ်သားခြင်းက နောင်ပြန်လေ့လာလိုက အလွယ်တကူရှာယူဖတ်ရှုနိုင်မည်ဖြစ်သည်။ နောက်အချက်တစ်ချက်မှာ စာဖတ်ရင်းတွေးတောဆင်ခြင်သည့်အလေ့အကျင့်ကို လေ့ကျင့်ယူရန်ပင်ဖြစ်သည်။ စာဖတ်ရင်းနှင့်ပင် လိုအပ်လျှင် စာဖတ်ခြင်းကို ခေတ္တရပ်၍ စာအနှစ်ကို တန်ဖိုးဖြတ်ခြင်း၊ မိမိနှင့်အံဝင်သောအချက်ကို မှတ်ယူသုံးသပ် ဆင်ခြင်ခြင်းတို့ကို ပြုအပ်သည်။ ဤသို့လျှင် စာဖတ်ခြင်း အလေ့အထကို မွေးမြူသင့်သည်။

အချုပ်ဆိုရသော် စာတတ်သော်လည်း စာမဖတ်လျှင်ကား မိမိ၏ ဘဝအလင်းတံခါးသည် ပွင့်လာမည်မဟုတ်သကဲ့သို့ စာမဖတ်တတ်လျှင်လည်း မိမိ၏ဘဝ တိုးတက်မှုအလျဉ်သည် နှောင့်နှေးသွားမည်ဖြစ်ရာ လူတိုင်းစာဖတ်သည့်အလေ့အကျင့်ကို လေ့ကျင့်ယူသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

ပုလဲသွယ်စပ်မျိုးစပါးနှင့် အစေ့ထုတ်ပြောင်းများ ဈေးကွက်ရရှိရေး စိုက်ပျိုးဆောင်ရွက်လျက်ရှိ

ရန်ကုန် မတ် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ ထွက်ကုန်များ တိုးတက်

ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတကာ ဈေးကွက်သို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်မည့် သီးနှံအမယ်သစ်များကိုလည်း ကြိုးပမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိနေပြီး နိုင်ငံတကာဈေးကွက်နှင့်လည်း ချိတ်ဆက်မိနိုင်ရေး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Masahi-ko-TANAKA နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ငလိုက်ဆည်ရေသောက်စနစ် ကိုးရွာရှိ စံပြစိုက်ခင်း ဧက ၅၀၀ တွင် စိုက်ပျိုးထားရှိသော ဆီထွက်မြေပဲ၊ ရာသီအလိုက် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ခင်းများ၊ ပုလဲသွယ်နွေစပါး စိုက်ခင်းများနှင့် ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ရွာအနီး ငလိုက်ဆည်ရေသောက်စနစ်၊ စက်မှုလယ်ယာမြေစနစ် ဧက ၃၀၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးနွေစပါး စိုက်ခင်းများ၊ နေကြာစိုက်ခင်းများနှင့် အစေ့ထုတ်ပြောင်း စိုက်ကွင်းများကို ကြည့်ရှုအားပေးကြပြီး ရှင်းလင်းဆောင်၌ မြန်မာ-ဂျပန်နှစ်ဖက် လက်ငင်း ရေတို-ရေရှည် စိုက်ပျိုးရေး ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနအစီအစဉ်များနှင့် ဈေးကွက်တင်ပို့ရောင်းချနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာရှိ ဖြူးချောင်းဆည်ရေသောက်စနစ်ရှိ မြတ်အိန္ဒြေကုမ္ပဏီ၏ ဘက်စုံသီးနှံ ဧက ၂၀၀၀ စိုက်ကွင်း ရှင်းလင်းဆောင်အနီး၌ ဂျပန်နိုင်ငံရာမ (Yanmar) ကုမ္ပဏီမှ ထုတ်လုပ်သော ရိတ်သိမ်းခြွေလှေ့စက်ကို ကြည့်ရှုစစ်ဆေးကြပြီး (ဓာတ်ပုံ) အစေ့ထုတ်ပြောင်းဧက ၁၀၀၀ စိုက်ခင်းများကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်နိုင်ငံ JICA ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်နိုင်ရေး၊ အဆင့်မြင့်စက်ရုံများ တည်ဆောက်နိုင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်-ပုဂံ ရထား သဲကုန်းမြို့ဘူတာတွင် ရပ်တန့်ပေးရန် မျှော်လင့်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့သည် မြို့နယ်ရုံးစိုက်ရာမြို့ဖြစ်ပြီး အင်းမ၊ ဝက်ပုတ်၊ ပုတီးကုန်းမြို့နှင့် ရွှေတောင်မြို့များ ပါဝင်သည်။ ယင်းမြို့သည် ရန်ကုန်-ပြည်ရထားလမ်းဘေးတွင် တည်ရှိသော အေးချမ်းသာယာသည့် မြို့ဖြစ်ကာ ဒေသခံ ခရီးသွားပြည်သူများသည် ရထားကိုသာ အားထားနေရသည်။ ရန်ကုန်- ပြည် အစုန်၊ အဆန်စာပို့နှင့် အမြန်ရထား၊ ရန်ကုန်-ပုဂံ အစုန်၊ အဆန်ရထား သုံးစင်းသာ ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန် -ပြည်ရထားသာ ရပ်တန့်ပေးသည်။ ဒေသခံရထားစီးခရီးသည်ဦးရေ များနေပါသဖြင့် ခရီးသွားရာတွင် ဒေသခံများ အခက်အခဲတွေ့နေရပါသည်။

"ကျွန်တော်တို့ သဲကုန်းမြို့က ရထားလမ်းဘေးမှာရှိပြီး အမှန်တကယ် ရထားကိုသာ စီးကြတာပါ။ ခရီးသွားတာ၊ ကုန်ပစ္စည်းတင်တာက ရထားနဲ့ပဲ အဆင်ပြေပါတယ်။

"အခုရထားက မြို့ကိုဖြတ်ပြီး နေ့စဉ်သွားနေတာ သုံးစင်းရှိတယ်။ ရပ်ပေးတာက နှစ်စင်းပဲ ရပ်တယ်လေ။ ရန်ကုန်-ပုဂံက ရပ်မပေးဘူး။ အဲဒီရထားက ကြားဘူတာဖြစ်တဲ့ လက်ပံတန်း၊ ဇီးကုန်းနဲ့ ပေါင်းတည်မြို့တွေကို ကျတော့ ရပ်ပေးတယ်ဗျာ။ အဲဒီဘူတာတွေ၊ မြို့တွေမှာက ကားလမ်းဘေး၊ ရထားလမ်းဘေးမှာပဲ ရှိတယ်။ ကျွန်တော်တို့ သဲကုန်းကိုလည်း ရန်ကုန်-ပုဂံ ရထားရပ်ပေးစေချင်ပါတယ် " ဟု ဒေသခံပြည်သူများထံမှ သိရသည်။

သို့ပါ၍ သဲကုန်းမြို့မှ အမှန်တကယ်ရထားစီးခရီးသွားများအတွက် ခရီးသွားလာမှု အဆင်ပြေစေရန် ရန်ကုန်-ပုဂံ အစုန်၊ အဆန်ရထားကို သဲကုန်းဘူတာတွင် ရပ်တန့်ပေးနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိပါကြောင်း။ **ဦးမောင်(သဲကုန်း)**

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်လျက်ရှိသော ကစားသမား ၃၁ ဦး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုလျက်ရှိ

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် Gold Camp အတွင်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများထဲမှ အားကစားသမား ၃၁ ဦးသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို မတ် ၁၃ ရက်က စတင်စစ်ဆေးလျက်ရှိရာ နေပြည်တော် Gold Camp အတွင်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသော အားကစားသမားများထဲမှ လက်ဝှေ့၊ ပြေးခုန်ပစ်၊ ကရာတေးဒို၊ ကျွမ်းဘား၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ လှေလှော်၊ စက်ဘီး၊ ပန်ကြပ်ဆီလတ်၊ တင်းနစ်၊ ဖူဆယ်၊ ဂျူဒို၊ ပိုက်ကျော်ခြင်းနှင့် အလေးမအားကစားနည်းများမှ အားကစားသမား ၃၁ ဦးသည် နေပြည်တော်ရှိ အထက (၆)၊ (၉) နှင့် (၁၄)တို့တွင် ဝင်ရောက်ဖြေဆိုနေကြရာ သက်ဆိုင်ရာ အားကစားနည်းများ၊ တာဝန်ခံများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြသည်။

အားကစားဝန်ကြီးဌာနသည် အားကစားသမားများ ပညာရေးတွင်ပါ လေ့ကျင့်သင်ကြားနိုင်ရန် Gold Camp တွင် စာသင်ခန်းဖွင့်လှစ်၍ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ည ၇ နာရီမှ ၉ နာရီအတွင်း ဆရာ ဆရာမ အင်အား ၁၄ ဦး ဖြင့် ညစဉ် စာသင်ကြားပေးခဲ့ကြောင်းလည်း သိရသည်။ **(စိုးညွန့်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အမြို့မြို့ အနယ်နယ် ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ Fonterra Company ရှိ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းနှင့် အော့ကလန်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၅

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် မတ် ၁၅ ရက် နံနက်ပိုင်းတွင် Fonterra Company သို့ ရောက်ရှိကြရာ ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr. Theo Spierings နှင့် ဥက္ကဋ္ဌ Mr. John Wilson က ဖောင်တီရာကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ၌ အထောက်အကူဖြစ်စေရန်အတွက် နို့စားနွားများကို တစ်ပိုင်တစ်နိုင် မွေးမြူနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အလားအလာများ၊ ရှမ်းပြည်နယ်အတွင်း ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နွားမွေးမြူရေးလုပ်ငန်းကြီးများနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ မြန်မာနိုင်ငံတွင် တစ်ဦးချင်း နွားနို့သောက်သုံးမှုနှုန်းထားမြင့်မားရေးနှင့် ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းအားမြင့်မားရေးအတွက် နို့တိုက်ကျွေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

Fonterra Company သည် နှစ်ပေါင်း(၁၀၀) သက်တမ်းရှိသည့် မွေးမြူရေးနှင့်သမဝါယမအသင်းနှစ်ခုတို့ကို ၂၀၀၁ ခုနှစ်တွင် ပေါင်း၍ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေး သမဝါယမအသင်းကြီးအဖြစ် ဖွဲ့စည်းခဲ့ပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၅၀၀ တို့၏ အစုရှယ်ယာဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင်အကြီးမားဆုံး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းကြီးဖြစ်ပြီး နယူးဇီလန်နိုင်ငံရှိ စက်ရုံ(၂၇) ရုံမှ တစ်နှစ်လျှင် နွားနို့(၁၇) ဘီလီယံလီတာကို ပြုပြင်ထုတ်လုပ်လျက်ရှိပြီး နိုင်ငံပေါင်း (၁၀၀) သို့ ဖြန့်ချိနိုင်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အော့ကလန် တက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်မှ Professor, Stuart McCutcheon နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်တို့ လိုအပ်ကြောင်း၊ ၎င်းတို့အနက် အရင်းအနှီးနှင့်နည်းပညာကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ ရရှိနိုင်ကြောင်း၊ သို့သော်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးကဏ္ဍမှသာ မွေးထုတ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ရှိပြီးဖြစ်သည့်တက္ကသိုလ်များကို အဆင့်မြင့်တင်ခြင်း၊ တက္ကသိုလ်ခြောက်ခုကို Center of Excellent များအဖြစ် ပြောင်းလဲဖွဲ့စည်းရန် ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်များ အဆင့်မြင့်တင်နိုင်ရေးအတွက် အမေရိကန်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နယူးဇီလန်နိုင်ငံ အော့ကလန်တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံ တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံမှပညာတော်သင်ကျောင်းသားအချို့ လာရောက်သင်ကြားနေသည်ကို သိရှိရကြောင်း၊ နောင်တွင်ပညာသင်များကို ယခုထက် ပိုမိုလက်ခံပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမြအေး၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမြင့်တို့က အော့ကလန်တက္ကသိုလ်နှင့် အင်္ဂလိပ်စာ၊ အဏ္ဏဝါသိပ္ပံပညာ၊ ပြည်သူ့ကျန်းမာရေး၊ ဘူမိသိပ္ပံ စသည့် ဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဘူမိသိပ္ပံပညာရပ်ဌာနမှ မြေငလျင်တိုင်းတာမှုဆိုင်ရာ ရှင်းလင်းပြသမှုများကို လေ့လာကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အော့ကလန်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာတိုနီဘလဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုး၊ ဦးစောလှထွန်းနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

မို့ ဟိုတယ်တွေ အသစ်တည်ဆောက်ဖို့အတွက် ပြင်သစ်နိုင်ငံမှ ဟိုတယ်လုပ်ငန်းရှင်တွေက စီစဉ်နေပါတယ်” ဟု ၎င်းကပြောကြားသည်။

ပြင်သစ်နိုင်ငံမှ အက်ကာအုပ်စုအနေဖြင့် မြန်မာနိုင်ငံအတွင်း ဟိုတယ်အသစ်သုံးလုံးတည်ဆောက်ရန် စီစဉ်နေပြီး အဆိုပါဟိုတယ်သုံးလုံးကို ရန်ကုန်၊ နေပြည်တော်နှင့်မန္တလေးမြို့များ၌ တည်ဆောက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်ပြီး တည်ဆောက်ဆဲဟိုတယ်နှင့် စီးပွားရေးအဆောက်အအုံများမှာ စုစုပေါင်း ၃၆ ခုကျော် ရှိနေပြီဖြစ်သည်။

(မြန်မာ့အလင်း)

GOLDEN STAR Travels & Tours

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-7:30-9:30am 11 Mar
Mon to Thurs-1:00 - 3:00 pm 11, 25 Mar
Mon to Thurs- 5:00-7:00pm 11 Mar
Sat & Sun -9:00-12:00am 23 Mar
Sat & Sun - 12:30-3:30 pm 23 Mar
Mon to Thurs-7:30-9:30 am 25 Mar
Sat & Sun -3:00 - 6:00 Pm 30 Mar
Sat & Sun -3:45 - 6: 45pm 30 Mar

Pre-Intermediate English
Sat & Sun-12:30-3:30pm 23 Mar
Mon toThurs-5:00 - 7:00pm 25 Mar
Mon toThurs-10:30-12:30am 1 Apr

Vocabulary Enrichment Course
Mon toThurs- 3:30-5:00pm 4 Mar

Grammar Foundation Course
Mon to Thurs- 1:00- 2:30 pm 18 Mar
Sat & Sun - 9:00 - 12:00 am 30 Mar

Basic Writing Course
Mon to Thurs - 3:00-5:00 pm 11 Mar
Sat & Sun - 3:45 - 6:15 pm 23 Mar
Mon to Thurs - 10:00 - 12:00 am 25 Mar

Academic Writing Course
Sat & Sun - 5:00 - 7:00 pm 30 Mar

Academic Preparation For IELTS (API)
Mon to Thurs-10:30 - 12:30 am 25 Mar
IELTS Sat & Sun - 10:30 - 12:30am 30 Mar
IELTS(speaking) Sat & Sun - 1:00-3:30pm 30 Mar
SAT Mon to Thurs 3:30 - 5:00 Pm 25 Mar

နွေရာသီကလေးများအတွက်
အင်္ဂလိပ်စကားပြောသင်တန်းများ
LEVELS I, II & III
MON TO THUR 7:30-9:30AM 18.3.2013

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. ☎ 243950

နိုင်ငံတကာသတင်း

ဗီယက်နမ်နိုင်ငံ၌ ပီရူးသံရုံးဖွင့်မည်

လီမာ မတ် ၁၅

ဗီယက်နမ်နိုင်ငံတွင် သံရုံးဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သံရုံးဖွင့်လှစ်နိုင်မှုကြောင့် အပြန်အလှန်ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နှစ်နိုင်ငံယဉ်ကျေးမှု ဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း ပီရူးအရာရှိများက မတ် ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပီရူးနှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် ၁၉၉၄ ခုနှစ်ကတည်းက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ တစ်ဖန် ပီရူးနိုင်ငံ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားရေးမူဝါဒလည်း ပြောင်းလဲလာခဲ့ပြီဖြစ်ကြောင်း ပီရူးနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဖော်ကြေညာခဲ့သည်။

ယင်းမှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလက ဟိုနိုလူလူတွင် ကျင်းပခဲ့သော (၁၉)ကြိမ်မြောက် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၌ ပီရူးနှင့် ဗီယက်နမ် နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံဆွေးနွေးကာ ဆုံးဖြတ်ချက်များချခဲ့ကြခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တရုတ်သမ္မတအဖြစ် ရှီကျင့်ဖျင်အား ရွေးချယ်

ပေကျင်း မတ် ၁၅

တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏သမ္မတနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌအဖြစ် မတ် ၁၄ ရက်က ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ထိုသို့ ရွေးချယ်တင်မြှောက်ခြင်းကို (၁၂) ကြိမ်မြောက် အမျိုးသား ပြည်သူ့ကွန်ဂရက်(အင်န်ပီစီ)၏ ပထမအကြိမ်မျက်နှာစုံညီအစည်းအဝေး၌ ရှီကျင့်ဖျင်ကို ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် ကျန်ဒီကျင်းကိုလည်း ရွေးချယ်ခဲ့ကြသည်။

တစ်ဖန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတအဖြစ်လည်း လီယွမ်ချောင်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ လစ်လပ်သွားသည့် တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ) အမြဲတမ်းကော်မတီ၏အထွေထွေအတွင်းရေးမှူးနေရာတွင် ဝမ်ချန်ကို တာဝန်ပေးရန်လည်းသဘောတူညီခဲ့ကြသည်။ ထို့အပြင် (၁၂) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီအဖွဲ့ဝင် ၁၆၁ ဦးကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **(ဆင်ဟွာ)**

အာဂျင်တီးနားမှ မာရီရိုဘက်ဂိုလီယို ပုပ်ရဟန်းမင်းကြီး အသစ်ရွေးချယ်ခံရ

ဗာတီကန်စီးတီး မတ် ၁၅

အာဂျင်တီးနားနိုင်ငံမှ မာရီရိုဘက်ဂိုလီယိုအား ပုပ်ရဟန်းမင်းကြီး အသစ်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ရာ နှစ်ပေါင်း ၁၃၀၀ ခန့်အတွင်း ဥရောပနိုင်ငံသားမဟုတ်သည့် ပထမဆုံးပုပ်ရဟန်းမင်းကြီးဖြစ်လာကြောင်း မတ် ၁၄ ရက်က သတင်းထုတ်ပြန်သည်။

ပုပ်ရဟန်းမင်းကြီးအသစ် ရွေးချယ်တင်မြှောက်ပွဲကို ထောင်ပေါင်းများစွာသောပြည်သူတို့က ဗာတီကန်စီးတီးပြည်သူ့ရင်ပြင်၌ စောင့်မျှော်ကြည့်ရှုခဲ့ကြသည်။ ပုပ်ရဟန်းမင်းကြီး မာရီရိုဘက်ဂိုလီယိုသည် လက်တင်အမေရိကကိုယ်စားပြု ပထမဆုံးပုပ်ရဟန်းမင်းကြီးလည်း ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး မာရီရိုဘတ်ဂိုလီယိုသည် ကမ္ဘာတစ်ဝန်းမှ ခရစ်ယာန်ဘာသာဝင် ၁ ဒသမ ၂ ဘီလီယံခန့်ကို ဦးဆောင်ရမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ကမ္ဘာ့အသေးငယ်ဆုံး စာအုပ် ဂျပန်နိုင်ငံက ပုံနှိပ်ထုတ်ဝေ

တိုကျို မတ် ၁၅

ဂျပန်နိုင်ငံ ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီတစ်ခုက စာရွက်တစ်မျက်နှာစီလျှင် ဒသမ ၀၃ လက်မသာရှိသော ကမ္ဘာ့အသေးငယ်ဆုံးစာအုပ်ဟု ယုံကြည်ရသည့်စာအုပ်ကို ဖန်တီးထုတ်ဝေခဲ့ကြောင်း မတ် ၁၄ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါစာအုပ် **(အပေါ်ပုံ)**တွင် ပန်းပွင့်များ၏အမည်များနှင့် ရေးဆွဲထားသည့် ရုပ်ပုံများပါရှိကြောင်း၊ ယင်းစာအုပ်ကို ပကတိမျက်စိဖြင့် ဖတ်ရှု၍ မရနိုင်ကြောင်း၊ မှန်ဘီလူးတစ်ခုအပါအဝင် ဆိုက်ကြီးကော်ပီတစ်အုပ်လျှင် အမေရိကန်ဒေါ်လာ ၃၀၅ ဒေါ်လာဖြင့် ရောင်းချခဲ့ရကြောင်း တော့ပန်ပုံနှိပ်လုပ်ငန်းကုမ္ပဏီမှ ပြောကြားချက်ကို သည်ဒေးလ်လီးတယ်လီဂရပ်ဖ်သတင်းစာက မတ် ၁၃ ရက်တွင် ဖော်ပြသည်။

ယင်းစာအုပ်ကို ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းပြုစုရေးအဖွဲ့သို့ တင်ပြထားခဲ့ကြောင်း၊ လောလောဆယ်တွင် ချာမီလွန်ဟုခေါ်သော စာမျက်နှာ ၃၀ ပါ ရုရှားစာအုပ်သည် ကမ္ဘာ့အသေးငယ်ဆုံးစာအုပ်အဖြစ် စာရင်းဝင်လျက်ရှိသည်။ **(ဆင်ဟွာ)**

ဆီးရီးယားနိုင်ငံအတွင်းမှ ရုရှားနိုင်ငံသားများအား လေယာဉ်ဖြင့်ကယ်ထုတ်

မော်စကို မတ် ၁၅

ဆီးရီးယားနိုင်ငံအတွင်းမှ ရုရှားနိုင်ငံသားများနှင့် အခြားနိုင်ငံများမှ နိုင်ငံသား ၁၀၀ ကျော်ကို ကယ်ထုတ်နိုင်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

ဆီးရီးယားနိုင်ငံအတွင်းရှိ ရုရှားနိုင်ငံသား ၆၄ ဦးနှင့် အခြားနိုင်ငံသားများကို ရုရှားအရေးပေါ်အခြေအနေဆိုင်ရာဝန်ကြီးဌာနက လေယာဉ်တစ်စင်းဖြင့် ကယ်ထုတ်ပေးနိုင်ခဲ့သည်။ အခြားနိုင်ငံသားများမှာ ယူကရိန်း၊ ဘီလာရုစ်၊ ကာဇက်စတန်၊ မော်ဒိုဗာနှင့် ဥဇဘတ်ကစ္စတန်တို့မှ ဖြစ်သည်။ ရုရှားလေယာဉ်ဖြင့် ကယ်ထုတ်နိုင်ခဲ့သော လူများမှာ စုစုပေါင်း ၁၀၃ ဦးဖြစ်သည်။ တစ်ဖန် ရုရှားနိုင်ငံမှ လေယာဉ်တစ်စင်းဖြင့် စားနပ်ရိက္ခာတန်ချိန် ၁၁ တန်ကို လူသားချင်းစာနာထောက်ထားမှုအရ ဆီးရီးယားနိုင်ငံ လာကာကီးရားမြို့သို့ ဖြန့်ဝေပေးခဲ့သည်။

ထို့အတူ ရုရှားနိုင်ငံက ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၉ ရက်ကလည်း လေယာဉ်နှစ်စင်းဖြင့် လူသားချင်းစာနာထောက်ထားမှုအရ စားနပ်ရိက္ခာ ၄၆ တန်ကို ဆီးရီးယားကမ်းခြေမြို့ဖြစ်သည့် လာကာကီးရားမြို့သို့ ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် ဆီးရီးယားနိုင်ငံအတွင်းမှ အခြားမဲနသဟာယနိုင်ငံများမှ နိုင်ငံသားများကိုလည်း ရုရှားနိုင်ငံက လေယာဉ်များဖြင့် ကယ်ထုတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ **(ဆင်ဟွာ)**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် လစ်ဗျားဝန်ကြီးချုပ်တို့ တွေ့ဆုံ

နယူးယောက် မတ် ၁၅

အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် လစ်ဗျားနိုင်ငံသို့ သံအမတ်သစ်တစ်ဦးအဖြစ် ဝါရင့်အမေရိကန်အမျိုးသမီးသံတမန်တစ်ဦးကို ရွေးချယ်ခန့်အပ်ခဲ့ပြီးနောက် အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ချစ်ကြည်ရေးခရီးအဖြစ် ရောက်ရှိလာသည့် လစ်ဗျားဝန်ကြီးချုပ် အလီဇီဒန်ကို အိမ်ဖြူတော်တွင် မတ် ၁၄ ရက်က လက်ခံတွေ့ဆုံခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဆောင်ရွက်ပေးခဲ့

ယင်းနေ့က တွေ့ဆုံရာတွင် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၁ ရက်က လစ်ဗျားနိုင်ငံ ဘန်ဟာဇီမြို့ရှိ အမေရိကန်သံရုံး၌ အမေရိကန်ကို ဆန့်ကျင်ဆန္ဒပြမှုဖြစ်ပွားပြီးနောက် အမေရိကန်သံတမန်တစ်ဦး သေဆုံးခဲ့သည့် ကိုယ်ထိလက်ရောက်ပြစ်မှုကျူးလွန်မှုများကို ရှာဖွေရာတွင် လစ်ဗျားအစိုးရအား ကူညီရန် လိုအပ်ချက်ကို အမေရိကန် သမ္မတဘားရက်အိုဘားမားက အဆင့်ဆင့်အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း မတ် ၁၅ ရက်ကထုတ်ပြန်သည့် သည်နယူးယောက်တိုင်းမ်သတင်းစာတွင် ဖော်ပြသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် လစ်ဗျားနိုင်ငံထူထောင်ဖွဲ့စည်းမှုများ တောင့်တင်းခိုင်မာစေမည့် နည်းလမ်းများကိုလည်း ဆွေးနွေးကြခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် - စုစည်းသည်

အစ္စရေးညွန့်ပေါင်း အစိုးရဖွဲ့မည်

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ညွန့်ပေါင်းအစိုးရ တစ်ရပ် ဖွဲ့စည်းရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်း၏ လီကွတ်ရစ္စရေး ဘိုက်တင်နုပါတီသည် ရက်ချ်အတစ်၊ ဟက်နွာ၊ ဂျူးဟုမ်းပါတီတို့နှင့်အတူ ညွန့်ပေါင်းအစိုးရ တစ်ရပ်ဖွဲ့စည်းသွားရန် သဘောတူညီလိုက်သည်။

မစ္စတာ နေတန်ယာဟုသည် ၎င်း၏ မဟာမိတ် ပါတီများဖြစ်သည့် ရှားစ်နှင့် ယူနိုက်တက်တိုရပ်တို့နှင့် လမ်းခွဲရတော့မည့် အနေအထားသို့ ရောက်ရှိနေသည်။

တောင်အာဖရိကကျောင်းသူ ၂၈ ရာခိုင်နှုန်း အိတ်ချ်အိုင်ဗွီဖြစ်ပွား

တောင်အာဖရိက ကျောင်းသူများသည် ယောကျ်ားလေးများ၏ အိတ်ချ်အိုင်ဗွီကူးစက်ခံရမှု ၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ကျောင်းသူများ၏ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရမှုမှာ အနည်းဆုံး ၂၈ ရာခိုင်နှုန်းအထိ တိုးလာသည်ဟု ဆိုသည်။

တောင်အာဖရိက ပြည်သူ ၁၀ ရာခိုင်နှုန်းသည်လည်း အိတ်ချ်အိုင်ဗွီ ကူးစက်ခံနေရကြောင်း သက်ဆိုင်ရာ စာရင်းဇယားများတွင် ဖော်ပြသည်။

အီရတ်ဝန်ကြီးဌာနများ ပစ်မှတ်ထား တိုက်ခိုက်လာ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ အစိုးရ အဆောက်အအုံများကို ဗုံးခွဲတိုက်ခိုက်မှုများနှင့် သေနတ်ပစ်ခတ်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် လူ ၁၈ ဦး သေဆုံးသွားခဲ့သည်။

အီရတ်နိုင်ငံတွင် ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် အကြမ်းဖက်မှုများ အမြင့်ဆုံး ရောက်ခဲ့ပြီးနောက် ပြန်လည် ကျဆင်းသွားသော်လည်း ပုံမှန် ဗုံးခွဲမှုနှင့် သေနတ်ပစ်ခတ်မှုများမှာ ပုံမှန်ဖြစ်ပွားနေဆဲဖြစ်သည်။

မြင့်မောင်စိုး - စုစည်းသည်

နိုင်ငံတကာသတင်း

ဟင်းချက်ဆီဖြင့် လေယာဉ်ပျံသန်းမှုများ ပြုလုပ်

သည်ဟိတ် မတ် ၁၅

ဒတ်ချ်လေကြောင်းလိုင်း ဖြစ်သည့် ကေအယ်လ်အမ်က မီးဖိုချောင်သုံးဟင်းချက်ဆီကို အသုံးပြုပြီး လေယာဉ်ပျံသန်းမှုကို ယခုရက်ပိုင်းအတွင်း စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ဟင်းများချက်ပြုတ်ရာတွင် အသုံးပြုသည့်ဆီကို လေယာဉ်ဆီအစား အသုံးပြုကာ ဒတ်ချ်လေကြောင်းလိုင်း ဖြစ်သည့် ကေအယ်လ်အမ်လိုင်းမှ လေယာဉ်များက ပါရီမြို့နှင့် အက်စ်ချီဟိုမြို့အကြား အကြိမ်ကြိမ်စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့သည်။

အောင်မြင်မှုရရှိခဲ့

ထိုသို့ စမ်းသပ်ပျံသန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ ပထမဆုံး လေကြောင်း ခရီးစဉ်အဖြစ် မတ် ၉ ရက်က စတင်ပျံသန်းခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

အမ်စတာဒမ်မြို့နှင့်နယူးယောက်မြို့အကြား ခရီးစဉ်ပျံသန်းပြေးဆွဲမှု အောင်မြင်ခဲ့သဖြင့် လာမည့်သီတင်းပတ် ၂၅ ပတ်အကြာတွင် အပတ်စဉ်ကြာသပတေးနေ့တိုင်း အဆိုပါ ဟင်းချက်ဆီသုံးလေယာဉ်ဖြင့် ခရီးသည်များကို ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။

ဒတ်ချ်လေကြောင်းလိုင်း ကေအယ်လ်အမ်သည် ထိုသို့ဇီဝလောင်စာဆီဖြင့် အစားထိုးကာ လေယာဉ်များ ပျံသန်းပြေးဆွဲနိုင်ရေးအတွက် ၂၀၀၉ ခုနှစ်ကတည်းက စမ်းသပ်မှုများပြုလုပ်ခဲ့သည်။ ထိုသို့စမ်းသပ်ပျံသန်းရာတွင် အမ်စတာဒမ်မြို့နှင့် ပါရီမြို့အကြား လေယာဉ်ခရီးစဉ်ပေါင်း ၂၀၀ ခန့်ရှိခဲ့သည်။

ထို့အပြင် ကေအယ်လ်အမ်လေကြောင်းလိုင်းသည် ၂၀၁၂ ခုနှစ်ကလည်း ဟင်းချက်ဆီကို အသုံးပြုကာ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့မှ ရီယိုဒီဂျနေးရိုးမြို့သို့ လေယာဉ်ခရီး ပျံသန်းပြေးဆွဲမှုများ ပြုလုပ်ခဲ့ခြင်းဖြင့် နိုင်ငံတကာ လေကြောင်း ခရီးပျံသန်းမှုတွင် ဟင်းချက်ဆီကိုအသုံးပြု လေယာဉ်ခရီးစဉ်အဖြစ် ဝင်ရောက်နိုင်ခဲ့သည်။

ကြိုးစား

ဟင်းချက်ဆီ အသုံးပြုကာ လေယာဉ်များ မောင်းနှင်ပျံသန်းမှုကို နိုင်ငံတကာလေကြောင်းနှင့် မူဝါဒချမှတ်သူများ၊ လေယာဉ်ထုတ်လုပ်သူများက ပိုမိုကောင်းမွန်သော ဇီဝလောင်စာဆီများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရန်ကြိုးစားလျက်ရှိသည်။

ပြုလုပ်လျက်

ဇီဝလောင်စာဆီများ ပိုမိုထုတ်ယူနိုင်ရေးအတွက် ၂၀၂၀ခုနှစ်တွင် ဥရောပ၌ ဇီဝလောင်စာဆီတစ်နှစ်လျှင် တန်ချိန်နှစ်သန်းခန့် ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်ရေး အစီအမံများပြုလုပ်လျက်ရှိသည်။

> “ဟင်းချက်ဆီဖြင့် လေယာဉ်ပျံသန်းနိုင်ခြင်းသည် ကမ္ဘာ့လေကြောင်းလုပ်ငန်းတွင် ကြီးမားသောပြောင်းလဲမှု တစ်ရပ် ဖြစ်လာ”

ဒတ်ချ်လေကြောင်းလိုင်း ကေအယ်လ်အမ်အနေဖြင့် လာမည့် ၂၀၁၅ ခုနှစ်တွင် ၎င်းတို့၏ လေကြောင်းလိုင်းမှ လေယာဉ်ခရီးစဉ် တစ်ရာခိုင်နှုန်းကို ဟင်းချက်ဆီလောင်စာစွမ်းအင်အသုံးပြုကာ ပျံသန်းရန် စီစဉ်ထားသည်ဟု ကေအယ်လ်အမ်မှ ဒါရိုက်တာ ကာမီလ်အာလင်းက ပြောကြားသည်။

တက်လှမ်း

“ဟင်းချက်ဆီကို အသုံးပြုပြီး ကျွန်တော်တို့ရဲ့ လေယာဉ်ခရီးစဉ်အားလုံး ပျံသန်းဖို့တော့ လောလောဆယ်မပြုလုပ်နိုင်သေးပါဘူး။ အခုလို အနေအထားမျိုး လေယာဉ်တွေ ပျံသန်းနိုင်တာက ကြီးမားတဲ့အပြောင်းအလဲတစ်ရပ်ဖြစ်ပြီး အဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။

ပျံသန်းနိုင်

ဟင်းချက်ဆီဖြင့် လေယာဉ်ပျံသန်းနိုင်ခြင်းသည် ကမ္ဘာ့လေကြောင်းလုပ်ငန်းတွင် ကြီးမားသော ပြောင်းလဲမှုတစ်ရပ် ဖြစ်လာကာ ဒတ်ချ်လေကြောင်းလိုင်း ကေအယ်လ်အမ်သည်လည်း ဟင်းချက်ဆီဖြင့် မောင်းနှင်သည့် ပထမဆုံးလေကြောင်းလိုင်း ဖြစ်လာသည်။

(ဆင်ဟွာ)

မိုးမြင့်လင်းလက် - ရေးသည်

တာရှည်ခံအသားခြောက်များ စားသုံးခြင်းက အရွယ်မတိုင်မီ သေဆုံးမှုအန္တရာယ်များ

အစားအစာများကို တာရှည်ခံရန်အတွက် ဓာတုနည်းများ အသုံးပြုကြသည်။ ထိုကဲ့သို့သော အစားအစာများသည် ကျန်းမာရေးအတွက် အန္တရာယ်ကြီးမားကြောင်း ဥရောပသုတေသနပညာရှင်များက ဆိုသည်။

ဝက်အူချောင်း၊ ကြက်အူချောင်း၊ ဝက်ပေါင်ခြောက်၊ ဝက်သားဆားနယ်နှင့် အခြားသော တာရှည်ခံ အစားအစာအခြောက်များသည် အရွယ်မတိုင်မီ သေဆုံးနိုင်သည့် ဘေးအန္တရာယ် ပိုမိုများကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၎င်းပညာရှင်အဖွဲ့သည် ဥရောပ ၁၀ နိုင်ငံမှ လူပေါင်း သန်းဝက်ခန့်ကို သုတေသနပြုစောင့်ကြည့်ကာ ဗြိတိသျှဂျာနယ် BMC တွင် ကျန်းမာရေးစာတမ်း ရေးသားဖော်ပြခဲ့သည်။

တာရှည်ခံအသားခြောက်များ စားသုံးမှုများပြားလေ အန္တရာယ်ပိုများလေဖြစ်ကြောင်း၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့်ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်ကြောင်း၊ အသားများ တာရှည်ခံအောင် ဓာတုဆေးများသုံးစွဲရသဖြင့် ယင်းအကျိုးဆက်က ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ဂျာနယ်တွင်ရေးသားဖော်ပြထားသည်။

သုတေသနတွင် ပါဝင်သူများကို ၁၃ နှစ်ကြာ စောင့်ကြည့်ပြီးနောက် အသားခြောက်များစားသုံး၍ အသက်အန္တရာယ်ရှိမှုတို့ ဆက်နွယ်သည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆားနယ်အသားခြောက်များ စားသုံးသူများအတွက် ကျန်းမာရေး အသက်ဘေးအန္တရာယ်သည် ၄၄ ရာခိုင်နှုန်းမြင့်မားစွာရှိသည်ဟု ဆိုသည်။ ထိုအသားများ စားသုံးသည့် အကြိမ်ရေများလေ အရွယ်မတိုင်မီ သေဆုံးမှု အန္တရာယ်ပိုများလေဖြစ်ကြောင်း သိရသည်။

အသားခြောက်များ စားသုံးမှုများပြားလွန်းလျှင် နှလုံးရောဂါကြောင့် အရွယ်မတိုင်မီ သေဆုံးမှုနှုန်း ၇၂ ရာခိုင်နှုန်း မြင့်မားကြောင်း၊ ကင်ဆာရောဂါဖြစ်ပွားကာ သေဆုံးမှုအန္တရာယ်မှာ ၁၁ ရာခိုင်နှုန်းရှိကြောင်း သုတေသနစာတမ်းတွင် ရေးသားဖော်ပြထားသည်။

“အလုံးစုံခြုံပြီး ပြောရရင် တစ်နေ့ကို အသားခြောက် ၂၀ ဂရမ် အောက်စားသုံးခဲ့ရင် နှစ်စဉ်နှစ်တိုင်း အချိန်မတိုင်မီ သေဆုံးမှုနှုန်း သုံးရာခိုင်နှုန်းကို တားဆီးနိုင်ကာ လျော့ပါးသွားစေမှာ ဖြစ်ပါတယ်” ဟု သုတေသနကို ဦးစီးသူ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်မှ ဆာဘင်းဂိုဟာမိန်းက ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသည်

ထိုင်းဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်ဦးရေများပြားနေ

ထိုင်းနိုင်ငံတွင် ဆယ်ကျော်သက်အရွယ်များ ကိုယ်ဝန်ဆောင်နှုန်းသည် အရှေ့တောင်အာရှ ဒေသတွင်း၌ လာအိုပြီးလျှင် အများဆုံးဖြစ်ကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန မျိုးဆက်ပွား ကျန်းမာရေးဗျူရိုက သတင်းထုတ်ပြန်သည်။

စာရင်းအချက်အလက်များအရ အရွယ်စုံ အမျိုးသမီးများ ကိုယ်ဝန်ဆောင်နှုန်း ကျဆင်းလျက်ရှိသော်လည်း ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်အရေအတွက်သည် တက်ရိပ်ပြလျက်ရှိသည်ဟုဆိုသည်။

ထိုင်းနိုင်ငံတွင် ကလေးမွေးဖွားသူဦးရေ ၁၀၀၀ တွင် ၅၄ ဦးသည် အသက် ၁၇ နှစ်နှင့် ၁၉ နှစ် အကြား ဆယ်ကျော်သက် မိခင်များဖြစ်ကြောင်း၊ ယင်းနှုန်းထားသည် အမေရိကန်နိုင်ငံထက် ပိုများပြီး စင်ကာပူနိုင်ငံ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်နှုန်းထက် ဆယ်ဆပိုများသည်ဟု သိရသည်။

ထိုင်းနိုင်ငံ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်နှုန်းသည် မြင့်တက်လျက်ရှိပြီး ၂၀၀၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား ကိုယ်ဝန်ဆောင်မီးဖွားမှုနှုန်း ၄၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ထိုင်းနှစ်ပတ်လည် လူထုကျန်းမာရေး အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုအရေးကိစ္စတွင် အရင်းခံအကြောင်းတရားများစွာ ရှိနေသော်လည်း လိင်ပိုင်းဆိုင်ရာဆွေးနွေးမှုများ ပွင့်လင်းမှုမရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများအပေါ် ကျန်းမာရေးပါရဂူများက ထောက်ပြကြသည်။

လိင်ပိုင်းဆိုင်ရာ ပြဿနာများကြောင့် ခက်ခဲရှုပ်ထွေးမှုများ ဖြစ်စေကြောင်း၊ ထိုင်းမိန်းမပျိုများက မျိုးဆက်ပွားအင်္ဂါဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရမည်ကို ရှက်ရွံ့ စိုးထိတ်မှုများ ရှိနေကြခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ထိုင်းနေရှင်နယ် လူ့အခွင့်အရေးကောင်စီမှ အုပ်ချုပ်ရေးမင်းကြီးဖြစ်သူ ဝိဆာဘင်ဂျာမာနိုက ပြောကြားခဲ့သည်။



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ်အားတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိ ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan အား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထို့သို့ လက်ခံတွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်တင်အောင်စန်း၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်မှူးချုပ်လွင်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ရဲဝင်းတို့ တက်ရောက်ကြပြီး H.E.Mr. Wang Yingfan နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စစ်သံမှူး Senior Colonel Xiong Shawei နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးခဲ့

တွေ့ဆုံပွဲတွင် အာရှရေးရာဌာန အထူးကိုယ်စားလှယ်က ခရီးစဉ်ရည်ရွယ်ချက်အပါအဝင် နှစ်နိုင်ငံ မဟာဗျူဟာမြောက်ဘက်စုံ မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှုအပေါ် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနမှ အထူးကိုယ်စားလှယ် H.E. Mr. Wang Yingfan အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေချိုရေကောင်းများ ညစ်ညမ်းရေမဖြစ်စေရေး

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် စာရေးသူ၏ " ရေအရေး ပူးပေါင်းပါဝင် ဆောင်ရွက်ပေး" ဆောင်းပါးကို ဖတ်ရှုရသည့် မုံရွာနယ်ဘက်မှ မိတ်ဆွေရင်းတစ်ဦးက " ဆရာ ရေးထားတဲ့ ရေချိုအရင်းအမြစ်တွေ တဖြည်းဖြည်းလျော့နည်းရတဲ့အကြောင်းအရင်းတွေထဲမှာ ကျွန်မ တစ်ချက် ထပ်ဖြည့်ချင်ပါတယ်။ ကျွန်မတို့ နယ်မှာရှိတဲ့ ချင်းတွင်းမြစ်ရေက အရင်တုန်းကဆို မိုးတွင်းကလွဲရင် ကြည်ပြီးစိမ်းနေတာပဲ။ အခုတော့ မြစ်ညာမှာ ရွှေကျင်တဲ့သူတွေသုံးတဲ့ ဓာတုပစ္စည်းတွေကြောင့် ရေတွေနောက်ကုန်ပြီး မကြည်တော့ဘူး။ ကျွန်မတို့တစ်သက်လုံး သောက်လာခဲ့တဲ့မြစ်ရေ အခုသောက်လို့မရတော့ဘူးဆရာ" ဟု ပြောပါသည်။

မကွေးတိုင်းဒေသကြီး အောင်လံမြို့တွင် စက်ရုံအချို့မှ စွန့်ပစ်ရေများကြောင့် ဧရာဝတီမြစ်ရေကို သောက်ရေနှင့်ချိုးရေအဖြစ် သုံးစွဲ၍ မရတော့ကြောင်း၊ မြစ်ရေများမှာ ဝါနေကြောင်း၊ အသားအရေနှင့်ထိလျှင် ယားယံကြောင်း၊ သောက်သုံးရေခက်ခဲမှုကြောင့် ရေတစ်စည်ကို ငွေငါးရာဖြင့် ဝယ်ယူသုံးစွဲနေကြရကြောင်း၊ မီးသတ်တပ်ဖွဲ့နှင့် ရေအလှူရှင်များ၏ ရေလှူဒါန်းမှုများကို အားကိုးနေကြရကြောင်း၊ အချို့ရပ်ကွက်နှင့်ရွာများရှိ လူပေါင်း ၁၅၀၀၀ ခန့်သည် ရေအခက်အခဲဖြင့် ကြုံတွေ့နေကြရကြောင်း ဖေဖော်ဝါရီ ၁၈၊၂၄ -၂၀၁၃ ရက်ထုတ် ' The Voice Weekly ' ဂျာနယ်တွင် ဖတ်ရှုရပါသည်။

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်း၊ ကျုံပျော်၊ ဟင်္သာတ၊ သာပေါင်းနှင့် ရေကြည်မြို့နယ်များရှိ ကျောင်းပေါင်း ၉၁ ကျောင်း၏ ပတ်ဝန်းကျင်ရှိ ရေများတွင် အာဆင်းနစ်ပါဝင်မှု မြင့်မားနေသည်ကို ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ " ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအစီအစဉ် " ၏ သုတေသနပြုလေ့လာစမ်းသပ်မှုများအရ သိရှိရကြောင်း၊ ကျောင်းအနီးပတ်ဝန်းကျင်တွင် ခဲရည်ကျိုခြင်း၊ သတ္တုအရည်ကျိုလုပ်ငန်းများ လုပ်ကိုင်ခြင်းကြောင့် မြေအောက်ရေများတွင် အာဆင်းနစ်ပါဝင်မှုနှုန်းမြင့်မားနေခြင်းဖြစ်ကြောင်း၊ WHO ၏ သတ်မှတ်ချက်အရ အာဆင်းနစ်ပါဝင်မှုနှုန်းသည် ၁၀ppb (parts per billion) ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ၅၀ ppb ထား၍သုံးစွဲနေရကြောင်း၊ ၇၀ppb ထက်များသော သောက်သုံးရေများကို သောက်မိပါက အရေပြားဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများဖြစ်ပေါ်နိုင်ကြောင်း၊ လုပ်ငန်းခွင် ကျန်းမာရေးဌာနက ကျောင်းပတ်ဝန်းကျင်တွင် အာဆင်းနစ်ပါဝင်မှုကို လျှော့ချရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အထက်ဖော်ပြပါဂျာနယ်၌ပင် ပါရှိသည့် သတင်းတစ်ပုဒ်အရ သိရှိရပါသည်။

၁၈-၂-၂၀၁၃ရက်ထုတ် Messager ဂျာနယ်တွင်လည်း မန္တလေးစက်မှုဇုန်များနှင့် ပတ်ဝန်းကျင်စက်ရုံများမှ ရေဆိုးများ စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် တောင်သမန်အင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ဂေဟစနစ်များ ထိခိုက်စေခြင်း၊ အနံ့ဆိုးများနှင့် ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် ယင်းရေများသည် ဒုဌဝတီမြစ်မှတစ်ဆင့် ဧရာဝတီမြစ်အတွင်းသို့ ရောက်ရှိသွားသည့်အခါ မြစ်ရေသန့်ရှင်းမှုကို ထိခိုက်စေကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းသို့ စီးဝင်လျက်ရှိသော မဲဇာချောင်းရေနှင့် လေးတန်ချောင်းရေများသည် ချောင်းဖျားများ၌ တရားမဝင် ရွှေတူးဖော်မှုများကြောင့် ရွှံ့နွံများဖြင့် ညစ်ညမ်းလျက်ရှိကြောင်း၊ ချောင်းဘေးနေလူများ ချိုးရေ သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေကြရကြောင်း၊ ကျွဲနွားများပင် သောက်သုံး၍ မရတော့ကြောင်း ဖေဖော်ဝါရီ ၁၉၊ ၂၅- ၂၀၁၃ ရက်ထုတ် The Flowers News ဂျာနယ်တွင်လည်း ဖတ်ရှုရပါသည်။

ရန်ကုန်မြို့ အလုံကမ်းနားမှာနေသည့် မိတ်ဆွေရှေ့နေတစ်ဦး ပြောပြခဲ့သည်ကိုပါ သတိရသွားပါသည်။ "ကျွန်မတို့ အရင်က ဂျိုးဖြူရေသုံးနေကျမနှစ်က ဂျိုးဖြူရေက လုံလုံလောက်လောက်မရတော့ အဝီစိတွင်းတူးပါတယ်။ အဝီစိရေကငန်နေတော့ ဆရာရေးတဲ့"ရေခြေရာ"စာအုပ်ထဲက ပင်လယ်ကမ်းခြေနဲ့ နီးတဲ့ဒေသတွေမှာ မြေအောက်ရေတွေကို တရားလွန်ထုတ်ရင် ပင်လယ်ရေငန်တွေ ကုန်းတွင်းပိုင်းကို လိုက်လာတတ်တယ်ဆိုတာ သွားသတိရတယ်။ ကျွန်မတို့အခု ရေဝယ်သုံးနေရတာ ပိုက်ဆံတော်တော်ကုန်တယ် အဆင်လည်းမပြေဘူး" ပြောပြပါသည်။ ဤသို့ဖြစ်ပျက်နေရခြင်းသည်လည်း လူများ၏ ပယောဂကြောင့်ပင် ဖြစ်ပါသည်။

စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များသည် ရေလှူခြင်းဖြင့် မတောင်းဘဲနှင့် ရရှိနိုင်သော အကျိုး ၁၀ ပါးကို "ကြီးမြင့်သြဇာ ချမ်းသာပြည့်စုံ၊ ကိုယ်လုံခွန်ရဲ၊ ကာယံနူးညံ့၊ ကင်းလတ်ဥပဒ္ဒဝါ၊ ပြန့်ပြောစွာဂုဏ်၊ မြူမှုန်မကြောက်၊ လျောက်ပတ်ကိုယ်လက် မပျက်စီးပွား၊ အေးငြားကိုယ်စိတ်၊ ဆယ်ထွေမိန့်၊ မှတ်စိမ့်ရေလှူသူ" ဆိုသည့် ဝေနေယျသုခရေချမ်းစင်အသင်းမှ လင်္ကာအတိုင်း ငယ်စဉ်ကပင် သိရှိလက်ခံကြပြီး ရေချမ်းစင်၊ ရေသန့်ဘူး၊ ရေတွင်း၊ ရေကန်စသည့်ရေနှင့်ပတ်သက်သည့် အလှူများကို မိမိတို့တတ်စွမ်းသမျှ ပြုကြပါသည်။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်လှူဒါန်းခဲ့သော အာသောက ဘုရင်မင်းမြတ်မှသည် မိတ္ထီလာကန်ကို ဆည်ခဲ့သော အနော်ရထာဘုရင်၊ ရေတွင်း၊ ရေကန်၊ အဝီစိတွင်း၊ ရေလှောင်ကန်၊ ရေစက်၊ ရေကား စသည်များနှင့် ရေသယ်ရန်၊ ရေတင်ရန်၊ ဒီဇယ်၊ ဓာတ်ဆီ လှူဒါန်းခဲ့ကြသော အသင်းအဖွဲ့များ၊ အလှူရှင်များလည်း ခေတ်အဆက်ဆက်တွင် ရှိခဲ့ကြပါသည်။ ယခုလည်း ရေရှားပါးနေသည့် ဒေသများ၌ ရေလှူဒါန်းနေကြသည့် သတင်းကောင်းများကို ကြားသိနေရပါသည်။

ရေချိုရေကောင်းများကို သုံးစွဲ၍မရတော့သည့် ညစ်ညမ်းရေများဖြစ်အောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သူများကရော အထက်ဖော်ပြပါ ရေအကျိုးဆယ်ပါးနှင့် ပြောင်းပြန်ဖြစ်သည့် ဆိုးကျိုးများ မရရှိမခံစားရဘူးလားဟု လူငယ်တွေး တွေးမိပါသည်။

> **ယခုထုတ်ပြန်ထားသည့် နည်းဥပဒေများ အတိုင်း ပြည်သူလူထုက လိုက်နာကျင့်သုံးကြပြီး တာဝန်ရှိသူများကလည်း မှန်မှန်ကန်ကန် ကြီးကြပ်ကြမည်ဆိုပါက လက်ရှိကောင်းမွန်နေသော ရေချိုရေကောင်းများ ညစ်ညမ်းရေမဖြစ်နိုင်သကဲ့သို့ ယခုညစ်ညမ်းနေသည့်ရေများသည်လည်း တစ်ချိန်တွင် ပြန်လည်၍ကောင်းမွန်လာမည်**

မိမိတို့ မိဘဘိုးဘွား အစဉ်အဆက်က သုံးစွဲခဲ့သော မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ၊ တွင်းရေစသည့် ရေချိုရေကောင်းများ မိမိတို့၏ လက်ထက်ရောက်မှ မိမိတို့၏ စည်းကမ်းမဲ့မှုများနှင့် နိုင်ငံကြီးသားမပီသမှုများကြောင့် သုံးစွဲ၍မရသည့် ညစ်ညမ်းရေများ ဖြစ်သွားရသည်ကို တွေးမိတိုင်း စိတ်မကောင်းဖြစ်မိသည်သာမက ရှက်လည်းရှက်မိပါသည်။ ထို့ပြင် မိမိတို့၏ သားသမီးမြေးမြစ်များအား ဆိုးမွေများ ပေးခဲ့ရမည်ကိုလည်း တွေးတောပူပန်မိပါသည်။ သို့ရာတွင် ယခုပြုပြင်လိုက်လျှင် အချိန်မီပါသေးသည်။ ပို့ဆောင်ရေးဝန်ကြီးဌာနက " ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ"ကို ၂၂-၁-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ယင်းနည်းဥပဒေတွင် ပါရှိသော ရေအရင်းအမြစ်များအား ညစ်ညမ်းရေ မဖြစ်စေရေးနှင့်ပတ်သက်သည့် နည်းဥပဒေအချို့မှာ-

၈။ မည်သူမဆို-

(က) မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများစီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်းမရှိစေရန် ထိုပစ္စည်းများကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်ထား သည့် နိုင်ငံတကာစံနှုန်းနှင့်အညီသယ်ဆောင်ရမည်။

(ခ) ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြားပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်းမရှိစေရန် စနစ်တကျသယ်ဆောင်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်အကြေးများ ကျရောက်ခြင်းမရှိစေရန် ကမ်းပါးနှင့်ဝေးရာတွင် ယင်လုံအိမ်သာဆောက်ရမည်။ ထို့ပြင် မစင်နှင့်အညစ်အကြေးများအား စွန့်ကန်သို့ပိုက်ဖြင့် လုံခြုံစွာ စွန့်ပစ်ရမည်။

(ဃ) ရေထုမညစ်ညမ်းစေရန် မစင်နှင့် အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း၊ အဏုမြူဓာတ်ရောင်ခြည်သင့်ပစ္စည်းများနှင့် အခြားပစ္စည်းများကို **မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။**

(င) မည်သည့်အကြောင်းကြောင့်မျှ မြစ်ချောင်းများအတွင်းသို့ မစင်နှင့် အညစ်အကြေးများကို **စီးဝင်ခြင်း၊ စိမ့်ဝင်ခြင်းမရှိစေရန် လုံခြုံစိတ်ချရသည့် ကာကွယ်မှုများကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။**

၉။ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုကျူးလွန်သူသည် ရေထုညစ်ညမ်းမှုကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့အတွက် **ဦးစီးဌာန**က လိုအပ်၍ပြုပြင်ပေးရပါက ကုန်ကျစရိတ် ကာမိစေရန် လုံလောက်သောတန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၆၈။ **သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းတို့သည်** မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် **ဦးစီးဌာန၏ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။**

၆၉။ (ဂ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်း ပျက်စီးလာမှု၊ **ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။**

ထို့ကြောင့် ယခုထုတ်ပြန်ထားသည့် နည်းဥပဒေများအတိုင်း ပြည်သူလူထုက လိုက်နာကျင့်သုံးကြပြီး တာဝန်ရှိသူများကလည်း မှန်မှန်ကန်ကန် ကြီးကြပ်ကြမည်ဆိုပါက လက်ရှိကောင်းမွန်နေသော ရေချိုရေကောင်းများ ညစ်ညမ်းရေမဖြစ်နိုင်သကဲ့သို့ ယခုညစ်ညမ်းနေသည့် ရေများသည်လည်း တစ်ချိန်တွင် ပြန်လည်၍ကောင်းမွန်လာမည် ဖြစ်ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် ယခုနှစ်မြန်မာနိုင်ငံ၌ တစ်နှစ်ပတ်လုံး မိုးရွာသည့်ရက်ပေါင်းသည် ယခင်ကထက် လေးပုံတစ်ပုံခန့် လျော့နည်းသွားခြင်းကြောင့် မြစ်ချောင်းအင်းအိုင်များ၊ ရေတွင်းရေကန်များတွင် ရေပမာဏသိသာစွာ လျော့နည်း၍လာကြောင်း၊ အညာဒေသရှိ အချို့သောက်သုံးရေကန်များသည် နွေမတိုင်မီ ယခုအချိန်၌ပင် ခန်းခြောက်လျက်ရှိကြောင်း၊ အချို့ရေကန်များသည်လည်း ရေအလွန်နည်းနေပြီဖြစ်သဖြင့် နွေရာသီအတွက် မလုံလောက်နိုင်ကြောင်း ကြားသိနေရပါသည်။ ထို့ကြောင့် ရှိပြီးရေချိုရေကောင်းများသည် မိမိတို့၏ပယောဂကြောင့် ညစ်ညမ်းရေများ ဖြစ်မသွားစေရန် အလွန်အရေးကြီးလှပါသည်။ **"ရေလှူနိုင်အောင် ကြိုးစားပါ၊ ရေမလှူနိုင်လျှင် နေပါ၊ ရေချိုရေကောင်းများကို ညစ်ညမ်းရေများဖြစ်အောင် ပြုလုပ်သူမဖြစ်စေရန် ထိန်းသိမ်းကြပါ"** ဟု ဆန္ဒပြုအပ်ပါသည်။

လွှတ်တော်ရေးရာကဏ္ဍ

❊ ပြည်ထောင်စုလွှတ်တော်မှ

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းတွင် အပါအဝင်ဖြစ်သော ပြည်ပချေးငွေ၊ ပြည်ပအကူအညီ ရငွေနှင့် ဆက်နွှယ်နေသည့်အသုံးစရိတ်များမှာ ပြည်ပအကူအညီ ရငွေဖြင့် သုံးစွဲမည့် ငွေကျပ်သန်းပေါင်း (၉၂၃၂၉) သန်း၊ ပြည်ပချေးငွေဖြင့် သုံးစွဲမည့်ငွေကျပ်သန်းပေါင်း(၉၀၁၇၉၉) စုစုပေါင်း ကျပ် သန်း(၉၉၄၁၂၈)သန်း ဖြစ်ပါကြောင်း၊ ယင်းပြည်ပအကူအညီနှင့် ချေးငွေတို့၏ သုံးစွဲမှုအသုံးစရိတ်များတွင် နိုင်ငံခြားငွေဖြင့် ပြည်ပအကူအညီရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ (၈၉ ဒသမ ၃၂၃) သန်း၊ ပြည်ပချေးငွေရငွေစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၀၀၁ ဒသမ ၉၉၇) သန်းတို့ ပါဝင်ပါကြောင်း။

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြည်ပနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှ ရရှိမည်ဟု ခန့်မှန်းထားသည့် ချေးငွေ အမေရိကန်ဒေါ်လာ (၁၀၀၁ ဒသမ ၉၉၇)သန်း (ညီမျှကျပ်သန်းပေါင်း ၉၀၁၇၉၉)မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှချေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း(၈၁၆ ဒသမ ၁၇၆)၊ အိန္ဒိယနိုင်ငံမှ ချေးငွေအမေရိကန်ဒေါ်လာသန်းပေါင်း (၁၀၉ ဒသမ ၀၀၇)၊ ကိုရီးယားနိုင်ငံမှချေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း(၁၅ ဒသမ ၄၃၀)၊ Saudi Fund for Development မှချေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း (၅ ဒသမ ၃၃၃)၊ ဂျပန် (JICA) မှ ချေးငွေ အမေရိကန်ဒေါ်လာသန်းပေါင်း(၅၆ ဒသမ ၀၅၁) စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း (၁၀၀၁ ဒသမ ၉၉၇)ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ပအကူအညီ ရငွေများမှာ WHO (World Health Organization)၊ KOICA (Korea International Cooperation Agency)၊ IAEA (International Atomic Energy Agency)၊ JDS (Japanese Grant Aids for Human Resources Development Scholarship)၊ JICA (Japan Internatioanl Cooperation Agency)၊ ကမ္ဘာ့ဘဏ်၊ အေဒီဘီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံနှင့် အခြားသော အဖွဲ့အစည်းများမှဖြစ်ပါကြောင်း၊ ပြည်ပအကူအညီ ရငွေစုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း (၈၉ ဒသမ ၃၂၃) (ညီမျှကျပ်သန်း ၉၂၃၂၉ ဒသမ ၁၇၇) ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တင်သွင်းရာတွင် နိုင်ငံတော်တွင် ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်းနှင့်ပတ်သက်၍ ဖြည့်ဆည်းရာတွင် ပြည်ပချေးငွေ၊ ထောက်ပံ့ငွေတို့ကို နုတ်ပယ်ပြီးနောက် ပြည်တွင်းချေးငွေဖြင့် ဖြည့်ဆည်းပါကြောင်း၊ ပြည်တွင်းမှ ချေးယူရာတွင် အစိုးရငွေတိုက် စာချုပ် (Government Treasury Bond) များ ထုတ်ဝေရောင်းချ၍ ဖြည့်ဆည်းခြင်းနှင့် အစိုးရငွေတိုက် လက်မှတ် (Government Treasury Bill) များ ထုတ်ဝေ၍ ဖြည့်ဆည်းခြင်းဟူ၍ နှစ်မျိုးရှိပါကြောင်း၊ လက်ရှိအခြေအနေအရ အစိုးရငွေတိုက်စာချုပ်များ ထုတ်ဝေရာတွင် (၃)မျိုးရှိပါကြောင်း၊ ၎င်းတို့မှာ သက်တမ်း(၂)နှစ်၊ (၃)နှစ်နှင့် (၅)နှစ်ရှိ ငွေတိုက်စာချုပ်များဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် အတိုးနှုန်းများမှာ တစ်နှစ်လျှင် (၈ ဒသမ ၇၅) ရာခိုင်နှုန်း၊ (၉)ရာခိုင်နှုန်းနှင့်(၉ ဒသမ ၅)ရာခိုင်နှုန်းတို့ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် အတိုးနှုန်းစာချုပ်များအား အများပြည်သူအပါအဝင် အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများ၊ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံသူများသို့ ရောင်းချပေးပါကြောင်း၊ တစ်နည်းအားဖြင့် အစိုးရက အများပြည်သူထံမှ ငွေချေးယူခြင်းဖြစ်ပါကြောင်း၊ အစိုးရငွေတိုက်လက်မှတ်များအား သက်တမ်း (၃)လ သတ်မှတ်ထားပြီး အတိုးနှုန်း တစ်နှစ်လျှင် (၄)ရာခိုင်နှုန်း သတ်မှတ်ထားပါကြောင်း၊ ငွေတိုက်လက်မှတ်များကို အဓိကအားဖြင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ရောင်းချပေးခြင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အစိုးရက နိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများက အထူးကိစ္စရပ်များအတွက် သီးခြားအသုံးစရိတ်များကို ထည့်သွင်းလျာထားရာတွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆိုင်ရာ အသုံးစရိတ် ကျပ်သန်းပေါင်း (၁၅၆၀၁၈ ဒသမ ၂၅၆)၊ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ သဘာပတိတာဝန်အတွက်ကြိုတင်လျာထားရသော အသုံးစရိတ်များ ကျပ်သန်းပေါင်း(၇၅၂၂ ဒသမ ၃၁၆)၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များ ကျပ်သန်းပေါင်း (၁၃၈၅၀ ဒသမ ၈၄၆) စုစုပေါင်း ကျပ်သန်း (၁၇၇၃၉၀ ဒသမ ၄၁၈)တို့ ပါဝင်ပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ကော်မတီက ဖတ်ကြားရှင်းလင်းရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် (၁၃ ဒသမ ၈၀၅) ထရီလီယံဖြစ်ပြီး စုစုပေါင်းသုံးငွေကျပ် (၁၆ ဒသမ ၇၃၂) ထရီလီယံဖြစ်သဖြင့် လိုငွေကျပ် (၂ ဒသမ ၉၂၇) ထရီလီယံ ရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဂျီဒီပီမှာ ကျပ် (၅၉ ဒသမ ၂၄၈) ထရီလီယံဖြစ်သဖြင့် လိုငွေနှင့် ဂျီဒီပီ အချိုးမှာ (၄ ဒသမ ၉၄) ရာခိုင်နှုန်း ဖြစ်သည်ကိုတွေ့ရှိရပါကြောင်း၊ ယမန်နှစ် မူလခန့်မှန်းခြေတွင် လုပ်ငန်းသုံးရင်းနှီးငွေကို ထည့်သွင်းရေးဆွဲခြင်း မရှိသော်လည်း ၂၀၁၃-၂၀၁၄ တွင် လုပ်ငန်းသုံးရင်းနှီးငွေကျပ် (၃ ဒသမ ၆၉၀) ထရီလီယံအပါအဝင် ထည့်သွင်းရေးဆွဲထားသော်လည်း လိုငွေနှင့်ဂျီဒီပီ အချိုးမှာ (၄ ဒသမ ၉၄) ရာခိုင်နှုန်းသာ ရှိသဖြင့် ရသုံးခန့်မှန်းခြေငွေ စာရင်းအား ကျစ်ကျစ်လျစ်လျစ် ရေးဆွဲထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၃-၂၀၁၄ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းရငွေမှာ ကျပ်(၁၁ ဒသမ ၈၆၆)ထရီလီယံ ဖြစ်သော်လည်း ၂၀၁၃- ၂၀၁၄ ၏ မူလခန့်မှန်းခြေတွင် ကျပ် (၁၃ ဒသမ ၂၁၄) ထရီလီယံရရှိရန် မျှော်မှန်းထားသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဝင်ငွေများ တိုးတက်ရရှိအောင် ရှာဖွေလာနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ အခွန်အကောက်ရငွေမှာ ကျပ်(၂ ဒသမ ၆၀၈) ထရီလီယံဖြစ်ပြီး အခွန်နှင့် ဂျီဒီပီအချိုးမှာ (၄ ဒသမ ၄)ရာခိုင်နှုန်းဖြစ်သဖြင့် ယမန်နှစ်ကထက် အခွန်အကောက်ရရှိငွေ များစွာတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ၂၀၁၃-၂၀၁၄ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းအရ ကျပ်(၄၄၆) ဘီလီယံသာ ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း ၂၀၁၃-၂၀၁၄ မူလခန့်မှန်းခြေတွင် ကျပ် (၅၈၀)ဘီလီယံ ထောက်ပံ့ဖြည့်ဆည်းနိုင်သည်ဖြစ်ရာ ယမန်နှစ်ကထက် ကျပ် (၁၃၄) ဘီလီယံ ပိုမိုဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရပါကြောင်း။

အသိအမှတ်ပြုကြိုဆို

ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးဖြစ်သည့် ၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ကိုက်ညီရန် ပြင်ဆင်ရေးဆွဲပြီး အချိန်မီ တင်ပြနိုင်ရေးအားထုတ်ကြိုးပမ်းဆောင်ရွက်ပေးခဲ့မှုများကို အသိအမှတ်ပြုကြိုဆိုပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် စီမံကိန်းတန်ဖိုးများ ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရခြင်း၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေတွင် ပါဝင်သော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအားသန်း(၆၀)ရှိသော ပြည်သူများနှင့် မြို့နယ်(၃၃၀) အတွက် လွှတ်တော်ရုံး ခေါင်းစဉ်အောက်တွင် ဖြည့်စွက်ပြဋ္ဌာန်းပေးထားခြင်း၊ နိုင်ငံဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတတ်နိုင်ဆုံး ဖြည့်ဆည်းပံ့ပိုးပေးထားခြင်းတို့အတွက် အသိအမှတ်ပြုကြိုဆိုပါကြောင်းဖြင့် တင်ပြသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၂၁)ရက်မြောက်နေ့ကို မတ် ၁၈ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

သတင်းအချက်အလက်နည်းပညာဌာနရှိ နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ပေးမည်

နေပြည်တော် မတ် ၁၅

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၂)ခု မေးမြန်းဖြေကြားခြင်းနှင့် အရေးကြီးအဆို(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မေးခွန်း မေးမြန်းဖြေကြားခြင်းကဏ္ဍ၌ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတွင် လုပ်ကိုင်လျက်ရှိသော နေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း**မေးမြန်းခဲ့ရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၌ လုပ်ကိုင်လျက်ရှိသော နေ့စားဝန်ထမ်းများတွင် နိုင်ငံတော်၏ခွင့်ပြုချက်အရ ခန့်ထားသော ယာယီနေ့စားဝန်ထမ်းများနှင့် ဌာန၏လုပ်ငန်းလိုအပ်ချက်အရ ပြင်ပလုပ်ငန်းဆောင်ရွက်မှုစရိတ်မှ ငှားရမ်းထားသည့် နေ့စားလုပ်သားများဟူ၍ ကွဲပြားခြားနားမှုရှိပါကြောင်း၊ ဖော်ပြပါ နေ့စားနှစ်မျိုးတွင် အမှတ်စဉ်(၁)ယာယီနေ့စားဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများနည်းတူ သာမန်အသုံးစရိတ်၊ လစာငွေခေါင်းစဉ်အောက်မှ ကျခံပေးချေသဖြင့် အပိုထောက်ပံ့ကြေးငွေလည်း ခံစားခွင့်ရှိပါကြောင်း၊ အမှတ်စဉ်(၂)နေ့စားများသည် ဌာန၏ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်အပေါ် အခြေခံ၍ လုပ်ငန်းလိုအပ်ချက်အရ ပုတ်ပြတ်ငှားရမ်းထားသည့် လုပ်သားများသာဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းစဉ်။(သတင်းစဉ်)

နေ့စားဝန်ထမ်းများအား ဌာန၏ ဖွဲ့စည်းပုံအင်အားအတိုင်း အပြည့်အဝခန့်ထားခွင့်ရရှိသည့် အချိန်တွင် တစ်ဦးချင်းစီ၏ ပညာအရည်အချင်း၊ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်၍ အမြဲတမ်းဝန်ထမ်းခန့်ထားရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ရွေးချယ်လျက်သိမ်းသွင်းနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးသိန်းထွန်းဦး**က "ဒုတိယဝန်ကြီး ဦးဝင်းသန်းအနေဖြင့်လည်း ဝန်ကြီးဌာနမှ နေ့စားဝန်ထမ်းများကို အမြဲတမ်းဝန်ထမ်းများအဖြစ် တိုးချဲ့ခန့်ထားမည်လို့ ဖြေကြားတဲ့အတွက် ကျွန်တော့်အနေဖြင့် နည်းပညာတတ်ကျွမ်းသူ နေ့စားဝန်ထမ်းများနဲ့ ၎င်းတို့၏မိဘဆွေမျိုးများနဲ့အတူ ထပ်တူထပ်မျှ ဝမ်းသာကျေနပ်မှုရှိပါကြောင်း။

လူငယ်များအနေဖြင့်လည်း မိမိတို့ ဝါသနာပါသော ဆက်သွယ်ရေးနည်းပညာရပ်များကို ပိုမိုလေ့လာကြိုးစားအားထုတ်ပြီး တစ်ဖက်ကလည်း နိုင်ငံတော်ကို အကျိုးပြုမယ်လို့ ယုံကြည်ပါတယ်။ လုပ်ငန်းသဘာဝအရ နည်းပညာတတ်ကျွမ်းမှသာ ဆောင်ရွက်လို့ရတဲ့ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

ဒေသခံပြည်သူများ၏တင်ပြချက်များသည်ပကတိအခြေအနေမှန်များဖြစ်ပြီး အပြုသဘောဖြင့်ဆွေးနွေးတင်ပြခြင်းဖြစ်

နေပြည်တော် မတ် ၁၅

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့တွင် ကျင်းပရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်က **ဘာသာရေးဆိုင်ရာလုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုပေးနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် မိမိသည် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတွင် အဖွဲ့ဝင်တစ်ဦးဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် မေလမှ ဇွန်လအတွင်း အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီများပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နယ်မြေကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်တွင် ပူးပေါင်းကော်မတီအနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ဦးတည်လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခုသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြောဆိုရာ၌ ဘာသာရေးကိစ္စများနှင့်စပ်လျဉ်းပြီး တွေ့ကြုံရသည့်အခက်အခဲများနှင့် ဘာသာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ ရှိကြောင်းကို တင်ပြဆွေးနွေးကြကြောင်း၊ လွှတ်တော်နှစ်ရပ်မှ ပူးပေါင်းကော်မတီအဖွဲ့ဝင်များက ညှိနှိုင်းတိုင်ပင်ပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသို့ တင်ပြဆွေးနွေးရန် သဘောတူဆုံးဖြတ်ခဲ့ကြပါကြောင်း။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

ဒေသခံပြည်သူများ၏ တင်ပြချက်များသည် လက်တွေ့ကျပြီး အခြေခံလူ့အဖွဲ့အစည်းအတွင်းတွင် ရှိနေသည့် ပကတိအခြေအနေမှန်များဖြစ်ပြီး သဘောရိုးဖြင့်အပြုသဘောဖြင့် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါကြောင်း၊ ၎င်းဆွေးနွေးချက်များကို လက်တွေ့ကူညီဖြေရှင်းပေးနိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် အနီးကပ်ရှိနေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများကသာ ကူညီဖြေရှင်းပေးခြင်းသည် အထိရောက်ဆုံးဖြစ်သည်ဟု သုံးသပ်ရရှိပါကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန် အနှစ်သာရ ပေါ်လွင်မည်ဖြစ်ပါကြောင်း၊ အကယ်၍ တင်ပြပါအခက်အခဲများ ကြုံတွေ့လာမည်ဆိုပါကလည်း တာဝန်ရှိသူများက အချိန်မီထိန်းသိမ်းညှိနှိုင်းပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုမှသာ ဒေသခံပြည်သူများ၏ လူမှုရေးဆိုင်ရာကိစ္စအဝဝတို့ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား အထောက်အကူရရှိစေမည်ဟု သဘောရရှိပါကြောင်း၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဖြင့် အဆိုတင်သွင်းသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးခမ်ဆွင်းမုန်။

ဓာတ်ပုံ -ကျော်သူဝင်း

ယင်းအဆိုကို လွှတ်တော်က လက်ခံ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဘယ်လ်ဂျီယံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး ဦးဆောင်သည့် အဖွဲ့အား တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃နာရီခွဲတွင်နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံနိုင်ငံ သံအမတ်ကြီး H. E. Mr. Marc Michielsen လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြစ်ကြီးနားတွင် ရေကြောင်းထိန်းသိမ်းရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်များရှိ ဆိပ်ကမ်းတည်ဆောက်စီမံခန့်ခွဲမှု ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ အကြားဆက်ဆံရေး၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၄ ခုနှစ်အာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် အကူအညီပေးရေး ကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့်ဥရောပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုး၊ ဦးစောလှထွန်းနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံရေးနှင့်စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မြန်မာ- ဘယ်လ်ဂျီယံနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဖော်ဆောင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Didier Reynders အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဗြိတိန်ဝန်ကြီးချုပ်ဟောင်းဦးဆောင်သည့် အဖွဲ့အားတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဒုတိယသမ္မတဦးဉာဏ်ထွန်းသည်ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ တိုနီဘလဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Richard Heyn လည်း တက်ရောက်သည်။

ပွင့်လင်းစွာဆွေးနွေး

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမူဘောင် ၂၀၁၂-၂၀၁၅ အတွက် အဓိကကျသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ အုပ်ချုပ်မှုနှင့် ပြည်သူလူထုစီမံခန့်ခွဲရေး ပိုမိုခိုင်မာတောင့်တင်းလာစေရန် ရေရှည်အစီအစဉ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်မှ

လုပ်ငန်းဖြစ်တဲ့အတွက် အမှန်တကယ်တတ်ကျွမ်းပြီး အနစ်နာခံဆောင်ရွက်လျက်ရှိကြတဲ့ နေ့စားဝန်ထမ်းများအဖြစ် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေကြသူများကို ရာထူးအဆင့်အလိုက် အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်မယ်လို့ယုံကြည်ပါတယ်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဌာနမှာ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့နေ့စား ဝန်ထမ်းများဟာလည်း မိမိတို့တတ်ကျွမ်းတဲ့ပညာအရည်အချင်းနဲ့အညီ ထိုက်တန်တဲ့ရာထူးအဆင့်အလိုက် ရရှိကြပြီဆိုရင် တိုးတက်နေသော ခေတ်စနစ်ကိုလိုက်ပြီး နည်းပညာပိုင်းဆိုင်ရာတွေကို ပိုမိုလေ့လာ ဆောင်ရွက်နိုင်မယ်လို့ယုံကြည်ပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ **အင်းလေးကန်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေများကို မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ ခြောက်သိန်း၊ နော်ဝေနိုင်ငံ အစိုးရမှ အမေရိကန်ဒေါ်လာ နှစ်သန်း၊ စုစုပေါင်းအမေရိကန် ဒေါ်လာ ၂ ဒသမ ၆ သန်းဖြင့် အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းများအဖြစ် ပတ်ဝန်းကျင်နှင့် သစ်တောထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆိုင်ရာလုပ်ငန်း၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစသည့် လုပ်ငန်းရပ်များကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စီမံကိန်းကာလအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က ပြန်လည်ဖြေကြားခဲ့သည်။

အရေးကြီးအဆို တင်သွင်းခြင်း

ကဏ္ဍ၌ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က **၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ၊ ကော်မရှင်များဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း** တင်သွင်းခဲ့ရာလွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀တွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

ဆွေးနွေးရန် သဘောတူသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၅) မှ ဦးခမ်ဆွင်းမုန်က "ဦးပေါ်လျှံလွင် တင်သွင်းသွားတဲ့အဆိုနဲ့ပတ်သက်ပြီး ပြောရရင် ဘာသာရေးဆိုင်ရာ လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ တန်းတူရည်တူရှိဖို့၊ ခွဲခြားဆက်ဆံခြင်းတွေ မရှိဖို့ဆိုတဲ့အချက်တွေ ပါပါတယ်။ ပြီးတော့ သာသနာရေးဝန်ကြီးဌာနကလည်း နှစ်စဉ်နှစ်တိုင်း ဘာသာရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ သက်ဆိုင်ရာဘာသာအလိုက် ငွေကြေးထောက်ပံ့မှုတွေရှိပါတယ်။ ဒီအတွက်လည်း တိုင်းရင်းသားလူမျိုးစု ဘာသာခြားတွေအနေနဲ့ အဆင်ပြေမှုရှိပါတယ်။သို့ပေမယ့်လည်း ဘာသာရေးဆိုင်ရာလုပ်ငန်း အစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်များနဲ့အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများရဲ့ အစီအမံနဲ့ စီမံခန့်ခွဲခွင့်ရရှိဖို့ တောင်းဆိုခြင်း ဖြစ်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အရာထမ်းငယ် အခြေခံသင်တန်းဆင်း

ရန်ကုန် မတ် ၁၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၌ ယနေ့နံနက် ၇ နာရီခွဲတွင် အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် ၅၄ သင်တန်းဆင်း အခမ်းအနားကျင်းပရာ ခေတ္တပါ မောကွချုပ် ဦးထွဏ်းကြည်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆုနှင့် ထူးချွန်ဆုများကို ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံ အယ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြ

မေး ။ ။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းအပေါ် ဆရာတို့ရဲ့ သဘောထားမတိုက်ဆိုင်ရခြင်း အမြင်လေးကိုသိပါရစေ။

ဖြေ ။ ။ ပထမဆုံးပြောချင်တာက ကျွန်တော်တို့ဖြေတဲ့အတိုင်း တိတိကျကျလေးဖြစ်စေချင်တယ်။ စကားကတော့ ဘာခေါ်မလဲ၊ ထပ်တာလေးတွေတော့ ရှိတာပေါ့၊ ပြောချင်တာနဲ့ပတ်သက်ပြီး တိတိကျကျလေးတော့ ထည့်ပေးစေချင်တာပေါ့။ ကျွန်တော်တို့က ဒီဥပဒေဟာ အဓိကကတော့ ၁၉၆၂ ခုနှစ်ဥပဒေကို အဲဒီနေရာမှာ အစားထိုးတဲ့သဘောပေါ့။ ဥပဒေကို ရုပ်သိမ်းဖို့သဘောမျိုး ကျွန်တော်တို့မြင်တာက ၁၉၆၂ ခုနှစ် ပုံနှိပ်သူများ ထုတ်ဝေသူများ၏ မှတ်ပုံတင်ခြင်းဥပဒေဆိုတဲ့ဟာသည် ကျွန်တော်တို့ မလွတ်လပ်တဲ့ ခေတ်ကာလမှာ တစ်နည်းပြောရရင် စာနယ်ဇင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာ ပြောဆိုရေးသားခွင့် အဲဒါတွေကို ပိတ်ပင်တဲ့ကာလမှာ ထွက်ပေါ်လာတဲ့ ဥပဒေလို့ ကျွန်တော်တို့ မြင်ပါတယ်။ အဲတော့ အဲဒီဥပဒေကို ရုပ်သိမ်းလိုက်၊ ပယ်ဖျက်လိုက်လို့ရှိရင် ကျွန်တော်တို့ ပြည့်စုံတယ်လို့ မြင်ပါတယ်။ အဲဒီနေရာမှာ အဲဒီထက်ပျော့ပျောင်းသည်ဖြစ်စေ၊ ဘယ်လိုပဲဖြစ်စေ နောက်ထပ်ဥပဒေကို အစားထိုးလို့ရတယ်လို့ မယူဆဘူးခင်ဗျ။ အဲဒီအကြောင်းပြောမယ်ဆိုရင် အဓိကကတော့ မှတ်ပုံတင်မှု၊ ပုံနှိပ်သူများကို မှတ်ပုံတင်ရမယ်။ မှတ်ပုံတင်ခြင်းကို လုပ်တဲ့နည်းလမ်းအမျိုးမျိုးရှိတယ်။ မှတ်ပုံတင်တယ်ဆိုတာ ကျွန်တော်က နာမည်တစ်ခုနဲ့ ဂျာနယ်တစ်စောင် (သို့မဟုတ်) သတင်းစာတစ်စောင်ထုတ်တယ်။ အသိအမှတ်ပြုမယ့် Registration Office တစ်ခုက အသိအမှတ်ပြုရမယ်။ ဒီနည်းနဲ့ ကျွန်တော် ထုတ်ထားတယ်ဆိုတာကို ကြေညာထားမယ်ဆိုလို့ရှိရင် အဲဒီအခါ ဒီဂျာနယ်(သို့မဟုတ်)ဒီသတင်းစာသည် ကျွန်တော့်မှတ်ပုံတင်နဲ့ ထုတ်တဲ့သတင်းစာဖြစ်တယ်။ ဂျာနယ်ဖြစ်တယ်။ ဒါဆိုလို့ရှိရင် လုံလောက်တယ်လို့ ယူဆတယ်။ အဲဒီတော့ ပိုင်ဆိုင်မှု Copyright ခေါ်ခေါ်၊

ပြည်တွင်းသတင်း

ားရေး၊
တွေ့ဆုံ

ျားရှိ ဆိပ်ကမ်း
ခဲ့မှု ကဏ္ဍတွင်
ရောပသမဂ္ဂနှင့်
းဆက်ဆံရေး၊
အရှေ့တောင်
င်ပွဲနှင့် ၂၀၁၄
လှည့်ကျဥက္ကဋ္ဌ
ဆောင်ရာတွင်
ကိစ္စများကို

(သတင်းစဉ်)

ဒုတိယသမ္မတ ဦး ညဏ် ထွန်း ဘယ်လ်ဂျီယံ နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ပြည်ပကုန်သွယ်ရေးနှင့် ဥရောပရေးရာ ဝန်ကြီး H.E. Mr. Didier Reynders အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

...ကိုယ်ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး၊ ...ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

❀ ရှေ့ဖုံးမှ

ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာ မြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာ ကိုကိုဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နယူးဇီလန်နိုင်ငံ အတိုက်အခံပါတီခေါင်းဆောင် မစ္စတာဒေးဗစ်ရှာရာနှင့် နိုင်ငံခြားရေးရာ ပြောရေးဆိုခွင့်ရှိသူ မစ္စတာ ဖီလ်ဂေါ့ဖ်တို့အား လန်ဂမ်ဟိုတယ်ရှိ Chandelier Room ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အခြေအနေများနှင့် အနာဂတ်မျှော်မှန်းချက်များကို သဘောထားအမြင်များ ဖလှယ်ကြသည်။

ယခုဆွေးနွေးပွဲတွင် အတိုက်အခံခေါင်းဆောင် မစ္စတာဒေးဗစ်ရှာရာက မိမိတို့ပါတီအနေဖြင့် မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ လက်ရှိအာဏာရပါတီနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နယူးဇီလန်နိုင်ငံတွင် မည်သည့်ပါတီက အစိုးရ တာဝန်ယူရသည်ဖြစ်စေ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ပါဝင်ပူးပေါင်းကူညီသွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Patrick Murphy သည်ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန် မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးမောင်တိုးနှင့် ဦးကိုကိုထွန်း၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Derek Mitchell နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာ၌ မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအားရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာ ညှိနှိုင်းရေးမှူး Mr. Patrick Murphy အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

❄ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြိုင်ပွဲဝင် အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကြိမ်ကွင်းအက၊ မြင်းစီးအားကစားသရုပ်ပြအဖွဲ့များ၏ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ယှဉ်ပြိုင်

ပြိုင်ပွဲများကို မတ် ၁၆ ရက်နှင့် ၁၇ ရက်များတွင် နံနက်ပိုင်းမှ စတင်၍ ဝဏ္ဏသိဒ္ဓိမြင်းစီး အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာ၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့မှ ကစားသမားများ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

...င်ပင်ခံ အယ်ဒီတာဦးဖေမြင့်
...နှ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သဘောထားအမြင်

ပေါ် ဆရာတို့ရဲ့
...
အတိုင်း တိတိ
၊ ထပ်တာလေး
ျကျလေးတော့
အဓိကကတော့
ပေါ့။ ဥပဒေကို
စ် ပုံနှိပ်သူများ
ကျွန်တော်တို့
်ဇင်းလွတ်လပ်
င်တဲ့ကာလမှာ
တာ့ အဲဒီဥပဒေ
ပြည့်စုံတယ်လို့
်စေ၊ ဘယ်လိုပဲ
ယူဆဘူးခင်ဗျ။
တင်မှု၊ ပုံနှိပ်သူ
လမ်းအမျိုးမျိုးရှိ
စ်ခုနဲ့ ဂျာနယ်
။ အသိအမှတ်
မယ်။ ဒီနည်းနဲ့
မယ်ဆိုလို့ရှိရင်
က့်မှတ်ပုံတင်နဲ့
ရင် လုံလောက်
ght ခေါ်ခေါ်၊

ဒီပစ္စည်းပိုင်ဆိုင်မှုအတွက်လည်း လုံလောက်တယ်။ ဒီဂျာနယ် သို့မဟုတ် သတင်းစာမှာပါတဲ့ အကြောင်းအရာတစ်ခုခုကြောင့် ဆက်လက်ပြီးတော့ မှုခင်းပြဿနာတစ်ခုခု ဖြစ်ပေါ်လာရင်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်နဲ့သက်ဆိုင်တယ်။ တာဝန်ရှိတယ်လို့ပြောဖို့ လုံလောက်တယ်လို့မြင်တယ်။ ဥပဒေမှာပါတဲ့ မှတ်ပုံတင်အရာရှိဆီမှာ မှတ်ပုံတင်ရမယ့်အချက်၊ မှတ်ပုံတင်အရာရှိသည် သူကစည်းမျဉ်းစည်းကမ်းနဲ့ စိစစ်ပြီး မှတ်ပုံတင်ကို ထုတ်ပေးနိုင်တယ်။ မှတ်ပုံတင်အရာရှိသည် စည်းကမ်းများနဲ့ မှတ်ပုံတင်ထားသူသည် ညီညွတ်မှုရှိ မရှိလို့ သူကယူဆလို့ရှိရင်တရားမဝင်စာအဖြစ် ကြေညာခွင့်လည်းသူ့မှာ ကြေညာခွင့်ရှိတယ်။ သူသည်ထုတ်ပေးခွင့်ရှိတယ်။ အဲဒီစည်းကမ်းအတိုင်း ညီညွတ်မှုရှိမရှိ သူကစိစစ်ကြည့်ပြီးတော့ တရားဝင်မဝင်ဆုံးဖြတ်ခွင့်လည်းရှိတယ်။အဲဒီတော့ အဲဒါဖြစ်လို့ရှိရင် တရားဝင်မဝင်လို့ ဆုံးဖြတ်ခံရလို့ရှိရင် ခံရမယ့်ပြစ်ဒဏ်တွေရှိတယ်။ အရေးယူပိုင်ခွင့်ရှိတယ်။ အဲဒီတော့ ရပ်စဲမယ်။ ပုံနှိပ်ခွင့်ထုတ်ဝေခွင့်ကို ရပ်စဲမယ်ဆိုတဲ့အလုပ်ကို မှတ်ပုံတင်အရာရှိ ရှိမယ်၊ မှတ်ပုံတင်အရာရှိ အထက်လူကြီးလို့ ကျွန်တော်တို့ ပြောလို့ရတယ်။ အဲဒီအထက်က ဝန်ကြီးက ရပ်စဲခွင့် ဆိုင်းငံ့ခွင့်ရှိတယ်။ အကယ်၍ အဲဒီကိစ္စနဲ့ပတ်သက်လို့ရှိရင် ပြန်ပြီးအယူခံရမယ်ဆိုရင် ဒီဝန်ကြီးဆီကိုပဲ အယူခံဝင်ရမယ်။ ပြီးတဲ့နောက် ဒီမှတ်ပုံတင်နဲ့ပတ်သက်ပြီး လိုအပ်တဲ့အမိန့်တို့၊ နည်းတို့ စသဖြင့် မှတ်ပုံတင်အရာရှိအပါအဝင်ဖြစ်သော ဝန်ကြီးဌာနကပဲ အကုန်လုံးဆက်ပြီး ဆောင်ရွက်သွားမှာဖြစ်လို့ ကျွန်တော်မြင်တာကတော့ မှတ်ပုံတင်အရာရှိကို ကျွန်တော်တို့စာအုပ်စာပေနဲ့ စာနယ်ဇင်းထုတ်ဝေခွင့်နဲ့ စပ်လျဉ်းတဲ့ကဏ္ဍမှာ ဥပဒေရေးဆွဲခွင့်လည်းပေးထားတယ်။ ကြီးကြပ်ကွပ်ကဲခွင့်လည်း ပေးထားတယ်။ စီရင်ဆုံးဖြတ်ခွင့်လည်း ပေးထားတယ်။ တစ်နည်းပြောရရင် ကျွန်တော်တို့ အာဏာ(၃)ရပ်စလုံးကို အဖွဲ့အစည်းတစ်ခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ယောက်ဆီမှာ ကျွန်တော်တို့ပေးထားတာဖြစ်တဲ့အတွက် ဥပဒေသုံးရပ်စလုံးသည်

ပြည်သူ့ခေတ်ဂျာနယ် အတိုင်ပင်ခံ အယ်ဒီတာ ဦးဖေမြင့်။

အဲဒီအချက်အရ တရားမျှတတယ်လို့လည်း မယူဆဘူး၊ ဒီမိုကရေစီနည်းကျတယ်လို့လည်း မယူဆဘူး၊ အဲဒီအချက်ကို အဓိက ကျွန်တော်တို့ လက်မခံနိုင်တာဖြစ်ပါတယ်။ ပြီးတဲ့နောက် ဒီဥပဒေကြမ်းအရ ဆိုလို့ရှိရင် မှတ်ပုံတင်အရာရှိကို ထွက်လာတဲ့ ပုံနှိပ်ထုတ်ဝေထားတဲ့ ပစ္စည်း၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်းစသည်ဖြင့် ဒါကိုစိစစ်ပြီး ဆုံးဖြတ်ခွင့်ပေးထားတဲ့အတွက်ကြောင့် ဒါသည် ဘယ်သဘော သက်ဝင်သလဲဆိုရင် ကျွန်တော်တို့ ဟိုးအရင်က ရှိခဲ့တဲ့ ပုံမနှိပ်ခင်၊ မထုတ်ဝေခင် စိစစ်ပြီး ကြိုတင်ရတဲ့စနစ်ကနေ အခုအခါလိုက်ပြီးတော့ စိစစ်ပြီးတော့ အပြစ်ပေးအရေးယူတဲ့စနစ်ကို ပြောင်းသွားတယ်။ တစ်နည်းအားဖြင့်ပြောရရင် ဒီဥပဒေသည် ဆင်ဆာစိစစ်ဖြတ်တောက်မှုကို တရားဝင်ပြုလုပ်ဖို့အတွက် တာဝန်ပေးထားတဲ့ ဥပဒေဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ တစ်နည်းအားဖြင့် ဆင်ဆာဖြတ်တောက်မှုစနစ်ကို ဥပဒေကြောင်းနဲ့ ညီညွတ်အောင် ဥပဒေကြောင်းနဲ့အညီဆောင်ရွက်ဖို့လုပ်ပေးထားတယ်လို့ ကျွန်တော်မြင်တယ်။ အဲဒါဟာ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်ဆိုတဲ့ဟာကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပေးထားတဲ့ ပြည်သူ့ရပိုင်ခွင့် လွတ်လပ်ခွင့်များနဲ့ ဆန့်ကျင်နေတယ်လို့ ကျွန်တော်မြင်တယ်။

သူတို့သဘောထားနှစ်သက်တဲ့အပေါ် ကျွန်တော်ကတော့ ဒါသူ့ သဘောထား အမြင်ပေါ့ဗျာ။ ကျွန်တော်တို့က ဒီဥပဒေသည် အဲဒီမှာတစ်ချက်သတိထားမိတယ်။ ၁၉၆၂ ခုနှစ်နဲ့နှိုင်းယှဉ်ပြီး ပြောတာဆိုတော့ ၁၉၆၂ ခုနှစ် ဥပဒေသည် စံနမူနာပြုရမည့် ဥပဒေတစ်ရပ်မဟုတ်ဘူး။ ပစ်ပယ်ရမယ့် ဥပဒေတစ်ရပ်ဖြစ်တယ်။ လွတ်လပ်ခွင့်ကို အင်မတန်မှ တင်းကျပ်စွာနှိပ်ကွပ်တဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ အဲဒီဥပဒေနဲ့နှိုင်းယှဉ်ပြီး မဆိုးပါဘူး။ ကောင်းပါတယ်လို့ စဉ်းစားခြင်းဟာ ကျွန်တော့်အတွက် နည်းလမ်းကျတဲ့ စဉ်းစားခြင်းမျိုး မဟုတ်ဘူးလို့ မြင်ပါတယ်ခင်ဗျာ။

ကြိုတင်ပြီး နည်းဥပဒေတစ်ခုကို ထုတ်ဝေသူနှင့်ပုံနှိပ်သူနဲ့ပတ်သက်ပြီး ဥပဒေရေးဆွဲမယ်စိတ်ကူးရှိမယ်ဆိုလို့ရှိရင် ဒီဟာနဲ့ဆက်စပ်တဲ့ပုဂ္ဂိုလ်တွေ ဒီလူတွေကိုဖိတ်ခေါ်တာတို့ ဆွေးနွေးတာတို့ မေးမြန်းတာတို့စသဖြင့် ဒီလိုလုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ ဒီလိုဥပဒေကြမ်းမတင်ခင်မှာလည်း အဲဒီပထမဥပဒေမူကြမ်း စသဖြင့် ဖြန့်ချိပေးပြီး အဲဒီအပေါ်မှာ ဝေဖန်ဆွေးနွေးသုံးသပ်အကြံပေးပါလို့ဆိုရင် ပိုကောင်းပါတယ်။ ကျွန်တော်မြင်တယ်။ လွှတ်တော်ကိုတင်ပြီးကာမှ အကြံပေးခိုင်းတယ်ဆိုတော့ အကြံပေးဖို့ တိုင်ပင်ဆွေးနွေးဖို့ အချိန်သိပ်ပြီးတော့ မရတဲ့အခါကျတော့ ကျွန်တော်တို့ဘက်က ပြောရဆိုရတာ တော်တော်ခက်တာပေါ့ခင်ဗျာ။ အခုလာမေးလို့သာ ဖြေရတယ်။ နောက်တစ်ချက်ကလည်း ခေါင်းစဉ်ကလည်းပဲ ပုံနှိပ်ထုတ်ဝေသူနဲ့ ခေါင်းစဉ်တင်ထားတယ်။ စင်စစ်က ဒါတွေကျွန်တော်တို့ စာရေးတဲ့သူတွေကို ပုံနှိပ်တဲ့ထုတ်ဝေတဲ့ နေရာကနေပြီးတော့ ကန့်သတ်တဲ့ ထိန်းချုပ်တဲ့ ဥပဒေမျိုးဖြစ်တယ်။ အဲဒီလိုဖြစ်တဲ့အတွက် တကယ်ထိခိုက်မှာက ဒီပုံနှိပ်သူ ထုတ်ဝေသူများဖြစ်သလို ရေးတဲ့သူစာနယ်ဇင်းသမားများ၊ ဝတ္ထု၊ ကဗျာရေးတဲ့ စာရေးဆရာများ အားလုံးအပေါ်မှာ သက်ရောက်မှုရှိပါတယ်။ အဲတော့ အဲဒီလိုသက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေအကုန်လုံးကို ဖိတ်ခေါ်ပြီး တက်ရောက်လာတဲ့ သူတွေရဲ့ သဘာထားကို ယူပြီးတော့ ဒီလိုဥပဒေကိုရေးတယ်ဆိုရင် ပိုကောင်းမယ်လို့ ကျွန်တော်မြင်တယ်။ အခုလည်းပဲ တစ်ခုပြောလို့ရရင်ပြောချင်တာက ဒီဥပဒေသည် ကျွန်တော်တို့စာနယ်ဇင်း အသိုင်းအဝိုင်းကလူတွေ ကျွန်တော်တို့ ခုနကပြောတဲ့ အဖွဲ့တစ်ခုကတော့ ထောက်ခံတယ်ဆိုတာ သတင်းစာမှာ တွေ့ရတယ်။ ဘယ်အတိုင်းအတာထိ ထောက်ခံတယ်ဆိုတာ ကျွန်တော်တို့ မသိရဘူး။ ကျွန်တော်တို့နဲ့ ဆက်စပ်ထိတွေ့တဲ့ စာနယ်ဇင်း၊ စာပေစာနယ်ဇင်းသမားတော်တော်များများကတော့ ကျွန်တော်တွေ့ရသလောက် ဒီဥပဒေကို ထောက်ခံတဲ့သူ တော်တော်ရှားပါတယ်။ ကျွန်တော်တို့ မတွေ့ရပါဘူး။ အဲဒီအခါကျတော့ ခေါင်းစဉ်တင်ထားတာနဲ့ နည်းနည်းလေး သက်ဆိုင်တယ်လို့လည်း၊ လွဲနေတယ်လို့လည်း ကျွန်တော်မြင်တယ်။ သက်ဆိုင်တဲ့ လူများကလည်း မသင့်လျော်ဘူး၊ မကြိုက်ဘူး၊ မနှစ်သက်ဘူး ဒီခေတ်ကာလနဲ့လည်း မဆီလျော်ဘူးလို့ မြင်တယ်ဆိုတော့ ဒီဟာကို လုပ်ထုံးလုပ်နည်းက ဘယ်လိုလုပ်နိုင်သလဲ အတိအကျမသိပါဘူး။ ဆိုင်းငံ့တာဖြစ်စေ သို့မဟုတ် ရုပ်သိမ်းပြီးတော့မှ ပြန်ပြီးတော့ ပြင်ဆင်ပြီးမှဖြစ်စေ အများနဲ့ဆွေးနွေးပြီးတော့မှ ပြန်တင်တာမျိုးဖြစ်စေ အဲဒီလိုလုပ်နိုင်ရင်တော့ ပိုကောင်းမယ်လို့ ကျွန်တော်ထင်တယ်။ ။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စွယ်တော်မြတ်စေတီတော် (မန္တလေး) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း အမြန်ဆုံးဆောင်ရွက်

နေပြည်တော် မတ် ၁၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မတ် ၁၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ငလျင်သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုအခြေအနေများနှင့် ပြင်ဆင်မှုလုပ်ငန်းများ၊ ငှက်မြတ်နားတော်နှင့် ထီးတော်ပြုပြင်ရေး၊ စေတီတော်အတွင်း မိုးရေယိုစိမ့်နေမှုအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ကျွမ်းကျင်သည့် ပညာရှင်များနှင့် အမြန်ဆုံးညှိနှိုင်းတိုင်ပင်ပြီး ပြုပြင်ဆောင်ရွက်ရေး၊ လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ စံချိန်စံညွှန်းမီရေး၊ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ကန်စေရေး စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး စွယ်တော်မြတ်စေတီတော်၏ ငြမ်းအထက်သို့ တက်ရောက်၍ စိန်ဖူးတော်ပူဇော်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းဘုရင်ဟောင်းအုတ်ဂူဟုယူဆရသော အုတ်ဂူငယ်အတွင်း အရိုးအိုးထိပ်အဖုံးများနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိ

မန္တလေး မတ် ၁၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်ရပ်ကွက် လင်းဇင်းကုန်းသုသာန်တွင် ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူဖြစ်ကြောင်း အထောက်အထား အခိုင်အမာရှိရန် ထိုင်းနိုင်ငံမှ ဗိသုကာပညာရှင်များ၊ ရှေးဟောင်းသုတေသန ပညာရှင်များ ပါဝင်သောအဖွဲ့၏ တူးဖော်ရှာဖွေတွေ့ရှိမှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပွဲကို မတ် ၁၄ ရက် နံနက် ၁၁ နာရီက အမရပူရမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ Mr.Vichit က အုတ်ဂူရှာဖွေ ဖော်ထုတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ မစ်ကီဟက်က ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်၍ ရှာဖွေတူးဖော်ခဲ့ရာမှ မတ် ၁၃ ရက် နံနက်ပိုင်းက ထိုင်းဘုရင်ဟောင်း အုတ်ဂူဟု ယူဆရသော အုတ်ဂူ၏ အရှေ့မြောက်ဘက်ရှိ မဏ္ဍလာတိုင်အတွင်းမှ မှန်ချပ်များတွင် ရေးသားထားသော မှန်ပန်းချီကား သုံးချပ်၊ အရိုးအိုးဟုယူဆရသော မြေစိုင်ခဲများ၊ အရိုးအိုးထိပ်အဖုံးများနှင့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ ထိုင်းဘုရင်အုတ်ဂူ ရှာဖွေရေးမှ ရှာဖွေတွေ့ရှိသည့် အထောက်အထား ပစ္စည်းများကို မှတ်တမ်းဓာတ်ပုံနှင့် တကွ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းနှင့် အဖွဲ့အား ရှင်းလင်းတင်ပြ၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် မြို့တော်ဝန်က ဆောင်ရွက်မှုမှတ်တမ်း၊ ရှာဖွေတွေ့ရှိမှု မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားပြီး ဆက်လက် စိစစ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လင်းဇင်းကုန်း သုသာန်သို့ သွားရောက်၍ ထိုင်းဘုရင်ဟောင်း၏ အရိုးပြာအိုး ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရှာဖွေတွေ့ရှိသည့် ပစ္စည်းများကို လေ့လာကြည့်ရှုခဲ့သည်။ **(ဝဲပုံ)** အဆိုပါ သုသာန်မှ ထိုင်းဘုရင်ဟောင်း၏ ရှာဖွေတွေ့ရှိသော အထောက်အထား ပစ္စည်းများကို ထိုင်းနိုင်ငံဗန်ကောက်မြို့သို့ ပို့ဆောင်ကာ စစ်ဆေးမည်ဖြစ်ပြီး မှန်ကန်သော အထောက်အကူ ပစ္စည်းများဖြစ်ပါက နှစ်နိုင်ငံညှိနှိုင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ခိုင်းနွား၊ နို့စားနွားပြပွဲပြိုင်ပွဲ ကျင်းပရေး ဆွေးနွေး

မန္တလေး မတ် ၁၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်ရေးအဖွဲ့၊ လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို မတ် ၇ ရက်က မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပြောကြား

အဆိုပါတွေ့ဆုံပွဲ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက နို့စားနွားများတိုးချဲ့မွေးမြူကြရန်လိုအပ်ကြောင်း၊ နို့စားနွားများ မွေးမြူရေးအတွက် မိမိတို့ဝန်ကြီးဌာနက ချေးငွေများထုတ်ချေးပေးကြောင်း၊ မွေးမြူလိုသူများအနေနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး ထောက်ခံချက်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ခံပါက ဝန်ကြီးရုံးမှ ချေးငွေချပေးကြောင်း၊ ဝန်ကြီးရုံးအနေဖြင့် နို့စားနွားများ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် သြစတြေးလျမှ တစ်ကောင်လျှင်ကျပ် ၁၅ သိန်းနှင့် ၁၈ သိန်း ဝန်းကျင်တန်ဖိုးရှိ နို့စားနွား အကောင်ရေ ၁၀၀၀ မှာယူထားကြောင်း၊ အဆိုပါ ၁၀၀၀ မှ တိုင်းဒေသကြီး၊ ပြည်နယ်များက အကောင်ရေ ၇၀၀ ခန့် ဝယ်ယူရန် စာရင်းပေးသွင်းထားပြီးဖြစ်၍ ကျန် ၃၀၀ ခန့်ကို မန္တလေးတိုင်းဒေသကြီးနှင့် လုပ်ငန်းရှင်များအနေဖြင့် မှာယူလိုလျှင် စာရင်းပေးသွင်းနိုင်ကြောင်း ပြောကြားသည်။

အဆိုပါ ခိုင်းနွားနှင့်နို့စားနွား ပြပွဲပြိုင်ပွဲကို မန္တလေးမြို့ အမရပူရမြို့နယ် နတ်ရေကန် ငါးလုပ်ငန်းစခန်း၌ မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နို့စားနွားပြိုင်ပွဲတွင် ပြင်ဦးလွင်၊ မန္တလေး၊ အမရပူရ၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ မိတ္ထီလာမြို့နယ်တို့မှ နွားမကြီးနှင့် နွားကလေးအတွဲ ၃၀၊ ခိုင်းနွားပြိုင်ပွဲတွင် မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ မြစ်သား၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ မိုးကုတ်၊ မြင်းခြံ၊ တောင်သာ၊ ငါန်းဇွန်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ညောင်ဦးတို့မှ တစ်မြို့နယ်လျှင် နှစ်ကောင်နှုန်းဖြင့် ၃၂ ကောင် ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသော နွားများကို ပထမဆု သုံးသိန်း၊ ဒုတိယဆု နှစ်သိန်း၊ တတိယဆုတစ်သိန်း၊ နှစ်သိမ့်ဆု တစ်နှင့် နှစ်တို့ကို ကျပ်ငါးသောင်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး နို့စားနွားပြိုင်ပွဲတွင်ကချင်ပြည်နယ်မှလည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **တင်မောင်(မန္တလေး)**

ပခုက္ကူဒေသထွက် နှမ်းများဈေးကောင်းရနေပြီး ပွဲရုံအလုပ်သမားများလည်း ဝင်ငွေကောင်းနေ

ပခုက္ကူ မတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်မြို့ကြီးများတွင် ဒေသထွက်ကုန်ပဲမျိုးစုံများ လှိုင်လှိုင်ဝင်နေပြီး ပွဲရုံအလုပ်သမားသည် တစ်ဦးလျှင် တစ်နေ့တာလုပ်အားခ ကျပ်တစ်သောင်းဝန်းကျင်အထိ ဝင်ငွေကောင်းများရရှိနေကြောင်း သိရသည်။ "ပခုက္ကူနယ်က ပဲတီစိမ်းအစိုက်များတယ် မြိုင်နယ်ကနှမ်းပိုတယ်၊ ထွက်အား ကောင်းတယ်၊ နှမ်းမကောင်းတာ ဆယ်စုနှစ်တောင်ရှိနေပြီ၊ နှမ်းထွက်နှုန်းကလည်း တစ်ဧကေ ငါးတင်း၊ ၁၀ တင်းဝန်းကျင်ပဲ" ဟု နှမ်းတောင်သူတစ်ဦးကပြောသည်။ တပို့တွဲလကုန် တပေါင်းလဆန်းရက် ပခုက္ကူပွဲရုံများ သတင်းအရ နှမ်းဖြူရှယ်တစ်တင်း ငွေကျပ် ၄၀၀၀၀ ဝန်းကျင်၊ နှမ်းနက် ငွေကျပ် ၃၇၃၀၀(ပြင်) နှမ်းဝါ ငွေကျပ် ၃၈၀၀၀၊ နှမ်းညို ငွေကျပ် ၃၆၀၀၀၊ နှမ်းဖတ် တစ်ပိဿာ ငွေ ၁၀၁၀ ကျပ်၊ နှမ်းဆီသန့် တစ် ပိဿာ ငွေကျပ် ၄၁၅၀၊ နှမ်းနီ ငွေကျပ် ၃၃၅၀၀၊ ဈေးနှုန်းများနှင့် ရောင်းဝယ်နေကြောင်း သိရသည်။ "၂၀၁၁ ခုနှစ်တုန်းက တရုတ်ဝယ်လက်အကြိုက် နှမ်းနက် တစ်တင်း ငွေကျပ် ၁၇၅၀၀၊ နှမ်းညို ငွေကျပ် ၁၈၀၀၀၊ ယောနှမ်းနီ ငွေကျပ် ၁၉၀၀၀ ဈေးပေါက်ခဲ့တယ်။ ပခုက္ကူမှာ ပွဲရုံ ၃၀ နီးပါးရှိတယ်" ဟု ကုန်သည်ကြီး တစ်ဦးက ပြောကြားသည်။ ပခုက္ကူပွဲရုံများသို့ အလောင်းတော်ကဿပနယ်မြေနှင့် ယောနယ်၊ မြိုင်နယ်မှ နှစ်စဉ် နှမ်းတင်းပေါင်း တစ်သိန်းဝန်းကျင် လာရောက် ရောင်းချကြောင်း ၎င်းကဆက်လက် ပြောကြားသည်။ ပခုက္ကူဒေသ ဆီကြိတ် သမားများသည် ဈေးကောင်းသော နှမ်းဖြူ နှမ်းနက်ကို ချန်၍ ကျန် နှမ်းများကို ဆီကြိတ်၍ မြန်မာပြည် အရပ်ရပ်သို့ တင်ပို့ရောင်းချကြသည်။ မှတ်တမ်း မှတ်ရာများအရ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၉၇၀- ၁၉၇၁ ခုနှစ် နှမ်းစိုက်ဧက ထောင်ပေါင်း ၈၃၉၊ မကွေးတိုင်းဒေသကြီး ၁၉၇၀-၁၉၇၁ ခုနှစ် နှမ်းစိုက်ဧက ထောင်ပေါင်း ၇၃၆၊ မန္တလေးတိုင်းဒေသကြီး ၁၉၈၀-၈၁ နှမ်းစိုက် ဧက ထောင်ပေါင်း ၁၅၆၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၉၈၀-၈၁ စိုက်ဧကထောင်ပေါင်း ၈၀၇၊ မကွေးတိုင်းဒေသကြီး ၁၉၈၀-၈၁ စိုက်ဧကထောင်ပေါင်း ၁၀၂၄၊ မန္တလေးတိုင်းဒေသကြီး ၁၉၉၀-၉၁ စိုက်ဧကထောင်ပေါင်း ၁၀၂၂၊ စစ်ကိုင်းတိုင်းဒေသကြီး၁၉၉၀-၉၁ စိုက်ဧက ထောင်ပေါင်း ၇၉၂၊ မကွေးတိုင်းဒေသကြီး ၁၉၉၀-၉၁ စိုက်ဧက ထောင်ပေါင်း ၁၀၈၆၊ မန္တလေးတိုင်းဒေသကြီး ၁၉၉၅-၉၆ စိုက်ဧကထောင်ပေါင်း ၁၀၅၇၊ စစ်ကိုင်းတိုင်းဒေသကြီး ၁၉၉၅-၉၆ စိုက်ဧက ထောင်ပေါင်း ၅၆၄၊ မကွေးတိုင်းဒေသကြီး ၁၉၉၅-၉၆ စိုက်ဧက ထောင်ပေါင်း ၁၁၅၈ အထိ စိုက်ပျိုးခဲ့သည်။ **နေဦးမောင်(ပခုက္ကူ)**

ပြင်ဦးလွင်၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

မန္တလေး မတ် ၁၅

ပြင်ဦးလွင်ခရိုင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီနှင့် ခရိုင်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ပွင့်လင်းရာသီမီးလောင်မှုကင်းဝေးစေရေးအတွက် ကွင်းဆင်းစစ်ဆေးပညာပေးဟောပြောခြင်း၊ လေ့ကျင့်ခြင်းများကို စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်ကာ မျက်ခြည်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက် နံနက်က ရပ်ကွက်ကြီး (၉)၊ စိုးရတနာဌေး စက်သုံးဆီအရောင်းဆိုင်ကို ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးသည် ဆိုင်မန်နေဂျာ ဦးကျော်စိုးမိုးနှင့် ဝန်ထမ်းများကို တွေ့ဆုံပြီး လက်ရှိဖြစ်ပွားနေသော ဆီမီးလောင်မှု၊ လောင်ဆီအန္တရာယ်၊ သိုလှောင်ရောင်းချဖလှယ်ရာတွင်ဆောင်ရန်၊ ရှောင်ရန်များ၊ ရှေးဦးမီးသတ်ဆေးဘူး၊ မီးငြိမ်းသတ်ရေးပစ္စည်းများအကြောင်း၊ မီးငြိမ်းသတ်နည်းများအကြောင်းကို အကျယ်တဝင့် ပညာပေးဟောပြောသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် မန်နေဂျာက မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများ၊ အသင့်အနေအထား ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ တက်ရောက်သော ဝန်ထမ်းများက သိရှိလိုသောအချက်များကို မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိနှင့်တပ်ဖွဲ့ဝင်များက ဆိုင်အတွင်းလျှပ်စစ်ဝိုင်ယာကြိုးအသုံးပြု သွယ်တန်းထားမှု၊ ဆီသိုလှောင်ကန်ဝန်းကျင် လောင်စာအမှိုက်ကင်းစင်မှု၊ မီးချိတ် မီးကပ်၊ သဲပုံး ရေပုံးထားရှိမှု၊ ရေအလွယ်တကူရရှိမှု၊ အရေးပေါ် ဝင်ပေါက်ထွက်ပေါက်များ၊ ဆီရောင်းချသည့် ပန့်စက်များ လည်ပတ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ ထို့နောက် မန်နေဂျာနှင့်ဝန်ထမ်းများအား၊ ဆီရိုးရိုး၊ လျှပ်စစ်မီးများတွင် တစ်ပိုင်တစ်နိုင်မီးသတ်ဆေးဘူးအသုံးချ၊ အသုံးပြုနည်းများ၊ အနိမ့်ဆုံး၊ အလွယ်ဆုံး ဂုန်နီအိတ်ရေစွတ် မီးငြိမ်းသတ်နည်းများကို ပြသပြီး ဝန်ထမ်းတစ်ဦးက လက်တွေ့ငြိမ်းသတ်နည်းများကို ပြသခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

တောင်တွင်းကြီးမြို့နယ်မှ တောင်သူများ ညောင်ပင်သာစံပြစိုက်ကွင်း လေ့လာကြည့်ရှု

တောင်တွင်းကြီး မတ် ၁၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးကြည်သိန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးရွှေအိုးတို့ ဦးဆောင်၍ တောင်တွင်းကြီးမြို့နယ်မှ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၁၆ ရွာမှ အစေ့ထုတ်ပြောင်းစိုက်ပျိုးမည့် တောင်သူ ၅၃ ဦးသည် မတ် ၁၃ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ် ၁၀၆/၁၀၇ ရှိ မြတ်အိန္ဒြေကုမ္ပဏီမှ စိုက်ပျိုးထားသည့် ဖြူးမြို့နယ် ညောင်ပင်သာစံပြစိုက်ကွင်းဧက ၂၀၀၀ ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြတ်အိန္ဒြေကုမ္ပဏီဥက္ကဋ္ဌ ဦးမြတ်သူက အစေ့ထုတ်ပြောင်း စိုက်ပျိုးပုံအဆင့်ဆင့်နှင့်အထွက်နှုန်းကောင်း၍ တောင်သူများ တွက်ခြေကိုက်သည့် သီးနှံဖြစ်ကြောင်း၊ ဈေးကွက်ကောင်းသဖြင့် တောင်သူများ စိုက်ပျိုးရမည့်သီးနှံဖြစ်ကြောင်း၊ တစ်နှစ် နှစ်သီးစား စိုက်ပျိုးနိုင်ကြောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

လေ့လာ

ထို့နောက် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့် လယ်ယာမြေဧက ၃၀၀၀ ကို လေ့လာခဲ့ရာ ညွှန်ကြားရေးမှူး ဦးသန်းကြိုင်က ရာသီအလိုက် စိုက်ပျိုးထားသည့် သီးနှံများ၊ စက်မှုလယ်ယာစနစ်ဖော်ထုတ်ရသည့် အကြောင်းအရင်းနှင့် အကျိုးအမြတ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ နေပြည်တော် ချိုင်းကျေးရွာရှိ စက်မှုလယ်ယာသုံး စက်ကိရိယာပြပွဲကို လေ့လာခဲ့ကြောင်း သိရသည်။

အလားတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ငွေတို့ ဦးဆောင်၍ ဆင်ပေါင်ဝဲမြို့နယ်မှ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း၃၅ ရွာမှ တောင်သူ ၅၀ တို့သည်လည်း အဆိုပါ ဒေသများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သုတ၊ ရသစာအုပ်၊ ဂျာနယ် သတင်းစာများလှူဒါန်း

ကောလင်း မတ် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ (၆၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် သုတ၊ ရသစာအုပ်၊ ဂျာနယ်၊ သတင်းစာများ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မတ် ၁၃ ရက်က မြို့နယ်စာရေးဆရာအသင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောလင်းမြို့ ခင်မို့မို့စာပေ၊ ကြယ်စင်စာပေ၊ ကောလင်းမြို့ မြို့မရပ် ဦးအောင်စိန်(ခေါက်ဆွဲ) မိသားစုတို့က ပေးအပ်လှူဒါန်းကြသော သုတ၊ ရသစာအုပ် ၁၅၀၊ ဂျာနယ် ၅၀၀၊ သတင်းစာ ၂၀၀ တို့ကို မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးပြည့်စုံငြိမ်း (ရွှေလင်းပြည့်စုံ) သို့ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။ (၀၉၂)

နေ့ညမဟူ သတိမူ ရန်သူ မီး ကိုသာ

ထူးခြားရှားပါး ပိတောက်နက်

မကွေးမြို့၏ သမိုင်းဝင်မြသလွန်စေတီမြေကို ဘုရားသမိုင်းအဆိုအရ နဂုတ္တမတောင်ဟု အမည်တွင်ခဲ့သည်။

မြသလွန်စေတီကုန်းမြေ နဂုတ္တမတောင်ထိပ်ဓာတ်တော်တိုက်အနီးတွင် ပင်စည်လုံးပတ် လက်မ ၂၀ ခန့်၊ အမြင့်ပေ ၃၀ ခန့်ရှိသော ထူးခြား၍ ရှားပါးလှသော ပိတောက်နက်ပင်ကို တွေ့နိုင်ပါသည်။ ယင်းပိတောက်နက်ပင်ကို ၁၉၈၃ ခုနှစ်က မြသလွန်စေတီကုန်းတော်ဘုရားဝတ္တကမြေပေါ်သို့ ပြောင်းရွှေ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ ပိတောက်နက်ပင်သည် နှစ် ၃၀ သက်တမ်းရှိပြီဖြစ်သည်။ ပိတောက်နက်ပင်သည် အပွေးအခေါက်ထူပြီး သာမန်ပိတောက်ပင်များကဲ့သို့အရွက်မဖားဘဲ အရွယ်သေးသည်။ ပိတောက်နက်၏ အနှစ်သည် အနက်ရောင်ရှိသည်ဟုဆိုသည်။ အဆိုပါ ပိတောက်နက်မျိုးသည် အလွန်ရှားပါးပြီး မြန်မာနိုင်ငံသစ်တောများထဲ၌ တွေ့ရခဲသော အပင်မျိုးဖြစ်ကြောင်း သိရသည်။

မကွေး (လှမြင့်)

နေပြည်တော်ဗုဒ္ဓဂယာလာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီ

နေပြည်တော် မတ် ၁၅

နေပြည်တော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော် ဥတ္တရသီရိမြို့မြောက်ဘက် ခွာညိုပန်းအဝိုင်းမှ ၅ မိုင် ၆ ဖာလုံအကွာ ဥဒယရံသီကုန်းတော်၌ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၄ ရက်က အေစီအီးကုမ္ပဏီနှင့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီတို့ စတင်တည်ဆောက်ခဲ့သည့် နေပြည်တော် ဗုဒ္ဓဂယာသည် ယခုအခါ ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီးနေပြီဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြည်ညိုရသည့်အတိုင်း ကုသိုလ်သဒ္ဓါပွားများနိုင်စေရန် လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟ ခုနစ်ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစ္စလိန္ဒာရေကန်တော်နှင့် ရာဇာယတနလင်းလွန်းပင်တို့သည် ဂေါတမ မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာ အိန္ဒိယသမ္မတနိုင်ငံ၊ ဂယာမြို့ ဗုဒ္ဓဂယာနှင့် ပုံစံတူ အရွယ်တူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဓာတ်ပုံ - မြန်မာ့အလင်း

ယခုအခါ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်တည်းခိုဖူးမြော် ကြည်ညိုနိုင်ရေးအတွက် အမျိုးသားတည်းခိုဆောင်များနှင့်၊ အမျိုးသမီးတည်းခိုဆောင်များ ဆက်လက်တည်ဆောက်လျက်ရှိရာ ရပ်နီးရပ်ဝေးရှိအလှူရှင်များအနေဖြင့် စေတနာသဒ္ဓါတရား ပွားများပြီး အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးကံချွန် (နေပြည်တော်ကောင်စီဝင်)၊ အတွင်းရေးမှူး၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဖုန်း-၀၆၇-၄၁၄၂၀၂နှင့် ၀၆၇- ၄၁၄၂၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မင်းမင်းဇော် (ကလေး)

ပြည်တွင်းသတင်း

လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးများအတွင်း ကွင်းဆင်း

နေပြည်တော် မတ် ၁၅

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆုရွေးချယ်ရေးအတွက် လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်နှင့် အဖွဲ့ဝင်များသည် မတ် ၅ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဘိုးဘွားရိပ်သာ၌ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုကို သက်စွန့်ကြိုးပမ်းကယ်တင် စွမ်းဆောင်သူဆုစာရင်းတွင် ပါဝင်သူများအား တွေ့ဆုံမေးမြန်းသည်။

ရှေးဦးစွာ လူမှုရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက အများပြည်သူဘေးအန္တရာယ်ကျရောက်မှုကို သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆု(ပုဂ္ဂိုလ်ရေးဆိုင်ရာဆု) အရည်အချင်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖြူးမြို့ သိမ်ကုန်းရပ်ကွက် အုတ်ဖြတ်လမ်း အိမ်အမှတ်(၂) ဒေါ်ကျင်မြ၏ နေအိမ်၌ မီးအားမြှင့်စက်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်တွင် မီးငြိမ်းသတ်ရာမှ မီးခိုးမွန်းကျပ်၍ တာဝန်ထမ်းဆောင်ရင်းသေဆုံးခဲ့သည့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးငြိမ်း ၅၆ နှစ်၏ ဖြစ်စဉ်တွင်ပါဝင်သည့် မျက်မြင်သက်သေများအား တွေ့ဆုံပြီး အတွေ့အကြုံများကို မေးမြန်းသည်။

ယင်းနောက် ဖြူးမြို့ ဘိုးဘွားရိပ်သာကို ကြည့်ရှုစစ်ဆေးပြီး ဘိုးဘွားများကို အားပေး၍ ရိပ်သာအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် မတ် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး သတ္တုနှင့်သစ်တောရေးရာဝန်ကြီး ဦးစိုးမြင့်နှင့်အတူ ပုသိမ်မြို့ တိုင်းဒေသကြီး မူလတန်းကြိုကျောင်း၌ ၂၀၁၂ ခုနှစ် မတ် ၂၀ ရက်တွင် ပုသိမ်-ငပုတော-သရက်တော ရေယာဉ်လိုင်းပြေးဆွဲနေသည့် ပုသိမ်သူ(၁၁) ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်၌ မိမိ၏ အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ လူကြီး ခြောက်ဦးနှင့် ကလေးတစ်ဦးကို အသက်ဘေးမှ ကယ်တင်နိုင်ခဲ့သည့် ကျောင်းဆရာ ဦးဆောင်းမင်းစိုးနှင့် အသိသက်သေများကို တွေ့ဆုံမေးမြန်းသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌသည် မတ် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဌာန၌ လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ရဲကျော်စွာအောင်လှ၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက် မေတ္တာမွန်ဂိုဒေါင်ဝင်းအတွင်း မီးလောင်မှုဖြစ်စဉ်တွင် ၎င်းကိုယ်တိုင် ဒဏ်ရာပြင်းထန်စွာ ရရှိနေသော်လည်း မိမိတပ်ဖွဲ့ဝင် ခြောက်ဦးကို မီးလောင်ပြင်ထဲမှ ဝင်ရောက်ကယ်တင်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခြင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း (MITT)ဝင်းရှိ မီးလောင်မှုဖြစ်စဉ်တွင် မီးလောင်နေရာမှ မော်တော်ယာဉ်သိုလှောင်ဝင်းသို့ မီးကူးစက်ခြင်းမရှိစေရန် နာရီပေါင်းများစွာ စွမ်းစွမ်းတမံ ဦးဆောင်မီးငြိမ်းသတ်ခြင်း၊ ၂၀၁၂ ခုနှစ် မေ ၃၀ ရက် လမ်းမတော် မြို့နယ်(၃) ရပ်ကွက်(၇)လမ်း မီးလောင်မှုဖြစ်ပွားရာမှ မီးခိုးများ ပိတ်လှောင်နေသည့် အခန်းအတွင်းရှိ မစုစန္ဒီအောင်အား အသက်ရှူကိရိယာ BA Set ဖြင့် ဝင်ရောက်ကယ်တင်ခြင်း၊ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၇ ရက် လမ်းမတော်မြို့နယ် မီးရထားအိမ်ရာဝင်းရှိ ဂက်(စ်) မီးဖိုအပိုပစ္စည်းအရောင်းဆိုင် မီးလောင်မှုဖြစ်စဉ်တွင် ၎င်းကိုယ်တိုင် ဒဏ်ရာရရှိသည်အထိ မီးငြိမ်းသတ်ခြင်းနှင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြဝတီ စက်သုံးဆီဖြန့်ဖြူးရေးဝင်း အနောက်ဘက် လှိုင်မြစ်ပေါ်တွင် မီးလောင်မျှောပါလာသည့် ဆီတင်သင်္ဘောကို မီးလောင်ကျွမ်းမှုကြီး မဖြစ်အောင် စွန့်စွန့်စားစား မီးငြိမ်းသတ်ခြင်းတို့အား ဖြစ်စဉ်တစ်ခုချင်းစီအလိုက် ဆောင်ရွက်ခဲ့မှုများကို မျက်မြင်သက်သေများဖြင့် မေးမြန်းသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို သဘာဝဘေးအန္တရာယ်ကျရောက်မည့် အခြေအနေတွင်ဖြစ်စေ၊ ကျရောက်ဆဲနှင့် ကျရောက်ပြီးအချိန်များတွင်ဖြစ်စေ မိမိအသက်ကို ပဓာနမထားဘဲ စံတင်လောက်သည့် စွန့်စားခြင်းမျိုးဖြင့် အသက်စွန့်၍ အများပြည်သူ အသက်ကို ကယ်တင်ခြင်း၊ ဘေးအန္တရာယ်များနှင့် မတော်တဆထိခိုက်ဒဏ်ရာရမှုများတွင် လူ့အသက်ဆုံးရှုံးမှု မရှိစေရန် ကာကွယ်တားဆီးခြင်း၊ မိမိအသက်အန္တရာယ်နှင့်တကွ အခြားသောကျရောက်နိုင်သည့် အန္တရာယ်များကို လျစ်လျူရှု၍ ထူးကဲမြင့်မားသော စိတ်ဓာတ်ဖြင့် အများပြည်သူအား သက်စွန့်ကြိုးပမ်းကယ်တင်ခြင်း၊ သဘာဝဘေးအန္တရာယ်အပါအဝင် အများပြည်သူအန္တရာယ်ကျရောက်စဉ်အတွင်း ဘေးသင့်ပြည်သူများကို ကယ်ဆယ်ရန်အတွက် သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံဆောင်ရွက်ခြင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ထိခိုက်ဆုံးရှုံးခြင်းစသည့် သတ်မှတ်အရည်အချင်းများဖြင့် ပြည့်စုံသူများကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန်အတွက် လုပ်ငန်းကော်မတီက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဖွဲ့များခွဲ၍ စိစစ်ရွေးချယ်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို ယခုနှစ် ဧပြီလဆန်းပိုင်းတွင် နေပြည်တော်၌ အခမ်းအနားဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ် ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာလူငယ် ရေကူးအဖွဲ့ စင်ကာပူသို့ထွက်ခွာ

ရန်ကုန် မတ် ၁၅

၂၀၁၃ ခုနှစ် မတ် ၁၅ ရက်မှ ၁၈ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပမည့် Singapore National Age Group Swimming Championship 2013 လူငယ်ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အဖွဲ့ဝင် ခြောက်ဦးပါဝင်သော မြန်မာလူငယ်ရေကူးအဖွဲ့သည် မတ် ၁၂ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားကြရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ် ရေကူးအဖွဲ့တွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် နည်းပြ MR.NAKAYAMA KAZUSHI၊ အားကစားသမားများအဖြစ် အံ့ခေါင်ထွဋ်၊ စိုင်းအောင်ကျော်ဇော၊ မခန့်ခန့်စုစံ၊ မဆုမိုးသိမ့်စံနှင့် မအင်ကြင်းကေခိုင်တို့ ပါဝင်ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာ့အလင်း)

ကျိုင်းတုံမြို့ တက္ကသိုလ်ဝင်စာမေးပွဲကာလအတွင်း ဓာတ်အားပိုမိုရရှိရေးနှင့် ဓာတ်အားမပြတ်တောက်စေရေးအတွက် တွဲဖက်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက စာသင်ကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ကိုယ်ပွား(ကျိုင်းတုံ)

ဒို့ကျေးရွာ ဂျာနယ်ထွက်ပါပြီ

နေပြည်တော် မတ် ၁၅

ဒို့ကျေးရွာဂျာနယ် အတွဲ (၁၀) အမှတ်(၆)ကို ၂၀၁၃ ခုနှစ် မတ် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် သဘာဝဒဏ်ကို အန်တုနိုင်မည့် သီးနှံမျိုးများ၊ ပိုးသတ်ဆေးနှင့်ဘေး၊ ၄၆ နှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် စံချိန်တင်အများဆုံး တင်ပို့နိုင်ခဲ့စသည့် စိုက်ပျိုးရေးဆောင်းပါး၊ မွေးမြူရေးဆောင်းပါးများ၊ အသည်းအဆီဖုံးရောဂါ ပျောက်ကင်းဖွယ်ရှိခြင်း၊ ဖရဲသီးနှင့် အသားအရေကျန်းမာရေးဆောင်းပါးများ၊ အသိပေးပညာသုတ/ရသ ဆောင်းပါးများအပြင် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာသတင်းများ၊ တစ်ဝက်လျှော့နေသော ဖန်ခွက်များ ဝတ္ထုတို တို့အပြင် ကဗျာ၊ ဟာသ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၁၆၊ ၃၇၁၃၄၂ သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

ပညာရွှေအိုး လူမခိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်တွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများခေါ်ယူပါသည်။

(က) မော်ကွန်းထိန်း-၂ လစာနှုန်း(၅၉၀၀၀ိ-၁၀၀၀ိ-၆၄၀၀၀ိ) ရာထူးနေရာ (၁)နေရာ

(ခ) ကွန်ပျူတာစီစဉ်ရေးမှူး လစာနှုန်း(၅၉၀၀၀ိ-၁၀၀၀ိ-၆၄၀၀၀ိ) ရာထူးနေရာ (၂)နေရာ

(ဂ) မှတ်တမ်းထိန်း-၃ လစာနှုန်း(၅၃၀၀၀ိ-၁၀၀၀ိ-၅၈၀၀၀ိ) ရာထူးနေရာ (၂)နေရာ

(ဃ) မော်ကွန်းထိန်း-၃ လစာနှုန်း(၅၃၀၀၀ိ-၁၀၀၀ိ-၅၈၀၀၀ိ) ရာထူးနေရာ (၂)နေရာ

(င) အကြီးတန်းစာရေး လစာနှုန်း(၅၃၀၀၀ိ-၁၀၀၀ိ-၅၈၀၀၀ိ) ရာထူးနေရာ (၃)နေရာ

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)ရာထူးနေရာအတွက် လျှောက်ထားသူသည် မဟာဝိဇ္ဇာဘွဲ့ (သမိုင်း)ရရှိထားသူဖြစ်ရမည်။ (ဤဦးစီးဌာနမှ ဝင်ရောက်ဖြေဆိုလိုသူ ဝန်ထမ်းများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်)
အမှတ်စဉ်(ခ)ရာထူးနေရာအတွက် လျှောက်ထားသူသည် B.C.Sc ဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ်(ဂ၊ ဃ၊ င)ရာထူးနေရာအတွက် လျှောက်ထားသူသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ကွန်ပျူတာဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာတစ်ခုရှိရမည် (သို့မဟုတ်) ကွန်ပျူတာကျွမ်းကျင်မှုအတွက် ပဏာမစစ်ဆေးခံရမည်။

(ဃ) ၁-၃-၂၀၁၃ရက်တွင် အသက်(၃၀)ထက်မကြီးသူ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။

(င) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် အနည်းဆုံး(၅)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)ရုံးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တို့တွင် ရယူနိုင်ပါသည်။

လျှောက်လွှာပုံစံနှင့်အတူ

(က) အခြေခံပညာအထက်တန်း အောင်လက်မှတ် မိတ္တူ/ဘွဲ့ရလက်မှတ်မိတ္တူ

(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅)ပုံ

(ဂ) သက်ဆိုင်ရာရဲစခန်းမှ ၁၀-၃-၂၀၁၃ရက် နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်း

(ဃ) မှတ်ပုံတင်မိတ္တူ

(င) စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

(စ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ် ပူးတွဲပါရှိရပါမည်။

၄။ အစိုးရဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဤဦးစီးဌာန (ရန်ကုန်) ရုံးသို့ ၂၀-၃-၂၀၁၃ရက်အရောက်ပေးပို့ရမည်။

၅။ ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲများကို ၂၃-၃-၂၀၁၃ရက်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အင်္ဂလိပ်စာ

(ခ) ကွန်ပျူတာကျွမ်းကျင်မှု

၆။ လျှောက်လွှာများကို စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အမှတ် ၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ (သို့မဟုတ်)ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ ရုံးအမှတ် ၃၂၊ နေပြည်တော်တို့သို့ လိပ်မူ၍ ၂၀-၃-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်။

၇။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ လူကိုယ်တိုင်(သို့မဟုတ်) ဖုန်း-၀၁-၃၉၅၂၄၈၊ ၀၁-၃၇၀၇၇၈သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

မှတ်ချက်။ ၁၄-၃-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဤဦးစီးဌာနမှ လျှောက်လွှာ ခေါ်ယူခဲ့သော ရာထူးနေရာများအစား ယခုလျှောက်လွှာခေါ်ယူထားသော ရာထူးနေရာများအား ပြောင်းလဲခေါ်ယူလိုက်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ခုနှစ်အတွင်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Cannon Printer ဆေးဘူးများ

(ခ) HP Printer ဆေးဘူးများ

(ဂ) Cannon Copier ဆေးဘူးများ

(ဃ) Sharp Copier ဆေးဘူးများ

(င) Duplo ဆေးဘူးများ

(စ) Duplo ဖယောင်းများ

(ဆ) Foreign Paper Duble A4 80 gm

၂။ တင်ဒါပုံစံရောင်းချမည့်ရက် အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ ရက်မှ ၁၉-၃-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်

၃။ အဆိုပါအိတ်ဖွင့်ဈေးနှုန်းလွှာများကို ၂၀-၃-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ နောက်ဆုံးထား၍ ရုံးအမှတ်(၁) နေပြည်တော်ရှိ ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၇၁၀၉၊ ၀၆၇-၄၀၇၀၉၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကြီးကြပ်မှုကော်မတီ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

[redacted]

ထားဝယ်မြို့ ရွှေတောင်စားစေတီတော်ကြီး လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပူဇော်နိုင်ရန် အလှူငွေပေးအပ်

နေပြည်တော် မတ် ၁၅

တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့ ရွှေတောင်စားစေတီတော်ကြီး **(ယာပုံ)**၏ လုံးတော်ပြည့်ရွှေသက်န်း ကပ်လှူပူဇော်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁၃ ရက်က ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့်တွဲဖက်ပြီးကျင်းပခဲ့သည်။ အလှူငွေပေးအပ်ပွဲအခမ်းအနားကို စေတီတော်အနီး မဟာဓမ္မာရုံကြီး၌ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ကျပ် ၄၆၅ ဒသမ ၈ သိန်း၊ ဦးရန်ဝင်း-ဒေါ်လွင်လွင်ဝေ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်း ၁၁၃၀၊ ဒေါက်တာနိုင်ထွန်း အောင်-ဒေါက်တာဝေဝေယဉ်မိသားစုက ငွေကျပ် သိန်း ၉၀၀၊ ဦးအောင်ကိုဝင်း-ဒေါ်နန်းသန်းထွေး ကမ္ဘောဇဘဏ်လီမိတက်က သိန်း ၅၀၀၊ ဦးဇော်ဇော် (ဧရာမြန်မာကုမ္ပဏီလီမိတက်) က သိန်း ၅၀၀၊ ဦးထွန်းမြင့်နိုင် (Asia World Co., Ltd.) က သိန်း ၅၀၀၊ ဦးလှမျိုး (အောင်မြင်သူအုပ်စု ကုမ္ပဏီလီမိတက်)က သိန်း ၃၀၀၊ ဦးအောင်မျိုးမင်းဒင် (Adventure Myanmar Co., Ltd.) က သိန်း ၃၀၀၊ ဦးမြင့်လွင် (တာမိုးညဲ)မိသားစုက သိန်း၂၅၀၊ ဦးစိုးတစ်အောင်-ဒေါ်နန်းယုန်း (နောင်တိုဆောက်လုပ်ရေးကုမ္ပဏီ)က သိန်း၂၀၀၊ ဦးမောင်နိုင်နှင့်ဦးဌေးတို့က သိန်း ၁၅၀၊ ဒေါက်တာ ထွန်းမင်းလတ်-ဒေါက်တာဝင်းမင်းစိုးမိသားစု (ကြယ်နီလာကုမ္ပဏီ)က ၁၃၆ သိန်း၊ ဦးအုံးကျော် (Max Myanmar ဆောက်လုပ်ရေးကုမ္ပဏီ)က သိန်း ၁၀၀၊ ဦးဂျွန်နသန် (KT Development Co., Ltd.)က သိန်း ၁၀၀၊ ဦးကျော်စိန် (Jewellery Luck Co.,Ltd & Nature Link Travel and Tour Co.,Ltd)က သိန်း ၁၀၀၊ ဦးမောင်မောင်အုန်း-ဒေါ်နီလာမြင့် မိသားစု (မြင့်မြတ်ကျော်ကုမ္ပဏီ) က သိန်း ၉၀ လှူဒါန်းသည်။

ထို့အတူလျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီးမိသားစုက သိန်း ၅၀၊ ဦးလှသန်း (ပြည့်ဖြိုးထွန်းကုမ္ပဏီ)က သိန်း ၅၀၊ ဦးနေအောင်-ဒေါ်ခင်မိုးညွန့် (ယူနိုက်တက်အမရဘဏ်)က သိန်း ၃၀၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဆက်စပ်လုပ်ငန်းများက သိန်း ၁၀၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် ဆက်စပ်ကုမ္ပဏီများက ၁၀၂ သိန်း၊ ဦးသာဌေး-ဒေါ်ကြည်ခင် (Original Group ဆောက်လုပ်ရေးကုမ္ပဏီ)က သိန်း ၁၀၀၊ ဦးအောင်မျိုးဟိန်း-ဒေါ်နီနီတင်ထွန်း (Authentic ဆောက်လုပ်ရေးကုမ္ပဏီ)က သိန်း ၁၀၀၊ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီ)က သိန်း ၃၀၊ ဗိုလ်ကြီးစိုးမောင်မောင်က ငါးသိန်း လှူဒါန်းခဲ့ကြသည်။ စုစုပေါင်း လှူဒါန်းငွေမှာ ကျပ်သိန်းပေါင်း ၆၅၅၈ ဒသမ ၈ သိန်းဖြစ်ပြီး ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ရွှေတောင်စားစေတီတော် ဂေါပကအဖွဲ့ ဖုန်း ၀၅၉-၂၁၁၆၁၊ ၀၉၄၉၈၅၀၁၈၇၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူး ၀၅၉-၂၃၅၅၆၊ ၀၉-၈၇၆၀၁၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရွှေတောင်စားစေတီတော်မြတ်ကြီးသည် ထားဝယ်မြို့လယ်တွင် တည်ရှိသော ရှေးဟောင်းစေတီတစ်ဆူဖြစ်သည်။ စေတီတော်မြတ်ကြီး၏ တည်ထားပုံမှာ အချိုးအစား ညီညွတ်မျှတပါသည်။ ဖိနပ်တော်ပစ္စယာ၊ ရှေ့မြောက်ခေါင်းလောင်း၊ ရင်စည်း၊ သပိတ်မှောက်၊ ဘီလူးပန်းဆွဲ၊ ဖောင်းရစ်ကြာမှောက်၊ ရွဲကြာလံ၊ ချရားသီး၊ ထီးစသည့် ၁၃ ခန်းသော စေတီ၏အင်္ဂါရပ်များနှင့်ပြည့်စုံသည်။ ဖိနပ်တော်မှာ စက်ဝိုင်းပုံသဏ္ဌာန် စစ်စစ်မဟုတ်ဘဲ ထောင့်ကွက် ၁၆ ကွက်ဖြင့် အခြေခံထားသည်။ ထီးတော်တင်ထားပုံကလည်း ရွှေတိဂုံစေတီတော်ကြီးနှင့် အလွန်တူလှပါသည်။ စေတီတော်ကြီးသည် ပြည့်ဖြိုးခြင်း၊ ပြေပြစ်ခြင်း၊ ကြံ့ခိုင်ခြင်း၊ တည်ငြိမ်ခြင်း၊ တက်ကြွခြင်း၊ သိမ်မွေ့ခြင်းစသည့် ရသများကို ဖော်ပြနေခြင်းကြောင့် ဖူးမြော်ရသူအပေါင်းကို နှလုံးစိတ်ဝမ်းအေးချမ်းစေသည်။ **စစ်မင်း(တောင်တွင်း)**

2013 4th JAPAN CUP KARATEDO CHAMPIONSHIP ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးတို့ပူးပေါင်းလျက် ဂျပန်ကုန်သည်ကြီးများအသင်း (ရန်ကုန်) (JCCY)၏ အဓိက ပံ့ပိုးမှုဖြင့် 2013 4th JAPAN CUP KARATEDO CHAMPIONSHIP ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားရန် စီစဉ်ထားသည်။

ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အောက် KIHON ပြိုင်ပွဲ၊ အသက် ၁၂၊ ၁၅ နှစ် HEIAN AND TEKKI (1) KATA ပြိုင်ပွဲ၊ အသက် ၁၄၊ ၁၅ နှစ် NKF KATA ပြိုင်ပွဲနှင့် WKF SENIOR CHAMPIONSHIP ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ရုံး ဖုန်း- ၀၁-၃၇၉၉၃၉သို့ မတ် ၂၆ ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း မတ် ၁၅

ကျေးလက်နေပြည်သူများ စာပေဗဟုသုတ တိုးပွားရရှိစေရေးအတွက် ရန်ကုန်မြို့ရှိ စာအုပ်အလှူရှင်များနှင့် မီဒီယာအဖွဲ့များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၁၅ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာအုပ်စု ဒွန်းတဘက်ကျေးရွာ ပညာရွှာ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စာအုပ်စာစောင်အလှူရှင် မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်) မန်နေဂျာ ဦးဝေဖြိုးသန်းနှင့် ဝန်ထမ်းများက စာအုပ်၊ စာစောင်၊ ဂျာနယ် ၁၀၀၊ ရန်ကုန်မီဒီယာအဖွဲ့မှ ဦးဟဲမင်းဝေ (သတင်းချစ်သူများအဖွဲ့)က စာအုပ်စာစောင်၊ ဂျာနယ် ၁၀၀ နှင့် မော်လမြိုင်ကျွန်းမြို့နယ်မှ အလှူရှင်များက စာအုပ်၊ စာစောင်၊ ဂျာနယ် ၅၄ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုဦးစီးကော်မတီဝင် ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)က ပေးအပ်လှူဒါန်းရာ ဒွန်းတဘက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်မော်နှင့် စာကြည့်တိုက်မှူး ဦးဝင်းဗိုလ်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါ ဒွန်းတဘက်ကျေးရွာ ပညာရွှာ ကျေးလက်စာကြည့်တိုက်တွင် သုတရသ စာအုပ်များအပါအဝင် စာအုပ်စာစောင်နှင့် ဂျာနယ်အုပ်ရေ ၃၀၀၀ ကျော် စုဆောင်းထားရှိပြီး ကျေးလက်နေပြည်သူများက စာအုပ်စာစောင်များကို စိတ်ဝင်စားစွာ လာရောက် ဖတ်ရှုလျက်ရှိကြောင်း သိရသည်။ **(ဝ၆၅)**

ဘုရားကျောင်းကန် ခြင်းမချန် မီး ရန် သတိထားပါ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ ပြည်ထောင်စုလမ်းမကြီး၊ မြေကွက်အမှတ် ပ/၉၄၊ ဝဒသမ၅၅၅၈ကေရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်အေးမြမြညွန့် ၁၂/ဒပန(နိုင်)၀၀၀၉၁၂ထံမှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခွန်ဖုန်း
၁/မကန(နိုင်)၀၃၁၉၃၈
အမှတ် ၁၂၉၊ ဦးကြင်ဥလမ်း၊ ၃၂ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

အများသိစေရန်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ သိပ္ပံကျောင်းလမ်း၊ အိမ်အမှတ်(၃၁-အီး)၊ အကွက်အမှတ်(၅၉)၊ ဦးပိုင်အမှတ်(၉၆/ခ)၊ ဧရိယာ ၀ ဒသမ ၀၄၆ ဧက နှစ် ၃၀အငှားဂရန်အမှတ်-ငါး/၃၀/၁၉၈၇-၈၈ ရှိ မြေသည် ဦးဘလှိုင်၊ ဒေါ်ယဉ်သွယ်အမည်ဖြင့် နှစ် ၃၀ အငှားဂရန်ရရှိထားပြီး အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဖော်ပြပါအငှားဂရန်မှာပျောက်ဆုံးနေပြီး ဖော်ပြပါမြေပေါ်တွင် ကျွန်တော် ဦးဘလှိုင်နှင့် ဇနီး ဒေါ်ယဉ်သွယ် မိသားစုများမှ နေထိုင်လျက်ရှိပါကြောင်း၊ ကန့်ကွက်လိုသူမှ ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဘလှိုင်-ဒေါ်ယဉ်သွယ်

ယောမင်းကြီးရပ်ကွက်လုံးဆိုင်ရာ ဓမ္မပူဇာသဘင်ပူဇော်ပွဲဖိတ်ကြားခြင်း

ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း(အထက်ဘလောက်)၌ ဓမ္မပူဇာသဘင်အခမ်းအနားကို ၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်မှ ၅ရက် (၂၀၁၃ ခုနှစ်၊ မတ် ၂၇မှ ၃၁ရက်)အထိ ငါးညတိုင်တိုင် ညစဉ် ၇း၃၀နာရီတွင် အောက်ပါနိုင်ငံကျော် ဓမ္မကထိကဆရာတော်များဖြင့် ကျင်းပပူဇော်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ ဓမ္မမိတ်ဆွေများအနေဖြင့် တရားဟောသဘင် ဆင်ယင်ကျင်းပမည့်နေရာသို့ အောက်ပါနေ့ရက်များတွင် တရားတော် အတူတကွနာယူနိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁) ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၁)ရက် ဗုဒ္ဓဟူးနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ် ၂၇ ရက်	ဆရာတော် ဒေါက်တာဘဒ္ဒန္တပညိဿရ သာသနဓဇဓမ္မကထိက ဗဟုဇနဟိတဓရ B.A,M.A,Ph.D၊ ဓမ္မဒူတတောရသာသနာ့ရိပ်သာ၊ ၁၀ မိုင်ကုန်း၊ ပဲခူးမြို့။
(၂) ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၂)ရက် ကြာသပတေးနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ် ၂၈ ရက်	ဆရာတော်အရှင်ပညာဝရ (ဓမ္မဒူတ-သိမ်ဇရပ်) သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မဒူတပရိယတ္တိစာသင်တိုက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။
(၃) ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၃)ရက် သောကြာနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ် ၂၉ ရက်	ဆရာတော် အရှင်သုနန္ဒ (မိုးကုတ်) ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မရံသီဆရာတော်။
(၄) ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၄)ရက် စနေနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ် ၃၀ ရက်	ဆရာတော် အရှင်သုနန္ဒ(မိုးကုတ်) ပြည်တွင်းပြည်ပသာသနာပြုဓမ္မကထိက ဗဟုဇနဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မရံသီဆရာတော်။
(၅) ၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော်(၅)ရက် တနင်္ဂနွေနေ့ ည ၇း၃၀ နာရီ ၂၀၁၃ ခုနှစ်၊ မတ် ၃၁ ရက်	ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် သံဃမဟာနာယက တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋက ဓမ္မဘဏ္ဍာဂါရိက၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကျင်းပရေးဦးစီးကော်မတီ

နိုင်ငံတကာအားကစားသတင်း

မီဝေါလ် အက်ဖ်အေ အကြိုဗိုလ်လုမည်

မီဝေါလ်အသင်းနှင့် ၎င်း၏ထိပ်တန်းပြိုင်ဘက် ဘလက်ဘန်းအသင်းတို့သည် အက်ဖ်အေဖလားပြန်ကန်ပွဲအဖြစ် မတ် ၁၄ ရက် နံနက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ မီဝေါလ်အသင်းက ဒန်နီရှစ်တူး၏ တစ်လုံးတည်းသောခေါင်းတိုက်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ မီဝေါလ်အသင်းသည် ယင်းပြိုင်ပွဲတွင် အနိုင်ရရှိသွားသဖြင့် ဧပြီလတွင် အကြိုဗိုလ်လုပွဲအဖြစ် ဝီဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးနှင့်မန်ယူ ဧပြီ ၁ ရက်၌ တွေ့မည်

ချယ်လ်ဆီးက မန်ယူအသင်းကို အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ယင်းတို့နှစ်သင်းသည် ဧပြီ ၁ ရက်တွင် ပြန်ကန်ပွဲကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မတ် ၃၀ရက် ပရီမီယာလိဂ်ပြိုင်ပွဲအပြီး ကစားမည်ဖြစ်သည်။ မတ် ၃၀ ရက်တွင် ချယ်လ်ဆီးက ဆောက်သမ်တန်နှင့်လည်းကောင်း၊ မန်ယူက ဆန်းဒါးလန်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးနှင့် မန်ယူတို့သည် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပြိုင်ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျသဖြင့် ပြန်ကန်ပွဲကစားရခြင်းဖြစ်သည်။

အက်ဖ်အေဖလားအကြိုဗိုလ်လုရန် မန်စီးတီးအသင်းစောင့်ကြို

မန်စီးတီးက ဧပြီလတွင် ဝင်ဘလေကွင်း၌ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲကစားရန် မန်ယူ သို့မဟုတ် ချယ်လ်ဆီးကို စောင့်ဆိုင်းလျက်ရှိသည်။ မန်ယူနှင့်ချယ်လ်ဆီးတို့ထဲမှ အနိုင်ရသောအသင်းနှင့် မန်စီးတီးတို့ အကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ မန်စီးတီးက ဘန်လေကိုငါးဂိုးပြတ်ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲတက်ခဲ့သည်။ ဝီဂန်ကလည်း အဲဗာတန်ကို သုံးဂိုးပြတ်သွင်းပြီး အကြိုဗိုလ်လုပွဲတက်လာသည်။

ကောင်းမြတ်သူ - ရေးသားသည်

ချယ်လ်ဆီး၊ စပါး၊ နယူးကာဆယ်တို့ ယူအီးအက်ဖ်အေ ကွာတားတက်ပြီ

ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူးတောရက်စ် ဤသို့ ထိုးဖောက်ကစားခဲ့သည်။

ချန်ပီယံလိဂ်ဖလား ပြိုင်ပွဲက နေပြီး ပရီမီယာလိဂ်အသင်းတွေ အကုန်လုံးထွက်ခွာခဲ့ရပေမယ့် ယူရိုပါလိဂ်ဖလားပြိုင်ပွဲမှာတော့ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ စပါး၊ နယူးကာဆယ် အသင်းတွေကတော့ ကွာတားဖိုင်နယ်ကို တက်လှမ်းနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ယူရိုပါလိဂ်ဖလား နောက်ဆုံးရှုံးထွက်အဆင့်ပွဲစဉ်တွေကို မတ် ၁၅ ရက် နံနက်က ယှဉ်ပြိုင်ကစားတဲ့အခါ အဲဒီအသင်းတွေအားလုံး အခြေအနေကောင်းပြီး အောင်ပွဲခံနိုင်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။

ချယ်လ်ဆီး ၃-၁ စတူအာ

ရိုမေးနီးယားကလပ် စတူအာတို့ ဒီပွဲမှာတော့ ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပါတယ်။ ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၄ မိနစ်မှာ မာတာက သွင်းယူပေးခဲ့တာမို့ ချယ်လ်ဆီးတို့ တစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် စတူအာရဲ့ ချီရက်စ်က ပွဲချိန် ၄၅ မိနစ်မှာ ချေပဂိုးသွင်းပေးနိုင်ခဲ့တာမို့ ပထမပိုင်းပွဲချိန်အပြီးမှာ တစ်ဂိုးစီသရေပွဲ ဖြစ်နေခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းပွဲချိန် ၅၈ မိနစ်မှာ တယ်ရီက တစ်ဂိုးသွင်းယူပြီး ပွဲချိန် ၇၁ မိနစ်မှာ တောရက်စ်က တစ်ဂိုးသွင်းယူခဲ့တာမို့ ချယ်လ်ဆီးတို့ သုံးဂိုး ရရှိခဲ့ပါတယ်။ ပွဲချိန် ၈၇ မိနစ်မှာ ချယ်လ်ဆီးတို့ ပယ်နယ်တီရရှိခဲ့ပေမယ့် တောရက်စ်ဂိုးဝင်အောင် မသွင်းနိုင်ခဲ့လို့ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးက နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရရှိပြီး ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။

အင်တာမီလန် ၄-၁ စပါး

မီလန်မြို့ရဲ့ အင်တာမီလန် ကွင်းမှာ ကစားရတဲ့ ဒီပွဲမှာတော့ အိမ်ရှင် အင်တာမီလန်တို့ ခြေစွမ်းပြပြီး ဂိုးသွင်းယူနိုင်ခဲ့ကြပါတယ်။ အင်တာမီလန်အတွက် အဖွင့်ဂိုးကို ပွဲချိန် မိနစ် ၂၀ မှာ ကာဆာနိုက သွင်းယူပေးခဲ့ပြီး ပွဲချိန် ၅၂ မိနစ်မှာတော့ ပါလာစီရိုက အင်တာမီလန်အတွက် ဒုတိယဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပွဲချိန် ၇၅မိနစ်မှာ စပါးနောက်ခံလူ ဂါးလက်စ် ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားတာမို့ အင်တာမီလန်တို့ လက်ဆောင်ဂိုး ရရှိသွားခဲ့ပါတယ်။ အချိန်ပိုဆက်လက်ကစားတဲ့အခါ စပါးရဲ့အဒီဘာယောက ၉၆ မိနစ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၁၁၀ မှာ အယ်ဗာရက်စ်က အင်တာမီလန်အတွက် စတုတ္ထမြောက်ဂိုး သွင်းယူပေးခဲ့တာမို့ ပွဲအပြီးမှာ အင်တာမီလန်က လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပေမယ့် နှစ်ကျော့ပေါင်းရလဒ်လေးဂိုးစီ တူညီနေပြီး အဝေးဂိုးရလဒ်အရ စပါးတို့ ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

နယူးကာဆယ် ၁-၀ အင်ဇီ

ပထမအကျော့ ရုရှားကလပ် အင်ဇီကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားလို့ ဒီပွဲမှာ နယူးကာဆယ်တို့ အနိုင်ရအောင် ခြေကုန်ထုတ်ခဲ့ရပါတယ်။ အင်ဇီအသင်းက အပေးအယူအချိတ်အဆက်မိမိနဲ့ ကစားနိုင်ခဲ့တာမို့ နယူးကာဆယ်တို့ ဂိုးရရှိရေးခက်ခဲခဲ့ပါတယ်။ နယူးကာဆယ် တိုက်စစ်မှူးတွေဟာ အခွင့်အရေးကောင်းတွေရခဲ့ပေမယ့် ပိုင်ပိုင်နိုင်နိုင်အသုံးမချနိုင်ခဲ့ပါဘူး။ ဒါကြောင့် ဒုတိယပိုင်း ပွဲချိန်တွေမှာလည်း ဂိုးမသွင်းနိုင်ဘဲ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး လေလွင့်အစားထိုးပေးချိန်ရောက်မှ ဆစ်စီက ဂိုးသွင်းယူနိုင်ခဲ့တာမို့ နယူးကာဆယ်တို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိနဲ့ ကွာတားဖိုင်နယ် တက်ရောက်ခဲ့တာ ဖြစ်ပါတယ်။

လာဇီယို ၃-၁ စတုဂတ်

လာဇီယိုနဲ့ စတုဂတ်တို့ပွဲမှာ လာဇီယိုက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးနဲ့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သလို တူရကီကလပ် ဖီနာဘာချီ၊ ပေါ်တူဂီကလပ် ဘင်ဖီကာ၊ ဆွစ်ဇာလန်ကလပ်ဘာဆေးလ်၊ ရုရှားကလပ် ရူဘင်ကာဇန်တို့လည်း ကွာတားဖိုင်နယ်တက်ရောက်နိုင်ခဲ့ကြပါတယ်။ ။

မိုးမြင့်လင်းလက်-ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်စီးတီးအသင်းဝဲအစွန် နောက်ခံကစားသမား ကလစ်ချီက မိမိတို့အသင်းသည် မန်ယူကိုလိုက်မီရန် မလွယ်ကူတော့ကြောင်း ထုတ်ဖော်ပြောကြားသည်။
- အဲဗာတန် ကစားသမားများဖြစ်သော ဖယ်လိုင်နီနှင့်ဘိုင်းနက်စ်တို့သည် ယခုနှစ်နွေရာသီ၌ အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောကြားသည်။
- လာမည့်နှစ်အထိ စာချုပ်သက်တမ်းမကုန်မီအတွင်း အာဆင်နယ် နည်းပြအဖြစ်မှ နုတ်ထွက်မည်မဟုတ်ကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။
- ဆောက်သမ်တန်အသင်း တိုက်စစ်မှူးရာမီရက်စ်ကို လာမည့်နွေရာသီတွင်ခေါ်ယူနိုင်ရေး အာဆင်နယ်က ကြိုးစားလျက်ရှိသည်။
- ရက်ဒင်းအသင်းသည် ဆလိုဗေးနီးယားကစားသမား ကာတစ်ကို ခေါ်ယူနိုင်ရေး စောင့်ကြည့်လျက်ရှိသည်။
- ဂျာမနီကလပ် ဝုဖ်ဘတ်အသင်းသည် အာဆင်နယ်နောက်ခံလူ ပါမာတီစကာကို ခေါ်ယူနိုင်ရန် ကြိုးစားလျက်ရှိသည်။
- မန်စီးတီးအသင်းမှ တာဝန်ရှိသူများက မာလာဂါအသင်းနည်းပြ ပီလ်လက်ဂရီနီအား လက်ရှိနည်းပြ မန်ချီနီနေရာတွင် အစားထိုးတာဝန်ပေးရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။
- ဂျူဗင်တပ်စ်အသင်းပိုင်ရှင် ဂျွန်အီလ်ခန်က ပီအက်စ်ဂျီအသင်းမှ အသက် ၃၁ နှစ်ရှိ အီဘရာဟင်မိုဗစ်အား ပြန်လည်ခေါ်ယူမည်ဟု ထုတ်ဖော်ပြောကြားသည်။
- မန်ယူအသင်းသည် ယခုနှစ်၌ ချန်ပီယံလိဂ်ဖလားပြိုင်ပွဲမှထွက်ခဲ့ရခြင်းမှာ ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း ဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ဆည်ကြီးရွာနေ
ဦးစိန်သင်း-ဒေါ်သန်းနွဲ့ တို့၏သားကြီး

ဒေါက်တာကျော်ဇေယျ
M.B.,B.S (Mgy)
နှင့်
စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ တမာမြိုင်ရပ်ကွက်၊ အနောက်မအုပ်ရပ်နေ
ဦးဝင်းစိန်-ဒေါ်မြစန်း(စိန်တံခွန် စိုက်ပျိုးရေးဆေးဆိုင်နှင့်
မြတံခွန် ထီရောင်းဝယ်ရေး)တို့၏ ဒုတိယသမီး

မယဉ်ယဉ်ခက်
B.Sc (Hons;) M.Sc, M.Res (Maths;)

တို့သည် ၉-၃-၂၀၁၃ရက် (စနေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်၌ ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သော မိဘများနှင့် ဒေါက်တာကျော်ဇေယျ-မယဉ်ယဉ်ခက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ CG)၊ မြေကွက်အမှတ် ၁၁၄၁၊ မြေကွက်တည်နေရာ အမှတ် ၂၅၊ ဓမ္မပါလလမ်း၊ ဆရာစံ/တောင်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်သန်းရှိန် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်သန်းရှိန်၊ (ဖခင်) ဦးလှဒင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဌေး ၁၂/ဗဟန(နိုင်)၀၆၂၁၅၃က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အိမ်နှင့်ခြံ အမြန်ရောင်းမည်

ပေ(၈၀×၆၀) သုခဝတီ
(စုနီယံပါတ်)
သစ္စာလမ်းမ၊ ဂုတ်ခြံ
ဖုန်း-၀၁-၅၇၈၁၆၇၊
၀၉-၇၃၀၀၈၂၂၀

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မနှင်းနှင်းဝေ၏ ဖခင် ဦးစိုးမင်း ၉/မမန(နိုင်)၀၀၉၄၁၂နှင့် ဦးစိုးဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစိုးမင်း(ခ)ဦးစိုးဝင်း

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ လမ်းမကြီးဘေး ပေ ၂၀×၆၀(ထောင့်ကွက်)ရှိ နှစ်ထပ်တိုက်ခံအိမ်၊ ရေမီးအစုံ(အဝီစိတွင်းနှင့် ဂျိုးဖြူတွင်းပါ) ကြိုးဖုန်းပါ၊ ဈေးနီး၊ ကျောင်းများနီး၊ ကားမှတ်တိုင်များနီး၍ သွားလာရန်လွယ်ကူပြီး အသင့်နေထိုင်နိုင်သည်။
စုံစမ်းရန် ဖုန်း-၀၉-၇၃၂၀၉၇၅၇၊ ၀၉-၅၀၃၁၂၄၈၊ ၀၉-၄၉၄၄၄၅၈၆

သွေး သည်အသက်

ပျောက်ဆုံးကြောင်း

ကျွန်တော် ရန်လင်းအောင် CDC 29665 ၏ GMDSS endorsementre (RE-3196/05)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁၉၁၄၅၈**

အမည်ပြောင်း

ဦးသိန်းဌေး၏ သားနှင့် သမီးများဖြစ်ကြသော မောင်ထွန်းအောင်လှိုင်အား မောင်ကျော်ဇေယျလင်း၊ မကျော့တင်ဇာဌေးအား မသီရိထက်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။



သင်္ဘောသီးချိုချို

လပြည့်သော်တာ

နွေရာသီရောက်ပြီ။ ပူအိုက်သော ရာသီဥတုတွင် လူသားအားလုံး အပူကိုရှောင်၊ အချိုကိုစား၊ အရိပ်တွင် နားလိုကြသည်ချည်းဖြစ်သည်။

ယခုကဲ့သို့နွေရာသီတွင် ပေါပေါ များများစားနိုင်သည့် အရသာ ချိုချို၊ ရနံ့မွှေးမွှေးသင်္ဘောသီးအေး အေးလေးကို စားလိုက်ရလျှင် စိတ်ချမ်းသာမှု သုခပြည့်စုံလှသည်ဟုပင် တွေးထင်မိပေလိမ့်မည်။

သင်္ဘောသီးသည် မြန်မာနိုင်ငံတွင် သာမက တစ်ကမ္ဘာလုံးတွင်ပင် လူကြိုက်များသော စားသုံးသီးနှံဖြစ်သည်။ သင်္ဘောသီးသည် အရသာချိုသည်။ ဝမ်းမှန်စေသည်။ သင်္ဘောသီးသည် စားကောင်းရုံမျှသာမက လူကို ကျန်းမာစေကာ အသက်ရှည်၍ ရောဂါကင်းဝေးစေနိုင်သော သတ္တိထူးများရှိသည်။ ထိုသို့ ဂုဏ်သတ္တိ ပေါများသော သင်္ဘောပင်ကို နေရာအနှံ့တွင်စိုက်ပျိုးနိုင်သည်။ အထူးသဖြင့် ပူနွေးစိုစွတ်သော နေရာများတွင် စိုက်ပျိုးလျှင် ပို၍ ဖြစ်ထွန်းသည်။

သင်္ဘောသီး၊ သင်္ဘောပင်နှင့် ပတ်သက်၍ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဒေါက်တာခင်ရွှေ(တိရစ္ဆာန်ဆေးကုဆရာဝန်) ဘာသာပြန် တင်ပြသော ဆောင်းပါးတစ်ခု၌ သင်္ဘောပင်ကို အမေရိကန်နိုင်ငံ၏ အပူပိုင်းဒေသတွင် စတင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ သင်္ဘောသီး၏ မူလအစသည် မြောက်အမေရိကတိုက်တွင်ရှိသော သင်္ဘောပင်မျိုးမှ ဆင်းသက်လာသည်။ လက်တင်ဘာသာအားဖြင့် (Carica papaya) ခေါ်ပြီး ဩစတြေးလျနှင့် နယူးဇီလန်တွင် ပေါပေါဟု ခေါ်ဆိုသည်။ ယင်းအပင်သည်မြောက်အမေရိကရှိ သင်္ဘောပင်မျိုးကို လက်တင်ဘာသာအားဖြင့် (Asiminatirbola) နှင့် မတူချေ။ သို့သော် ယင်းမျိုးစိတ်ကိုလည်း ပေါပေါဟု ခေါ်သည်။ နှစ်ပင်စလုံး ဆေးဖက်ဝင်သည်။

ခရီးသည်ကြီး မာကိုပိုလိုသည် သူ၏ သင်္ဘောသားများတွင် ဖြစ်ပွားသည့် သွားဖုံးသွေးယိုရောဂါနှင့် ရေစီးကမ်းပြိုရောဂါများသည် သင်္ဘောသီးစားရုံဖြင့် ပျောက်ကင်းကြောင်းကို ၁၅ ရာစုနှစ်များက မှတ်တမ်းတင်ခဲ့သည်။ သင်္ဘောသီး အမှည့်တွင် အမြောက်အမြားပါဝင်သည့်ဗီတာမင်အေသည် မျက်စိကို အားကောင်းစေပြီး ဗီတာမင်စီသည် ကိုယ်ခံအားအတွက်ကောင်းခြင်းတို့အပြင် ကင်ဆာရောဂါကို ကာကွယ်နိုင်သော (Antioxident) အင်တီအောက်ဆီဒင့် ပါဝင်သည်ဟု သိရှိရသည်။ သင်္ဘောသီးတွင် ပါဝင်သော အင်ဇိုင်းများနှင့်ဗီတာမင်အေတို့က အရေပြားအတွက် အကောင်းဆုံး သဘာဝဆေးတစ်လက်ဖြစ်ပြီး မျက်နှာပြင်ပေါ်မှ အမည်းစက်များကိုလည်း ဖယ်ရှားပေးနိုင်သော သတ္တိထူးများရှိသည်။ အစာကြေလွယ်သော အင်ဇိုင်းများ အဓိကပါဝင်ပြီး အခြားရှားပါးသော သတ္တုဓာတ်များဖြစ်သည့် မင်ဂနိ(စ်)၊ သွပ်နှင့်ထုံးဓာတ်များ ပါဝင်သည်ဟု သိရသည်။

ရှေးမြန်မာလူကြီးများက နံနက်သင်္ဘော၊ ညငှက်ပျောဟု အဆိုစကားထားခဲ့ကြသည်။ နံနက်စာစားပြီး သင်္ဘောသီးမှည့် စားပေးလျှင် အစာကြေစေပြီး ရင်တောင့်ခြင်း၊ ရင်ခံခြင်းမှ သက်သာစေသည်။ ဝမ်းသက်လေကြေစေသည်ဟု ယူဆကြသည်။ တရုတ်ဆေးကျမ်းများ အဆိုအရ သင်္ဘောသီးသည် အစာကြေခြင်း၊ အားအင် ပြန်လည်ဖြည့်စွမ်းပေးခြင်းစသည့် အာနိသင်များရှိသည်ဟုဆိုသည်။ သင်္ဘောသီးအစိမ်းမှ အစေးကို ကင်းကိုက်သောဒဏ်ရာတွင် လိမ်းပေးပါက အဆိပ်ပြေစေသည်ဟု သိရသည်။ သင်္ဘောသီးဝမ်းပျဉ်းသည် အိမ်ရှင်မများအတွက် ဟင်းကောင်းတစ်ခွက်ကို ဖြစ်စေသည်။ သင်္ဘောသီးကို သုံ့ချည်းသာမက အသား၊ ငါးများနှင့်ရောကာနူတ်မြိန်စေသော ဟင်းခွက်များကို ဖန်တီးနိုင်သည်။ အမေရိကတိုက်တွင် နေထိုင်ကြသော တိုင်းရင်းသားများသည် အသားဟင်းများကို ချက်ပြုတ်ရာတွင် နူးလွယ်စေရန် သင်္ဘောသီးကို ရှေးနှစ်ပေါင်းများစွာ ကတည်းက အသုံးပြုခဲ့ကြသည်။

သင်္ဘောသီးသာမက ထွက်ခါစသင်္ဘောရွက်နုများနှင့် အဖူးတို့ကို ပြုတ်ပြီး တို့စရာအဖြစ် စားသုံးနိုင်သည်။ အရွက်နုများကို ကတ်ကြေးနှင့် ပါးပါးညှပ်ပြီး လက်ဖက်သုပ်ကဲ့သို့ အသုပ်ပြုလုပ်၍လည်း စားနိုင်သည်။ အာရှတိုက်၏ အချို့ဒေသများတွင် သင်္ဘောရွက်ကို ပေါင်း၍ လေထိုးလေအောင့်ခြင်းကို ကာကွယ်ရန်အတွက်စားသုံးနိုင်သည်။ သင်္ဘောရွက်သည် ခါးသောအရသာရှိ၍ လေကို ဖွပေးသော ဓာတ်သဘောရှိသည်။ စားသုံးမှုများလျှင် ခေါင်းမူးတတ်သဖြင့် သင့်တင့်ရုံသာ စားသုံးသင့်သည်။ သင်္ဘောရွက်ခြောက်ကို လက်ဖက်ခြောက်ကဲ့သို့ ရေနွေးကြမ်းတွင်ခတ်၍ သောက်သုံးနိုင်သည်။ သင်္ဘောသီးသာမက သင်္ဘောရွက်သည် မြန်မာ့ရေမြေသဘာဝနှင့် ကိုက်ညီသော စားသုံးသီးနှံတစ်မျိုးဖြစ်ပြီး သုံးတတ်လျှင်ဆေးတစ်လက်ဖြစ်စေသည်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ပါကစ္စတန်၊ သီရိလင်္ကာနှင့် အချို့နိုင်ငံများတွင် သင်္ဘောသီးစိမ်းများကို စားသုံးခြင်းဖြင့် ပဋိသန္ဓေတားခြင်းနှင့် သားလျှောခြင်းကို ကာကွယ်ရန်အတွက် တိုင်းရင်းဆေးတစ်လက်အဖြစ် အသုံးပြုကြသည်ဟု သိရသည်။ အိန္ဒိယအနောက် ကျွန်းဆွယ်တွင် ကျွန်ပြုခံရသော အမျိုးသမီးများသည် ၎င်းတို့၏ ကလေးများကို ကျွန်အဖြစ် မွေးဖွားမလာစေရန်အတွက် သင်္ဘောသီး စားသုံးခြင်းဖြင့် ရှောင်ကြဉ်နိုင်ကြောင်း သတိပြုမိခဲ့ကြသည်ဟု ဝီကီပီးဒီးယားတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် သုတေသနပညာရှင်များက သင်္ဘောသီးနှင့် ပတ်သက်သော ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်ရာမှ သိပ္ပံဆိုင်ရာ အထောက်အထားများစွာ ရရှိခဲ့သည်။ မကြာသေးမီက ဖလော်ရီဒါတက္ကသိုလ်မှ သုတေသနပညာရှင် Dr.NaDang နှင့် ဂျပန်မှ ၎င်း၏လုပ်ဖော်ကိုင်ဖက်များက သင်္ဘောရွက်ကို အသုံးပြုပြီး မိန်းမကိုယ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ပန်ကရိယ ကင်ဆာဆဲလ်များကို ကာကွယ် ကုသရာတွင် အစွမ်းထက်စွာ အသုံးပြုနိုင်ကြောင်း (Ethnophacology) ဂျာနယ်တွင် ဖော်ပြခဲ့သည်။

စင်စစ် သင်္ဘောသီး၊ သင်္ဘောရွက်နှင့် သင်္ဘောတစ်ပင်လုံးကို လူသားတို့၏ နေ့စဉ်စားသုံးမှုပုံစံတွင် အထောက်အကူပြုသော စားသုံးသီးနှံအဖြစ်သာမက နေ့စဉ်ကြုံတွေ့နေရသည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း အားကိုးလောက်ဖွယ်ရာ အသုံးပြုနိုင်မှုများကို ဝေမျှတင်ပြလိုက်ရပါသည်။

စိတ်ကြွရူးသွပ်ဆေးပြားနှင့်ဘိန်းမည်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

လင်းခေး မတ် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှစိန်၏ လမ်းညွှန်မှု မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးခင်မောင်ကျော်ဦး ကြီးကြပ်ကွပ်ကဲမှုဖြင့် ရဲစခန်းမှူး ဒုရဲအုပ်ထိန်လင်းနှင့် အဖွဲ့ဝင်များသည် မတ် ၁၁ ရက် ည ၉ နာရီခွဲက မူးယစ်ဆေးဝါးရောင်းချသုံးစွဲကြောင်းသတင်းရရှိသည့် လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအလယ်ပိုင်းနေ မနန်းယိင်းလုံး၏နေအိမ်ကို ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၈၁ ပြား၊ ဘိန်းမည်း ၃မူးသား၊ ဘိန်းမည်းရှူရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် မူးယစ်ဆေးဝါး ရောင်းချရငွေကျပ် ၆၉၂၀၀တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ

ဆက်လက်၍ အဆိုပါသတင်းကွင်းဆက်အရ မတ် ၁၂ ရက် နံနက် ၅ နာရီက လင်းခေးမြို့ နမ့်တိန်းချောင်း အရှေ့ဘက်ကမ်းနေ ဒေါ်ပါဥ နေအိမ်သို့ သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၈ ပြားနှင့် ရောင်းချရငွေ ကျပ် ၃၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခတ်ချိုကျေးရွာတွင် မူကြိုကလေးများအား ကျန်းမာရေးနှင့်အညီ ဂရုစိုက်လျက်ရှိ

ဝိုင်းမော် မတ် ၁၅

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာသည် အိမ်ခြေပေါင်း ၁၇၅၉ အိမ်ရှိပြီး လူဦး ရေ ၁၀၂၁၇ ဦးရှိသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ ခတ်ချိုကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားရှိသော မူလတန်းကြိုကျောင်း၌ ကျောင်းသားကျောင်းသူ ၂၀ ရှိကြောင်း သိရသည်။ ထိုကျောင်းသား ကျောင်းသူ ၂၀ အတွက် ဆရာမတစ်ဦး ထားရှိသော ကျောင်းတစ်ကျောင်းဖြစ်သကဲ့သို့ ကျောင်းသားကျောင်းသူများကို ကျန်းမာရေးနှင့်အညီ အထူးဦးစားပေးဂရုစိုက်လျက်ရှိသော ကျောင်းတစ်ကျောင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ရွာက မူလတန်းကြိုကျောင်း ကျောင်းဆရာမဟာ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာရေးနဲ့အညီ အထူး ဂရုစိုက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကလေးတွေ ကျောင်းကို ရောက်ပြီဆိုတာနဲ့ ကလေးတွေရဲ့ ခြေတွေလက်တွေကို ဆပ်ပြာရေနဲ့အရင်ဆေးကြောပေးလေ့ရှိပါတယ်။ နောက်ပြီးတော့ ကလေးတွေယူဆောင်လာတဲ့ ထမင်းချိုင့်၊ ဟင်းချိုင့်တွေကိုလည်း ကျန်းမာရေးနှင့်အညီစနစ်တကျ ထားရှိပါတယ်။ နောက်ပြီး ကလေးတွေ ထမင်း၊ ဟင်းစားချိန်မှာလည်း ကလေးတွေအတွက် ထမင်းချိုင့်တွေ၊ ဟင်းချိုင့်တွေကို သူကိုယ်တိုင် ဆေးကြောပြီး ပြင်ဆင်ပေးလေ့ရှိပါတယ်" ဟု ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာမှ ဒေသခံတစ်ဦးက ပြောဆိုခဲ့သည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာသည် ရှမ်းတိုင်းရင်းသူ တိုင်းရင်းသားများ နေထိုင်လျက်ရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်သည်။ ထိုကျေးရွာကြီးသည် ဧရာဝတီမြစ်ကမ်းဘေးအနီးတွင် တည်ရှိပြီး ရွာအတွင်း၌ ဈေးဆိုင်ခန်းများလည်း ပြည့်နှက်လျက်ရှိနေသော ရွာကြီးတစ်ရွာဖြစ်သည်။ ယင်းရွာသည် ယခင်ကာလများက တိုးတက်ဖွံ့ဖြိုးမှုမရှိသော်လည်း ယခုအခါတွင် ပညာရေးနှင့်ကျန်းမာရေးများကို ဦးစားပေးဆောင်ရွက်လာသကဲ့သို့ စီးပွားရေးကိုလည်း အဓိက ဦးစားပေး လုပ်ဆောင်လျက်ရှိသော ရွာကြီးဖြစ်သည်။

"ကလေးတွေကို နေ့စဉ်ရောက်လာတဲ့အချိန်မှာ စာသင်ခန်း မဝင်ခင် ကလေးတွေရဲ့ ကျန်းမာရေးအတွက် သူတို့ရဲ့ ခြေတွေလက်တွေကို ဆပ်ပြာရေနဲ့ နေ့စဉ်ဆေးကြောပေးပါတယ်။ ဒါမှ ကလေးတွေရဲ့ ကျန်းမာရေးကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ကလေးတွေရဲ့ကျန်းမာရေးဟာ နေ့စဉ်ကောင်းမွန်နေမှ ပညာရေးဟာလည်း တစ်ဆင့်ထက်တစ်ဆင့် တိုးတက်မှုရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် နေ့စဉ် ကလေးတွေအတွက် ကျန်းမာရေးကို ကျွန်မအနေနဲ့ ဂရုတစိုက် ပြုလုပ်ပေးနေတာပါ" ဟု ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာ မူလတန်းကြို ကျောင်းဆရာမ ဒေါ်ခင်သီတာပြုံးက ပြောကြားသည်။

သန်းမောင်လေး(ကချင်မြေ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ။ ။၂၀၁၃ခုနှစ်၊ မတ်လ ( )ရက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဝတ္တကမြေအတွင်း၌ အောက်ဖော်ပြပါလုပ်ငန်းများကို ၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၄ရက်အထိ လုပ်ငန်းရှင်များအား ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

လုပ်ငန်းများ

၁။ ယာဉ်ရပ်နားစခန်း
၂။ ဓာတ်ပုံရိုက်လုပ်ငန်း
၃။ ဖိနပ်အပ်လုပ်ငန်း
၄။ သန့်စင်ခန်းလုပ်ငန်း(အတွင်း-သာမန်)
၅။ သန့်စင်ခန်းလုပ်ငန်း(အတွင်း-သီးသန့်)
၆။ သန့်စင်ခန်းလုပ်ငန်း(အပြင်)
၇။ ပန်းဆိုင်
၈။ ငါးစာရောင်းချခြင်းလုပ်ငန်း
၉။ ငါးစာတင်သွင်းခြင်းလုပ်ငန်း
၁၀။ ထီကားရောင်းချခြင်းလုပ်ငန်း

တင်ဒါပိတ်မည့်ရက် - ၂၀၁၃ခုနှစ် မတ် ၂၅ရက် ညနေ ၁၅:၀၀နာရီ

တင်ဒါပေးသွင်းရမည့်နေရာ - စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ရုံး

မှတ်ချက် - တင်ဒါပုံစံတစ်စုံလျှင် ၁၅၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ရုံးအဖွဲ့မှူးထံတွင် အသေးစိတ် စုံစမ်းဝယ်ယူတင်သွင်းနိုင်ပါသည်။
- တင်ဒါပုံစံများကို ၂၀-၃-၂၀၁၃ရက်မှ စတင်ရောင်းချသွားပါမည်။

ဂေါပကအဖွဲ့
စွယ်တော်မြတ်စေတီတော် (ရန်ကုန်)
ဖုန်း-၆၆၄၄၉၈၊ ၆၅၀၄၈၄

သကြၤန်တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ ဣန္ဒာရာမကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ဧပြီ ၁၂ရက်မှ ၂၁ရက်အထိ သင်္ကြန်ဒုလ္လဘ ၁၀ရက် တရားစခန်းကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် တပည့်များက ဟောကြားမည်ဖြစ်၍ ဒုလ္လဘဝတ်လိုသူများ စခန်းဝင်လိုသောယောဂီများ လာရောက်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဖုန်း-၅၃၉၁၅၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၆၅၀၀၇ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၅/ကသန(နိုင်)၀၀၂၃၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၁၉၇၂ Toyota Corolla AE 91 ဆလွန်း (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၉/မနတ(နိုင်)၀၅၆၉၇၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈ဃ/၈၈၇၇ Thit Sar Min၊ Light Truck Pick Up (4×2) R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော ၁၂/ဥကတ(နိုင်)၀၂၀၅၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၅၅၈၆၅ Kenbo 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကျင်ရှိ ၁၃/လရန(နိုင်)၀၆၅၁၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၀ယ/၃၉၃၅ Dream YMD 110 ယာဉ်လက်ဝယ်ရှိသူ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနမှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

မြေးနှင့် မောင်အဖြစ်မှ မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်ခင်မကြီး ၁၃/တကန(နိုင်)၀၂၇၃၂၂နှင့် ကျွန်မ နန်းနှင်းယုဝင်း ၁၃/တကန(နိုင်)၂၁၀၆၅၇တို့၏ မြေး၊ မောင်ဖြစ်သူ မောင်ဝင်းသီဟ ၁၃/တကန(နိုင်)၂၄၆၀၂၁နှင့် မောင်သူရထက်အောင် ၁၃/တကန(နိုင်)၂၄၆၀၂၂တို့သည် အဘွားနှင့် အစ်မဖြစ်သူတို့၏ ဆိုဆုံးမစကားကို အကြိမ်ကြိမ်နားမထောင်ပါသဖြင့် မြေးနှင့် မောင်အဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောင်တွင် ၎င်းတို့နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် ကျွန်မတို့နှင့် လုံးဝမပတ်သက်ပါ၍ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း သိစေအပ်ပါသည်။ **ဒေါ်ခင်မကြီး၊ မနန်းနှင်းယုဝင်း**

www.zawtika.com

HOT - LINE
01-370792

မြတ်ဗုဒ္ဓ၏သာသနာတော် အရှည်ခံ့ တည်တံ့စေရန်

မဒေါက်မြို့၊ ပန်းငွေရုံတောရ ပရိယတ္တိစာသင်တိုက်၊ ပန်းငွေရုံတောရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပန်းငွေရုံတောရ ဝင်းရတနာသာသနာ့ရိပ်သာ၊ ဓမ္မရံသီသာသနာ့ရိပ်သာ (ကျောက်လုံးကြီး၊ ကန်ဘေးအိုင်၊ ရွှေကျင်မြို့နယ်)တို့၏ ပဓာနမဟာနာယကဖြစ်တော်မူသော

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ "ဘဒ္ဒန္တသုမနာဘိဝံသ"

မဟာထေရ်မြတ်၏ သက်တော်(၈၀)ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲ၊ ပန်းငွေရုံတောရ ဆရာတော်၊ ဦးခင်ဝင်း-ဒေါ်မူမူမိသားစု၊ ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)-ဒေါ်ခင်ခင်ခ မိသားစု၊ ဗိုလ်မှူးကျော်မိုး-ဒေါ်ဖြူဖြူမြင့်မိသားစုနှင့် ဦးမျိုးကျော်-ဒေါ်စုစုအုန်း မိသားစုတို့မှမတည်၍ အလှူရှင်များ စုပေါင်းလှူဒါန်းအပ်သော ရေဘေးကင်းလွတ် **သက္ကနိမ္မိတာရုံ** နှစ်ထပ်ကျောင်းဆောင်သစ် ပေ(၈၀×၅၀) သံဃိကဝိဟာရဒါန ရေစက်ချလှူဒါန်းပွဲ၊ ဦးတင်အောင်စိုး-ဒေါ်ခိုင်ဝါဝါမိသားစုမှ ဆရာတော်၏ အနန္တဂုဏ်ရည်ကို ရည်မှန်း၍ ဆရာတော်အား ကံဆင့်ကံထပ်ပူဇော်ပွဲ၊ ပန်းငွေရုံတောရ ဝေယျာဝစ္စအဖွဲ့မှကြီးမှူး၍ သာသနတက္ကသိုလ်ဓမ္မာစရိယ B.A(Buddhism) ဘွဲ့တံဆိပ်တော်ရ **အရှင်ထေရာနန္ဒ၊ အရှင်ကုန္တာစာရ**တို့အား ဂုဏ်ပူဇာသဘင်ပွဲ၊ ပိဋကတ်သုံးပုံနှင့် မြတ်ဗုဒ္ဓ၏ကျမ်းစာများ လှူဒါန်းပွဲအား ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် (၂၀၁၃ ခုနှစ်၊ ဧပြီ ၃ ရက်) (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာဒါယိကာမအလှူရှင်များမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အကြိုည ၂-၄-၂၀၁၃ ရက်(အင်္ဂါနေ့) ည၇ နာရီတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဌာနမှူး ပါမောက္ခဆရာတော် ဘဒ္ဒန္တကုမ္ဘောဘာသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) **[သာသနဓဇဓမ္မာစရိယ၊ ဝိနယပါရဂူ သာသနတက္ကသီလ မဟာဓမ္မာစရိယ(M.A)]** မှ နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်ပါသည်။

(လုပ်အားဒါနပြုကြသော နီးစပ်ရာကျေးရွာ၊ ရပ်ကွက်များမှ လုပ်အား အလှူရှင် ၃၀၀၀ ခန့်အား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဧည့်ခံမဏ္ဍာပ် ၂/၃/၄/၅ တို့တွင် ဧည့်ခံမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာ ထပ်ဆင့်ဖိတ်ကြားအပ်ပါသည်။)

အလှူရှင်များနှင့်
ပူဇော်ပွဲကျင်းပရေးဝေယျာဝစ္စအကျိုးတော်ဆောင်အဖွဲ့

မန္တလေးအသင်း (ရန်ကုန်)
နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး၊ (၃၆)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော်ငွေလှူဒါန်းပွဲကို ၂၀၁၃ ခုနှစ် မတ် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ် ၁၂ တိပိဋကကျောင်း၊ ငွေရတုခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ပါရဂူဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သား သမီးများ အထောက်အထားများဖြင့် ဆက်သွယ်စာရင်းပို့ပေးကြပါရန်ဖြစ်ပြီး၊ စေတနာရှင်အလှူရှင်များ၊ အမှတ် ၂၄၃/၂၄၅(ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ အသင်းတိုက် ဖုန်း-၃၈၄၀၁၄ နှင့် တွဲဖက်အတွင်းရေးမှူး (၂)ဦးခင်မောင်ညွန့် ဖုန်း-၀၉-၇၃၃၃၁၃၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ် ၁၁/၉ ရှိ G.M.P ကုမ္ပဏီလီမိတက်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးထွန်းထွန်း (ဘ)ဦးစံထွန်း၏သား ၁၄/ဘကလ(နိုင်)၁၄၁၇၂၃ သည် ကုမ္ပဏီမှလုပ်ငန်းသုံးရန်အတွက်ပေးထားသော G.S.M ဖုန်းအမှတ် ၀၉-၄၂၀၀၄၆၀၆၅ နှင့် ကုမ္ပဏီမှ အခွန်အခများပေးဆောင်ရန်ငွေကြေးများအားလုံးယူဆောင်ပြီး ၂၇-၁-၂၀၁၃ ရက်တွင် ထွက်ပြေးတိမ်းရှောင်နေပါသည်။ ကုမ္ပဏီမှအကြိမ်ကြိမ်ဆက်သွယ်သော်လည်း လာရောက်ဖြေရှင်းခြင်းမရှိခဲ့ပါ။ သို့ဖြစ်ပါ၍ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း G.M.P ကုမ္ပဏီသို့ အမြန်ဆုံးလာရောက်ဖြေရှင်းပေးရန် အသိပေးကြေညာအပ်ပါသည်။ လာရောက်ဖြေရှင်းမပေးပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ) ၂၁၇၂
B.A (Law) LL.B (Advocate), D.B.L, D.M.L, D.I.L, D.A.Psy.
WIPO, DL(101), (201), (317) Switzerland (Geneva)
အမှတ် ၂၀၉/ဃ၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၅၆၁၂၂၃၊ ၅၇၈၅၅၀၊ ၀၉-၈၆၁၆၇၆၅

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
Public Access Centre(PAC) ဝန်ဆောင်မှုလိုင်စင် နှုန်းထားများ ပြောင်းလဲသတ်မှတ်ကြောင်း အသိပေးကြေညာခြင်း

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော Public Access Centre ဝန်ဆောင်မှု လိုင်စင်နှုန်းထားများအား အောက်ဖော်ပြပါနှုန်းထားများအတိုင်း ၂၀၁၃ ခုနှစ်၊ ဧပြီ ၁ ရက်မှစတင်၍ ပြောင်းလဲသတ်မှတ်ကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(က)	ကနဦးလိုင်စင်ကြေး	၅၀၀၀၀ ကျပ်
(ခ)	နှစ်စဉ်ကြေး	၆၀၀၀ ကျပ်
(ဂ)	ပျက်စီး/ပျောက်ဆုံး	၁၀၀၀ ကျပ်
(ဃ)	နောက်ကျကြေး	၁၀၀ ကျပ် (၁ ရက်)အတွက်

ညွှန်ကြားရေးမှူးချုပ်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

အမည်ပြောင်း

ဦးစိုးဝင်း၏သား အောင်ကျော်ထက် ၁၂/တမန (နိုင်) ၀၈၀၁၁၉ အား အောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

အောင်ကျော်

New Star

(1984-1993)

Golden Hall, M3 Food Center, Bahan Sport Ground, Bahan Tsp.

(EC)(095181133), (EC)(0973117563), (EC)(095124577)
(Mech)(73060117), (Mech)(092002924), (Mech)(098627852)
(Chemical)(09450011680), (Civil)(095128593)

၁၉၇၂-၇၆ ခုနှစ် ရန်ကုန်ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၇၆ ခုနှစ်(၁၉၇၇-မတ်လ)ဘွဲ့ရ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ရက်စွဲ - ၂၇-၃-၂၀၁၃ရက် (တပ်မတော်နေ့)
အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
နေရာ - ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ

ဆက်သွယ်ရန်

ကိုသက်လွင် (ဟိုတယ်ရွှေဂုံတိုင်) ဖုန်း-၀၉-၅၁၃၁၁၈၉၊ ကိုတင်ဝင်း(မြိတ်) ဖုန်း-၀၉-၄၅၀၄၀၇၄၁၊ ကိုကံငြွေ ဖုန်း-၀၉-၅၁၆၇၄၅၃၊ မကျင်နွဲ့ ဖုန်း-၀၉-၄၂၀၁၃၇၇၄၈၊ မသိန်းသိန်းလွင် ဖုန်း-၀၉-၅၁၇၂၅၈၂

ထိုက်ထိုက်တန်တန်

ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ လမ်းမကြီး၊ ကျောကပ်လမ်း၊ သစ်သားအိမ်လှလှပပ ပြုပြင်မွမ်းမံပြီး၊ ရေမီးစုံ ပေ(၂၀×၆၀) (၇၂)ရပ်ကွက်၊တောင်ဒဂုံ၊ကျပ်၁၃၅ သိန်း
ဖုန်း-၀၉-၇၃၁၀၆၅၇၄၊ ၀၉-၇၃၁၂၅၇၅၉

ကျေးဇူးဆပ်ပါမည်

ကျွန်မ မတင်မိုးဝင်း၏ နိုင်ငံကူးလက်မှတ် M-၉၂၅၄၀ စသည့်ဝွတ္တလစ်လမ်းဆုံမှ ကမာရွတ် ဘူတာရုံလမ်းသို့ Taxi ဖြင့် အပြန် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၃၁၃၁၅၆၊
၀၉-၇၃၀၄၉၉၃၇၊ ၀၉-၇၃၁၉၆၃၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၆၉၊ မြေကွက်အမှတ် ၁၇၀၊ မြေကွက်တည်နေရာ အမှတ် ၁၇၀၊ ၆၉ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးစံမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစံမြင့် ၁၂/သဃက(နိုင်)၀၃၁၈၂၆ က မြေချပါမစ် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာဝန်ခံချက် တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေ ငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
အရောင်းတင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)၊ ပုံနှိပ်ဌာနခွဲရှိ အောက်ဖော်ပြပါ အသုံးမပြုတော့သည့် ထုပ်ပိုးပစ္စည်းနှင့် ပလတ်စလစ်ပုံနှိပ်မင်များအား မျက်မြင်အခြေအနေအတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်	စဉ်	အမျိုးအမည်	အရေအတွက်
(က)	Film Roll	၃၄၀.၄၉၅ လိပ်	(ဃ)	Yellow Ink	၂၅၅.၀၀၀ကီလို
(ခ)	Black Ink	၁၇၁.၂၀၀ကီလို	(င)	Medium	၂၅၁.၀၀၀ကီလို
(ဂ)	Red Ink	၁၀၅.၀၀၀ကီလို	(စ)	Toluene	၃၅၈.၀၀၀ကီလို

၂။ အဆိုပါထုပ်ပိုးပစ္စည်းနှင့် ပလတ်စလစ်ပုံနှိပ်မင်များအား အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) ပုံနှိပ်ဌာနခွဲတွင် ၁၅-၃-၂၀၁၃ရက်မှစ၍ လေလံတင်ရောင်းချရက်မတိုင်မီအထိ ရုံးချိန်အတွင်း(ပုံစံဝယ်ယူသူများသာ) ကြည့်ရှုခွင့်ပြုမည် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့် ရက်၊ အချိန် - ၁၆-၃-၂၀၁၃ရက်မှ ၂၀-၃-၂၀၁၃ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီအထိ

၄။ တင်ဒါတင်သွင်းရမည့်ရက်၊ အချိန် - ၂၁-၃-၂၀၁၃ရက်၊ နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၂း၀၀နာရီအထိ

နေရာ - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

၅။ တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၂၁-၃-၂၀၁၃ရက်၊ ညနေ ၃း၀၀နာရီ

လေလံတင်ရောင်းချရေးအဖွဲ့
အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)
ဖုန်း-၀၁-၆၄၆၂၇၁၊ ၀၁-၆၄၆၂၇၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro)တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	ပိတ်ရက်
1.	15(T)3/MR(E) 12-13(Euro)	Raw material for Concrete Sleeper Production (5)Items (7 mm Ø P.C Wire, 4mmØ M.S Wire Iron Shoulder, ABS Plastic, Colour Material (Black)	5-4-2013 12:00 Hrs
2.	12(T)34/MR(ML/ISN) 12-13 (Kyat)	Spare Parts for D.E.L (2000 HP Alstom) 239 Items	10.4.2013 12:00 Hrs
3.	12(T)35/MR(ML/ISN) 12-13(Euro)	Spare Parts for D.E.L (2000 HP Alstom) (317) Items	26.4.2013 12:00 Hrs

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃-၃-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၈၅၊ ၂၉၁၉၈၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၁၊ မြေကွက်အမှတ် ၅၇၀၊ မြေကွက်တည်နေရာအမှတ် ၅၇၀၊ ဆရာစံလမ်း (၃၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးခင်ကြီး (ခ)ဦးမောင်ခင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်ကြီး(ခ)ဦးမောင်ခင်နှင့်ဇနီး ဒေါ်သိန်းငွေ မိခင်၊ ဖခင်တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်ကျင်သိန်း ၁၂/လကန(နိုင်)၀၇၂၂၉၀၊ (၂) ဒေါ်အုန်းမြင့် ၁၂/လကန(နိုင်)၀၇၀၆၅၀၊ (၃) ဒေါ်ဝင်းမြင့် ၁၂/လကန(နိုင်)၀၆၉၈၁၀၊ (၄) ဒေါ်စန်းအေး ၁၂/လကန(နိုင်)၀၇၂၂၉၁ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ သင်္ဂဟလမ်း၊ တိုက်အမှတ် ၁၁/၁၃၊ အခန်းအမှတ် 4/C၊ အကျယ်ပေ(၁၂½×၅၀)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလနေထိုင်သူထံမှ ၁၆-၁၂-၂၀၁၂ရက်စွဲပါ **နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်သဘောတူစာချုပ်**အရ ဒေါ်သန်းရင် ၁၂/ကခက(နိုင်)၀၅၁၀၁၀က လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ် ၄၆ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၄(A)၊ မြေကွက်အမှတ် ၃၇(က) (ယခင် ၃၆၏မြေတစ်စိတ်တစ်ဒေသ)ဟုခေါ်တွင်သည့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းရဲကျော်စွာလမ်း (မင်းရဲကျော်စွာလမ်းသွယ် ၁ လမ်းထောင့်) အမှတ် ၄၆၇ ဟုခေါ်တွင်သည့် ဧရိယာ(၁၂၃ပေ×၅၃ပေ/၁၀၃ပေ×၅၆ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်သက်လင်းဖြူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၄)
အမှတ် ၈၅(မြေညီထပ်)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

၇-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာအချပ်ပို(က)ပါ သတိပေးကြေညာချက်အပေါ် ရှင်းလင်းသတိပေးကြေညာချက်

မိုဟာမက်အစ္စမာအီးလ်အာရစ်(ဖ်)ဝကပ်(ဖ်)အယ်အောင်လဒ်၏ မန်နေဂျင်းထရပ်စတီး ဦးကာစင်စူရတီ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာပါသည်။ မိုဟာမက်စူရတီ၏ သတိပေးကြေညာချက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ် ၂၅တွင် ဦးကာစင်စူရတီက (HORIZON INTERNATIONAL SCHOOL)ကို ဖွင့်လှစ်ထားသည်ဆိုခြင်းမှာ မမှန်ပါ။ ဦးကာစင်စူရတီသည် (HORIZON INTERNATIONAL SCHOOL)ကို အောင်လဒ်ဝကပ်(ဖ်) ပိုင်ဆိုင်သောမြေကွက်ပေါ်တွင် ဝကပ်(ဖ်)ကို စီမံခန့်ခွဲလျက်ရှိသည့် ထရပ်စတီးအဖွဲ့၏ အများသဘောတူဆုံးဖြတ်ချက်အရ အငှားချထားခြင်းသာဖြစ်ပါသည်။ (HORIZON INTERNATIONAL SCHOOL)ကို အငှားချထားသောအဆောက်အအုံကို ထရပ်စတီးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဦးကာစင်စူရတီက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းကျောင်းကိုဖွင့်လှစ်၍ရရှိသော အကျိုးအမြတ်အားလုံးကို ဦးကာစင်စူရတီ တစ်ဦးတည်းမှ သုံးစွဲနေသည်ဟု ဖော်ပြခြင်းမှာလည်း ဦးကာစင်စူရတီ၏ဂုဏ်သိက္ခာကို အများအမြင်တွင် အထင်မှားစေရန် ထိပါးစော်ကားရာ ရောက်ပါသည်။ ထို့ပြင် ယင်းကြေညာချက်၌ မိုဟာမက်စူရတီကိုဝကပ်(ဖ်)[ထရပ်(စ်)တီ] တစ်ဦးတည်းဖြစ်သည်ဟု ဖော်ပြခြင်းမှာလည်း မမှန်မကန် ဖော်ပြခြင်းဖြစ်ပါသည်။ ဖော်ပြပါ ဝါကပ်(ဖ်)အယ်အောင်လဒ်သည် အမွေဆိုင်ပစ္စည်းမဟုတ်သောကြောင့် မိုဟာမက်စူရတီနှင့် ကွယ်လွန်သူ မိုဟာမက်အစ္စမာအီလ်အာရစ်(ဖ်)၏ အမွေဆက်ခံခွင့်ရှိသူများဟု ဆိုသူများ၏ ခွင့်ပြုချက်ရယူရန် မလိုအပ်ဘဲ ဖော်ပြပါ ဝါကပ်(ဖ်)အယ်အောင်လဒ်ထရပ်(စ်)တီအဖွဲ့၏ အများသဘောတူဆုံးဖြတ်ချက်အရ ဝါကပ်(ဖ်)၏အကျိုးစီးပွားအတွက် သင့်မြတ်သလို ဆောင်ရွက်ရမည်ဖြစ်၍ မည်သူကမျှ ကန့်ကွက်တားမြစ်ပိုင်ခွင့်မရှိကြောင်း ကြေညာပါသည်။ မိုဟာမက်စူရတီအနေဖြင့် ၇-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သတိပေးကြေညာချက်ကို ဆောလျင်စွာ အမြန်ဆုံးရုပ်သိမ်းပေးပါရန် သတိပေးပါသည်။

ဤကြေညာချက်ပါအတိုင်းသဘောတူပါသည်။

လွှဲအပ်ညွှန်ကြားသူ
ကာစင်စူရတီ[မန်နေဂျင်းထရပ်(စ်)တီး]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလှရွှေ (စဉ်-၃၀၉၆)
ဦးစိုးကြည် (စဉ်-၇၆၆၇)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၉/၁၁၊ ၃-ဘီ(မြေညီထပ်)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရှင်ထွေးညိုလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၇၂၊ အလျားပေ ၄၀၊ အနံပေ ၆၀ ပါမစ်မြေကွက်နှင့် ပတ်သက်၍ ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူပြီး ယခုလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူခိုင် ၁၂/သဃက(နိုင်)၀၇၀၅၂၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤ**မြေကွက်အရောင်းအဝယ်**ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယမင်းလတ်
LL.B, D.B.L, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ

ဦးဇင်သင်းအောင်
LL.B
အထက်တန်းရှေ့နေ

အမှတ် ၄၁၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊ အရှေ့ပိုင်းခရိုင်တရားရုံးအနီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၂၅၆၈၃၆၊ ၀၉-၅၁၈၁၂၁၀



ကြော်ငြာ

အရပ်ရပ်ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၄

ကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်လတ်လတ် **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဝင်္ကဘာလမ်းသွယ်နေ ဒေါ်လတ်လတ်က ကွယ်လွန်သူ ဦးကျော်ဝင်း၏ အမွေထိန်းလက်မှတ်စာရရှိသူအဖြစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၃၁/ခ၊ မြေပိုင်မြေ (လ/န ၃၉ရပြီး) ဧရိယာ ၀ ဒသမ ၂၁၉ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ စန္ဒာမြိုင်ရပ်ရှင်ရုံဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စီမံခန့်ခွဲခွင့်ပြုလိုကြောင်း အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားချက်ကို ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီ၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်ဝင်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွား တစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ခုနှစ် မတ် ၂၈ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) နံနက် ၁၀နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် စီမံခန့်ခွဲမိန့်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေနှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်လတ်လတ်၏ လျှောက်လွှာအပေါ် စုံစမ်းစစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးလွင်)
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

(မြန်မာနိုင်ငံကုမ္ပဏီများနည်းဥပဒေအပိုဒ် ၃၂အရ)
ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင်တရားရုံး၌
(ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်၏အရေး၌)
၂၀၁၃ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ်-၅၆

ဦးမောင်မောင်ကြိုင်၊ ဒုတိယဥက္ကဋ္ဌ ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်၊ (Chin Shin Industry Company Limited) အမှတ် ၁၆၊ ဇီဇဝါဥယျာဉ်၊ သံသုမာလမ်း၊ ရန်ကုန်မြို့။	**နှင့်**	ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက် (Chin Shin Industry Company Limited) အမှတ် ၂၈/၅၊ သီရိမင်္ဂလာ၊ ကမ္ဘာအေး ဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
လျှောက်ထားသူ		**လျှောက်ထားခံရသူ**

အမှတ် ၂၈/၅၊ သီရိမင်္ဂလာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ပြီး ငါးပုစွန်နှင့် တိရစ္ဆာန်အစာစပ်စက်ရုံနှင့် အအေးခန်းတည်ဆောက်ခြင်းကို အဓိကအားဖြင့် လုပ်ကိုင်ဆောင်ရွက်နေသည့် ချင်ရှင်းအင်ဒတ်စထရီးကုမ္ပဏီလီမိတက်၊ (Chin Shin Industry Company Limited) သည် ကုမ္ပဏီလုပ်ငန်းကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ရန် မဖြစ်နိုင်တော့သဖြင့် ကုမ္ပဏီကို တရားရုံး၏အမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၁၆၂ အရ လျှောက်ထားသောအမှုတွင်-

အထက်အမည်ပါကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းပေးရန် လျှောက်ထားသူက ၂၀၁၃ ခုနှစ် မတ် ၁၂ရက်တွင် ဤတရားရုံးသို့ လျှောက်ထားသည်ဖြစ်၍ အဆိုပါလျှောက်လွှာကို ၁၃၇၄ ခုနှစ် တပေါင်းလကွယ်နေ့၊ ၂၀၁၃ခုနှစ် ဧပြီ ၁၀ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအရှေ့ပိုင်းခရိုင်တရားရုံးတော်ရုံး၌ နံနက် ၁၀နာရီတွင် စစ်ဆေးကြားနာမည်ဖြစ်ရာ အထက်ပါဥပဒေအရ အဆိုပါကုမ္ပဏီကို ဖျက်သိမ်းရန် အမိန့်ထုတ်ပေးခြင်းအပေါ် ကန့်ကွက်လိုသော်လည်းကောင်း၊ ကုမ္ပဏီ၏ မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ တစ်ဦးတစ်ယောက်တို့သည် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အမိန့်ရ ရှေ့နေတစ်ဦးဦးနှင့်ဖြစ်စေ၊ ကြားနာစစ်ဆေးမည့် အဆိုပါ ချိန်းဆိုထားသည့်နေ့ရက်တွင် ထိုကိစ္စအတွက်လာရောက်ရန် ကြော်ငြာလိုက်သည်။ အောက်တွင် လက်မှတ်ရေးထိုးသူထံ အဆိုပါကုမ္ပဏီ၏မြီရှင်၊ ကြွေးမြီကူညီပေးဆပ်သူ သို့မဟုတ် အစုပါဝင်သူ မည်သူမဆို ၎င်းလျှောက်ထားသည့် လျှောက်လွှာမိတ္တူတစ်စောင်ကို အလိုရှိပါက ၎င်းအတွက် သတ်မှတ်ထားသောနှုန်းပေးသွင်းလျှင် ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

ဦးမင်းစိန် တရားလွှတ်တော်ရှေ့နေ
ခုနစ်ထပ်၊ ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ
အမှတ် ၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

ဦးအောင်ငြိမ်း
အင်ဂျင်နီယာ(ငြိမ်း)၊ ကပရ(ရုံးချုပ်)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပီမိုးနင်း ၂လမ်း၊ အမှတ် ၅၆၄နေ ဒေါ်တင်၏ခင်ပွန်း၊ ဦးခင်မောင်ဝေ-ဒေါ်ဝင်းတင်၊ ဦးဝင်းညွှန့်(လုပ်ငန်းနည်းပြဆရာ၊ စိတ်ကျန်းမာရေးဆေးရုံကြီး)-ဒေါ်မြင့်မြင့်သန်း၊ (ဦးသက်နိုင်)-ဒေါ်လှလှမြင့်၊ ဒုရဲမှူးမိုးအောင်[မှုခင်းတပ်ဖွဲ့(CID)]-ဒေါ်လွင်လွင်အောင်၊ ဦးအေးကြူ-ဒေါ်သီတာအောင်(အထက၊ မင်းလှ)၊ ဦးအောင်ဝင်းနိုင်-ဒေါ်မြတ်မိုမိုမြင့်(Polo Club)၊ဦးကျော်စိုး-ဒေါ်စန္ဒာအောင်၊ ဦးကျော်သန်းဝင်း-ဒေါ်ချိုချိုအောင်တို့၏ဖခင်၊ မြေး ၁၇ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၁၁း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၃ရက်(စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ဒုခရိုင်(၂)တရားသူကြီးရုံးတော်
၂၀၁၂ခုနှစ် တရားမဓာရီမှုအမှတ်-၁၆၄
အရောင်းကြော်ငြာစာ

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)	**နှင့်**	၁။ ဦးထွန်းမြင့် ၂။ ဒေါ်ခင်စန်းရီ
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၅) ရုံးတော်၌ တရားမကြီးမှုအမှတ်(၁၄၉/၂၀၁၀)အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၃ ခုနှစ် ဧပြီ ၂၃ရက် နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၁၀၅၊ လိပ်စာအားဖြင့် အမှတ် ၁၀၅၊ ရန်အောင်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ရှိ အကျယ်ပေ(၄၀×၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ဂရန်မြေငှားစာချုပ်၊ ယင်းမြေပေါ်ရှိ အကျယ်ပေ(၂၀×၄၅)၊ သွပ်မိုး အုတ်ကာ၊ အပေါ်ထပ်လျှာထိုးခင်း၊ အောက်ထပ်ကွန်ကရစ်ခင်းနှစ်ထပ် RC တိုက်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

ကြမ်းခင်းဈေးမှာ ငွေကျပ်သိန်း ၃၅၀တိတိ ဖြစ်ပါသည်။

လေလံတင်ရောင်းချရန်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ရာခိုင်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီး၊ နောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အောက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန်ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

(အောင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အများသိစေရန်ကြေညာခြင်း

ဦးဝင်းတင် ၁၂/သကတ(နိုင်)၀၉၇၄၅၁နှင့်ဇနီး ဒေါ်နီ ၁၂/သကတ(နိုင်)၁၁၁၄၅၈ တို့သည် သား ဦးတင့်လွင် ၁၂/သကတ(နိုင်)၀၆၂၉၈၆နှင့် မြေးမ တင့်ဇာဝင့် ၁၂/သကတ(နိုင်)၁၇၃၀၂၅တို့အား အဘိုး အဘွားမေတ္တာ၊ မိခင် ဖခင်မေတ္တာဖြင့် ပေးသင့်ပေးထိုက်သည်များအား ပေးကမ်းပြီးဖြစ်၍ ၎င်းပြုဖွယ်ဝတ္တရားကုန် ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း၊ နောက်နောင် ၎င်းတို့နှစ်ဦးနှင့်ပတ်သက်၍ ပြုမူဆောင်ရွက်မှုအစုစုသည် ကျွန်ုပ်မိတ်ဆွေတို့နှင့် လုံးဝပတ်သက်ခြင်းမရှိသလို မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၄၅)
၁၀၀၊ ၁၃ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၁၊ လူနေရပ်ကွက် (ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ် ၅၇၁၊ ၁၈ လမ်း၊ မြေအကျယ်အဝန်းပေ (၈၀×၆၅)၊ နှစ် ၆၀ဂရန်မြေကွက်နှင့် မြေကွက်ပေါ်မှ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုသူ ဒေါ်မြင့်မြင့်သိန်း ၁၂/ဥကမ(နိုင်)၀၅၁၇၆၅ထံမှ ဦးမြင့်သိန်း ၁၄/ပသရ(နိုင်)၀၇၄၉၂၉က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၉၆၀၄၀

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းကြည်
အသက်(၇၈)နှစ်

ဒေါ်နီနီအေး(ကထိက၊ ဌာနမှူး၊ ပထဝီဝင်ဌာန)၏မိခင် ဒေါ်သန်းကြည်သည် ၁၀-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပထဝီဝင်ဌာနမှ ဆရာ ဆရာမများ
ပထဝီဝင်ကျောင်းသား ကျောင်းသူများ
ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြသွင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)
စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)
အသက်(၇၇)နှစ်

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင်ဦးမြသွင်သည် ၁၄-၃-၂၀၁၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မြင့်
(ဒုတိယညွှန်ကြားရေးမှူး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့)
အသက်(၅၈)နှစ်

ဦးအောင်မြင့် (ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့)သည် ၁၂-၃-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမိုးအောင်-မယဉ်မာလှိုင်
လင်းဧရာမော်တော်ယာဉ်ထုတ်လုပ်ရေး၊ မြောင်းမြစက်မှုဇုန်

ဝမ်းနည်းကြေကွဲခြင်း
ဦးအောင်မြင့် (ပ/၃၀၆၂)
အောင်ဆန်းသင်တန်းအမှတ်စဉ်(၁၁)၁၉၈၁
ဗဟိုဝန်ထမ်းတက္ကသိုလ်ဖောင်ကြီး
(ဒုတိယညွှန်ကြားရေးမှူး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တော်ဝင်သုမင်္ဂလာအိမ်ရာ၊ တိုက် ၈၊ အခန်း ၁၀၃၊ ၁၅၄လမ်းနေ ဒေါ်သင်းသင်း၏ခင်ပွန်း၊ ကိုဖြိုးဇေယျာအောင်-မခင်သော်တာထွန်း၊ မဆုနွယ်ရီအောင်၊ မောင်ဖြိုးသူတို့၏ဖခင်သည် ၁၂-၃-၂၀၁၃ရက် ညနေ ၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ၁၆-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း [ပါမောက္ခချုပ်(ငြိမ်း)၊ သစ်တောတက္ကသိုလ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန]သည် ၁၃-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစု
သစ်တောဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်မောင်ဦး (လဝက-၂၉၄၅)
ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးဦးစီးဌာနမှူးရုံး(အရှေ့ပိုင်း)
အသက်(၅၉)နှစ်

ဦးတင်မောင်ဦး (ဒုတိယညွှန်ကြားရေးမှူး)သည် ၁၃-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
လူဝင်မှုနှင့် နိုင်ငံသားပြုဌာနခွဲ

ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ သာစည်ရပ်၊ အကွက်အမှတ် ၇၁၊ ဦးပိုင်အမှတ် ၂၄၊ မြေချိန် ၀ ဒသမ ၄၈၀ဧကရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဂျန်မာထွယ်ရှောင် ၁/ဗမန(နိုင်)၀၅၃၈၃၂ (ကွယ်လွန်)က ၂၆-၂-၂၀၀၈ရက်မှ ၂၅-၂-၂၀၁၈ရက်အထိ ၁၀နှစ် မြေငှားဂရန်စာချုပ်ဖြင့် ပိုင်ဆိုင်သည့်ပစ္စည်းဖြစ်ပါ၍ ဦးဂျန်မာထွယ်ရှောင်သည် လူပျိုတစ်ဦးဖြစ်ပြီး ယခုအခါကွယ်လွန်ပြီးဖြစ်ပါသည်။ ဦးဂျန်မာထွယ်ရှောင်တွင် တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူအဖြစ် ၎င်း၏ဖခင် ဦးဂျန်မာမုန်းဆောင် ၁/ဗမန(နိုင်)၀၀၆၆၄၆ သာစည်ရပ်၊ ဗန်းမော်မြို့နေသူသာရှိ၍ အထက်ပါမြေနေအိမ်ကိုလည်း ဦးဂျန်မာမုန်းဆောင်က ထိန်းသိမ်းစောင့်ရှောက်ထားခြင်းဖြစ်ပါသည်။ ဦးဂျန်မာမုန်းဆောင်သည် အထက်ပါမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလောက်လွယ် ၁/ဗမန(နိုင်)၀၄၇၉၄၈နှင့် ဦးမောက်ကျားဘင်(ခ)ဦးကြည်ထွန်း ၁/ဗမန(နိုင်)၀၀၀၁၃၇တို့အား တရားဝင်မှတ်ပုံတင် အရောင်းစာချုပ် ချုပ်ဆိုရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဦးလောက်လွယ်၊ ၂။ ဦးမောက်ကျားဘင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးတင့် (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၈၉)
ကက-၁၃၅၊ မင်းကျောင်းကုန်းကွက်သစ်၊ ဗန်းမော်မြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးမြသွင်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၂၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်-ဇနီးဒေါ်သက်သက်ဆွေ
ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများ
ပြန်ကြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင် (ညွှန်ကြားရေးမှူး၊ ငြိမ်း)

စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ် စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၂၃ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အရာထမ်းများ၊ အမှုထမ်းများ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ဦးအောင်စီ(ကျုံပျော်) (မန်နေဂျာ)လှမြန်မာ(ရွှေဘ)ထမင်းဆိုင်

အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ကျုံပျော်မြို့နယ်၊အကွေ့တန်းကျေးရွာနေ(ဦးစကီး-ဒေါ်နန့်ချုပ်)တို့၏သား၊ ဦးကျော်မြင့်-(ဒေါ်စန်းစိန်)၊ ဒေါ်ပန်းစိန်၊ ဦးအေးလွင်-ဒေါ်ဂျူး၊ ဦးစောမြင့်-ဒေါ်နန်းစိန်၊ ဦးဖိုးထူး-ဒေါ်နန်းတင်၊ ဦးသိန်းအောင်- ဒေါ်လှထွေးယဉ်တို့၏ညီ/မောင်၊ အမှတ် ၂၇၊ ၅လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်ကြိုင်၏ခင်ပွန်း၊ ကိုအောင်မြင့်မြတ်၊ မကျော့ကျော့တို့၏ဖခင်၊ တူ၊တူမ ၁၅ယောက်တို့၏ဘကြီးသည် ၁၅-၃-၂၀၂၃ရက်နံနက်၂း၀၅နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၂၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဦး (လဝက-၂၉၄၅)

ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းဦးစီးမှူး)
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၉/၂၊ မြင်သာ ၅လမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်ကျော့ကျော့လှိုင်၏ခင်ပွန်း၊ မောင်ရှိန်းခန့်ဦး (တတိယနှစ်၊ ရက္ခဗေဒ)၊ မရည်မွန်ဦးတို့၏ဖခင်သည် ၁၃-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဦး (လဝက-၂၉၄၅)

ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းဦးစီးမှူး)
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီဥယျာဉ်အိမ်ရာနေ ဦးအောင်စိန်(ခ)ဖိုးလေးကောက်-ဒေါ်မြမြတင်(ခ)အန်တီဒေစီတို့၏သားသမက်၊ ဦးဝင်းမောင်မြင့်-ဒေါ်ခင်လှဲ့လှဲ့ခိုင်၊ (ဦးကျော်ကျော်မြင့်)-ဒေါ်ခင်အေးအေးမြိုင်တို့၏အစ်ကိုကြီး၊ မောင်ဟိန်းသန့်ထူး၏ဘကြီး သည် ၁၃-၃-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဦး (လဝက-၂၉၄၅)

ဒုတိယညွှန်ကြားရေးမှူး(ဒု-တိုင်းဦးစီးမှူး)
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး

အသက်(၅၉)နှစ်

တောင်ငူမြို့နေ (ဦးအောင်ရွှေ)-ဒေါ်အုန်းကြင်တို့၏သားကြီး၊ ဒေါ်ခင်ကျော့ကျော့လှိုင်၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးဝင်းကျော်-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ခိုင်ခိုင်ရွှေ၊ ဦးခင်မောင်အေး-ဒေါ်နီနီ၊ ဦးခင်မောင်လေး-ဒေါ်သဇင်လွင်၊ ဦးခင်မောင်ထွေး-ဒေါ်ခင်ဥမ္မာလှိုင်၊ ဦးခင်မောင်ရွှေ-ဒေါ်ချောစု၊ ဦးထွန်းမြင့်အုန်း-ဒေါ်သွယ်သွယ်လှိုင်၊ ဦးနေမင်းထွန်းတို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးကြီးသည် ၁၃-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သန္တာစိုး

အသက်(၅၇)နှစ်

မြန်မာ့စီးပွားရေးဘဏ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးတင်မောင်ဝင်း (ငွေကိုင်-၁၊ မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၏ဇနီး၊ မောင်မင်းဇော်ဦး-မကေသွယ်ဝင်း၊ မောင်ဝေမိုး-မလေးလေးဇင်(Chatrium Hotel)တို့၏မိခင်သည် ၁၅-၃-၂၀၂၃ရက်(သောကြာနေ့) နံနက် ၀၀း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ၂နာရီတွင်စဝ်စံထွန်းဆေးရုံမှတိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခိုင်သိန်း (မော်လမြိုင်မြို့)

အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၄၊ အခန်း ၃၃၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးမောင်ပိန်-ဒေါ်တင်စိန်တို့၏သားကြီး၊ ဒေါ်အေးအေးဆန်း၏ခင်ပွန်း၊ ကိုထွေးနိုင်-မလွင်မော်ခိုင်တို့၏ဖခင်၊ (ကိုအေးထွန်း)-ဒေါ်ခင်မူမူ၊ ကိုဝင်းနိုင်-မသီတာအေး၊ ကိုငွေးဝင်းမောင်-မခင်မျိုးသန့်၊ ကိုတင်အောင်မိုး-မစုစုထွေး၊ မအိအိမျိုး၊ မအိအိမိုး၊ မခင်ဇာမော်တို့၏အစ်ကိုကြီး၊ မနှင်းစန္ဒာ၊ မောင်နေမျိုးလွင်၊မောင်ဉာဏ်လင်းအောင်တို့၏ဘကြီးသည် ၁၅-၃-၂၀၂၃ရက် မွန်းလွဲ ၁း၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးမန်းသိန်းဟန် (ဆည်ကြီး၊ ပန်းတနော်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဒုတိယသီရိရိပ်သာ အမှတ် ၁၅၈/ဘီနေ(ဦးလွန်းကျား-ဒေါ်မယ်ခင်)တို့၏သားကြီး၊(ဒေါ်ကြည်ကြည်)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အေး၊ ဒေါက်တာစဂျေလွင်(မျက်စိအထူးကု ဆရာဝန်ကြီး)-ဒေါ်စွဲ့မိုးမိုးအေး၊ ဦးဝင်းညွှန့် (C/E-NSSPL)-ဒေါ်နန့်ကျင်မွေး၊ ဒေါက်တာကျော်ကျော်(ကထိက၊ ပထဝီဝင်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)-ဒေါက်တာနန့်မူအေး(ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်၊ မြိတ်တက္ကသိုလ်)တို့၏ဖခင်ကြီး၊ မမေသကြ်န်ဦး၊ မမေဟေမန်ဦး၊ နန့်သက်လျာဝင်း၊ စဆက်အောင်၊ နန့်အေးမြင့်မြတ်ကျော်၊ နန့်ဆုလဲ့ဖြူတို့၏အဘိုးသည် ၁၄-၃-၂၀၂၃ရက်(ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကျော်မြင့်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ယုဇန ၂လမ်း၊ အမှတ် ၂၀၈နေ (ဦးဘစန်း-ဒေါ်မယ်ခင်)တို့၏သား၊ (ဦးမောင်ရင်-ဒေါ်နက်ပု)တို့၏သားသမက်၊ (ဒေါ်တင်ညွှန့်)၏ခင်ပွန်း၊ ဦးမျိုးမြင့်-ဒေါ်သန်းတင်ထူး(မန္တလေး)၊ ဦးခင်မော်-ဒေါ်ငွေးငွေးဝင်း၊ ဦးခင်မောင်ငွေး(Geo Tech Pilling Company)-ဒေါ်တင်ရီ(အမက-၂၉)၊ ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း)-ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်တင့်တင့်ငွေး(အမက-၂၉)၊ ဦးခင်မောင်အေး-ဒေါ်ညွှန့်ညွှန့်ဆွေ(ခ)ဒေါ်ဖြူဖြူ (ခေတ္တ-စင်ကာပူ)၊ ဦးခင်မောင်မြင့်-ဒေါ်တင်ထားထားသွင် (ခေတ္တ-စင်ကာပူ) တို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၂၃ ရက် ည ၁၁း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၂၃ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ချိန် (မူ/အုပ်၊ ငြိမ်း)

(ညောင်လေးပင်မြို့)

အသက်(၇၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ အမှတ် ၁၀၃၊ မန္တလေးလမ်းနေ ဦးစိန်ထွန်း-ဒေါ်စိန်ခင်တို့၏သား၊ ဒေါ်သိန်းတင်၏မောင်၊ ဦးလှညွှန့်-ဒေါ်တင်မေတို့၏အစ်ကို၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ ဦးတင့်လွင်-ဒေါ်အေးသန့်ခိုင်၊ ဦးလှစိုး-ဒေါ်ညွှန့်ညွှန့်ကြည်၊ ဒေါက်တာလှလှကြည် (ဆေးရုံအုပ်ကြီး၊ နေပြည်တော်၊ ပျဉ်းမနား၊ ခုတင်-၂၀၀၊ ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ ကိုရဲလင်းချိန်- မယုဇနကျော်၊ ကိုဘိုဘိုစိုး-မလှမြတ်အေး(B.ED, JAT, အထက-၂၊ ညောင်လေးပင်)၊ ကိုစိုးထက်ဦး၊ ကိုထူးအောင်ဖြိုး-မစုဝေလွင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၃-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့)တွင် ညောင်လေးပင်မြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဗိုလ်ကြီးမြင့်စန်း(ငြိမ်း) 15-Intake

ဌာနခွဲမှူး(ငြိမ်း)၊ YCDC

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၆ (B)၊ ၈၇လမ်းနေ ဒေါ်နီနီထွေး(မြတ်မြင့်မိုရ် သင်္ကန်းတိုက်၊ နေပြည်တော်)၏ခင်ပွန်း၊ ဗိုလ်ကြီးရဲလင်းထွေး-ဒေါ်ဝေဝေဖြိုးမြင့်၊ ဗိုလ်ကြီးအောင်ကျော်မြင့်၊ ဗိုလ်ကြီးအောင်ခိုင်သန်း-ဒေါ်ချောစုစုညိမ်းတို့၏ဖခင်၊ မောင်အောင်ဖွဲ့မာန်၏ဘိုးဘိုးသည် ၁၄-၃-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၀၀း၀၁နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဂျိမ်းအက်ဂနေရှက်(စ်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်နေ(ဦးဂျိုးဇက်-ဒေါ်ရှီလာ)၊ဒေါ်လူဒ်မေရီတို့၏မောင်၊ ဦးဖရန်းစစ်(စ်)၊ ဦးရစ်ချတ်-ဒေါ်မွှေဂီ၊ ဦးစတီဗင်၊ ဒေါ်မရီနား-ဦးရောဘတ်(ထ်)၊ဒေါ်ဂလိုရီ၊ ဦးမိုက်ကယ်(လ်)တို့၏ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၃-၃-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော်ဘုရားကျောင်း မြေနီကုန်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဂျိမ်းအက်ဂနေရှက်(စ်)

အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်နေ(ဦးမိုက်ကယ်စံတီယာဂို - ဒေါ်ထရေဇာ)တို့၏သားသမက်၊ ဒေါ်အန်ဂျေလာ(ခွဲမှူး၊ ငြိမ်း၊ ပုဝါစက်ရုံ)၏ခင်ပွန်း၊ ဒေါ်မာရီလင်ဒါ၊ ဦးကလိုဗစ်၊ ဒေါ်ဖရန်စီနာ၊ (ဦးစောထွန်းထွန်း)၊ ဒေါ်ရှီလာ-ဦးဂျိုးဇက်၊ ဒေါ်မာဂရက်၊ ဒေါ်ဂျဲနီဖာတို့၏အစ်ကိုသည် ၁၃-၃-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော် ဘုရားရှိခိုးကျောင်း (မြေနီကုန်း) တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးမြသောင်း

အလပြ(ငြိမ်း)၊အထက(၂)ဗဟန်း

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊အထက(၂) ဗဟန်းနေ (ဦးစိုး-ဒေါ်သန်း)တို့၏သား၊ (ဦးဘရင် - ဒေါ်ကြင်ညွှန့်)တို့၏သားသမက်၊ ဒေါ်သန်းသန်းငွေး(အထက-၂၊ ဗဟန်း)၏ခင်ပွန်း၊ မောင်အောင်ခိုင်ဖြိုး၊ မရည်မွန်ထက်တို့၏ဖခင်သည် ၁၄-၃-၂၀၂၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကိုကို (ဇော်ဝမ်းကြီး)

B.E (Mech:) R.I.T

အသက်(၅၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊(၄)ရပ်ကွက်၊ အမှတ် ၈၄/Bနေ (ဦးကျော်-ဒေါ်စမ်းကြည်)တို့၏ သားထွေး၊(ဦးဝင်းကြွယ်)-ဒေါ်ညိုတို့၏သားသမက်၊ဒေါ်ခင်ခင်ချော၏ခင်ပွန်း၊ မောင်ကောင်းကျော်ကို၊ မချောယဉ်သော်ဦး၊ မချစ်ကြည်ကိုတို့၏ဖခင်သည် ၁၄-၃-၂၀၂၃ရက်(ကြာသပတေးနေ့)ည ၇နာရီတွင် ဝါးခယ်မမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် ဝါးခယ်မမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်လှကြည်(ခ) ဒေါ်လှကျင်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၇၃နေ (ဦးဖိုးသစ် - ဒေါ်မမလေး)တို့၏သမီး၊ (ဦးသာဝင်း-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ (ဦးစန်းရင်)၏ဇနီး၊(ဒေါ်တင်မြ)၊ (ဦးချစ်မွန်း-ဒေါ်ခင်ညွှန့်)၊ ဒုတိယဗိုလ်မှူးကြီးသာစိန်(ငြိမ်း)-ဒေါ်မြအေး၊ (ဦးကျော်ခင်-ဒေါ်တင်တင်)၊ (ဦးအုန်းငွေ-ဒေါ်ညွှန့်ညွှန့်)၊ (ဦးညွှန့်မောင်)-ဒေါ်မြင့်တို့၏အစ်မ/ညီမသည် ၁၅-၃-၂၀၂၃ရက် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်စန်းမြ

အသက်(၆၈)နှစ်

ဦးကုမာရ(ဇီးတလိုင်းတောရကျောင်း၊ စကုမြို့)၏ရဟန်းဒါယိကာမကြီး၊မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ဆင်ခေါင်းကျေးရွာနေ (ဦးညို-ဒေါ်ပု)တို့၏သမီး၊ ဦးအောင်ကြည်-ဒေါ်ရွှေပေါ်၏ညီမ၊ ဦးစိုးမြင့်-ဒေါ်လှအေး၊ ဦးစိုးတင့်၊ ဒေါ်စန်းလှတို့၏အစ်မ၊ ဗိုလ်မှူးအောင်ကျော်ထွန်း - ဒေါ်ဖြူဖြူ(အင်းတိုင်)၊ ဦးမျိုးကြည်-ဒေါ်လေးကြည်၊ ဦးဉာဏ်လင်း-ဒေါ်ချိုမာတို့၏မိခင်၊မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၃-၃-၂၀၂၃ရက် ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ ငြိမ်းအေးဇရပ်အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦးကျော်မြင့်

B.E (Electronic),
O.J.T (Elect)
Eelectrician Special Grade
(Htoo/KA-7)
LM-ASEAN Engineer,
M-M.E.S

(လျှပ်စစ်အင်ဂျင်နီယာ)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၃၃၄/၃၄၄၊ အနော်ရထာလမ်း၊ အမှတ် 1B101 ပုဂံအိမ်ရာနေ (ဦးအင်ဂွမ်း-ဒေါ်စောလျှံ)တို့၏သား၊ (ဦးကြည်လင်)-ဒေါ်ဘီချိုတို့၏သားသမက်၊ ဒေါ်လှဲ့လှဲ့ဝင်း၏ခင်ပွန်း၊ (ဦးသိန်းမြင့်)-ဒေါ်သန်းသန်းမြင့်တို့၏တူ၊ ကျော်ငြိမ်းချမ်း (တေးသံရှင်ချမ်းချမ်း)၏ဖခင်၊ ဦးကျော်သိန်း-ဒေါ်အောင်စိန်၊ (ဦးကျော်သန်း)-ဒေါ်ကြူကြူ၊ဦးကျော်ဝင်း-ဒေါ်လေးဝင်းတို့၏ညီ၊ ဦးလှထွန်း-ဒေါ်ခင်သန်းမြင့်တို့၏မောင်၊ (ဦးလှမြင့်)-ဒေါ်ခင်သန်းဝင်း၊(ဦးကျော်အေး)-ဒေါ်အေးအေးသန်းတို့၏အစ်ကို၊ တူ၊တူမ ၁၄ယောက်တို့၏ဦးလေးသည် ၁၄-၃-၂၀၂၃ရက် နံနက် ၂း၄၅နာရီတွင် အာရှတော်ဝင်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မမီးမီ(ခ)မမာမာဆွေ

အသက်(၄၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပန်းခြံလမ်း၊အမှတ် ၁၀နေ(ဦးခင်သိန်း)-ဒေါ်ကျင်ငြိမ်းတို့၏သမီးကြီး၊ (ဒေါ်သောင်းရင်)၊ ဒေါ်သောင်းတင်၊ (ဒေါ်တင်ကြည်)တို့၏တူမ၊ ဦးဝင်းကျော်၊ မမာမာစိုး၊ မအေးမြင့်ခိုင်တို့၏အစ်မ၊ မောင်ကောင်းသစ်ထူး၏ အဒေါ်သည် ၁၄-၃-၂၀၂၃ရက် (ကြာသပတေးနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ပုသိမ်မြို့ သရက်ချောင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအားလုံး အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဂုဏိယ

သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင် (၅၀၃)ရပ်ကွက်၊ ရေတော်တိုက် ပိဋကပါလကျောင်းဆရာတော် ဘဒ္ဒန္တဂုဏိယ မဟာထေရ် သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါသည် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၃ရက်) ၁၄-၃-၂၀၂၃ရက် ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် တပေါင်းလဆန်း ၇ရက်) ၁၈-၃-၂၀၂၃ရက် မွန်းလွဲ ၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှမြင့်(ခ)ဦးဘမြင့် (လက်ပံတန်း)

မန်နေဂျာ(ငြိမ်း)၊ က·က·ဝယ

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၁နေ (ဦးမောင်ကလေး-ဒေါ်ဖွားတင့်)တို့၏သားကြီး၊ (ဦးချန်ဟုတ်-ဒေါ်မြ)တို့၏သားသမက်၊ ဒေါ်အုန်းကြည်၊ ဒေါ်တင်ဝင်း၊ ဦးသိန်းယုတို့၏အစ်ကိုကြီး၊ ဒေါ်ကြည်အေး၏ခင်ပွန်း၊ မရီရီအေး၊ ကိုအောင်ကျော်မြင့်-မဥမ္မာလွင်၊ ကိုသန်းအေး-မမာမာဝင်း၊ ကိုမင်းမင်းကို-မမြတ်မြတ်မိုး၊ ကိုထွန်းထွန်းလင်း-မလှလှခိုင်(ခ)မစုတို့၏ဖခင်ကြီး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်လှကြည်(ခ)ဒေါ်လှကျင်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ် ၇၃နေ (ဦးဖိုးသစ်-ဒေါ်မမလေး)တို့၏သမီး၊(ဦးသာဝင်း-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ဦးအောင်မြင့်-(ဒေါ်မြင့်မြင့်သန်း)၊ ဦးအောင်ငွေမြင့်-ဒေါ်အေးအေးသန်း (ဦးစီးအရာရှိ၊ အကြောဌာန၊ ကလေးဆေးရုံကြီး)၊ ဦးကျော်ဆွေ-ဒေါ်နီ၊ ဒေါ်မြမြသန်း(ခေတ္တ-TOKYO JAPAN)၊ ဦးသန်းထွန်း-ဒေါ်ကြည်ကြည်နွယ်၊ ဦးခင်မောင်ညွှန့် (3/E Uniteam Marine)-ဒေါ်ကြည်ကြည်သန်း၊ ဦးဇင်မင်း-ဒေါ်သန်းသန်းဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လှ

(ချောင်းဆုံမြို့၊ မူနိုင်းရွာ)

အသက်(၈၃)နှစ်

သူငယ်ချင်း ဗိုလ်မှူးသောင်းနိုင်၏မိခင် ဒေါ်ခင်လှသည် ၉-၃-၂၀၂၃ရက် (စနေနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

ဦးစန်းမြင့်

Zero Spot Laundary Service Pte., Ltd., (Singapore)

အသက်(၄၆)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ပင်းဝရွာနေ ဦးချစ်လှိုင်-(ဒေါ်ပု)တို့၏သား၊ ဦးကြီးမောင်-ဒေါ်အေးစိန်တို့၏တူ၊ မဥမ္မာခင်၊ ကိုကျော်ဇေယျတို့၏အစ်ကို၊ အမှတ် ၁၀၊ ဗိုလ်တေဇ ၃လမ်း၊ (ဂ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းမြင့်၏သားသမက်၊ ဒေါ်သီသီမွန်(YCB) ၏ခင်ပွန်း၊ မဆုမွန်လင်း၏ဖခင်သည် ၁၂-၃-၂၀၂၃ရက်တွင် စင်ကာပူစံတော်ချိန် ညနေ ၆နာရီတွင် စင်ကာပူနိုင်ငံ၌ ရုတ်တရက် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၃ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအေးထွန်းဝင်း(ခ) ဦးမောင်မောင်

B.Sc (Geology) 1972

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂လုံးတန်း၊ တိုက်အမှတ် ၂၁၉၊ အခန်း ၃၁နေ (ဦးထွန်းစိန်-ဒေါ်အေးမြ)တို့၏သား၊ (ဦးရဲဝင်း-ဒေါ်သန်းသန်း)တို့၏သားသမက်၊ (ဒေါ်တင်တင်ဝင်း)၊ ဦးမင်းလွင်-ဒေါ်ခင်ချိုဝင်းတို့၏မောင်၊ ဦးညိုမှိုင်း-ဒေါ်သူဇာဝင်းတို့၏အစ်ကို၊ဒေါ်ညွှန့်ညွှန့်ဝင်း(စက်မှုအထည်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးရဲထွန်းမြင့်-ဒေါ်အိကေခိုင်(Cherry-Oo)၊ ဦးထင်လင်းထွဋ်-ဒေါ်ဇင်မာဝင်း (Esquire Int'l Co., Ltd.)၊ မရွှေရည်ဝင်း (Chatrium Hotel) တို့၏ဖခင်၊ မဆုလာဘ်နန္ဒာထွန်း၊ မဆုလာဘ်ရတနာထွန်း၊ မလင်းရတီဝင်းတို့၏အဘိုးသည် ၁၄-၃-၂၀၂၃ရက် (ကြာသပတေးနေ့)ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၃ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း

(ဝင်းသီရိမွန်ရွှေဆိုင်၊ တာမွေဈေး)

အသက်(၆၅)နှစ်

မော်လမြိုင်မြို့နေ (ဦးသင်းမောင်-ဒေါ်လှကြည်)တို့၏သား၊ ဟင်္သာတမြို့နယ်နေ (ဦးထောက်-ဒေါ်ထွေးနု)တို့၏သားသမက်၊ (ဒေါ်လေးမြင့်)၏ခင်ပွန်း၊ ဦးခင်မောင်လှ၏ညီ၊ (ဒေါ်သန်းရင်)၏အစ်ကို၊ ဒေါ်မိုးမိုးအေး၊ (ဦးတင်အောင်မိုး)၊ဦးမိုးမြင့်ကျော်-ဒေါ်အေးအေးခိုင်၊ ဦးသူရအောင်-ဒေါ်တင်မိုးသီတို့၏ဖခင်၊ မအိသဇင်ဖြူ၊ မမေသဇင်ဖူး၊ မောင်လွင်မိုးအောင်၊ မမေသဇင်ဖြိုးတို့၏အဘိုးသည် ၁၅-၃-၂၀၂၃ရက် (သောကြာနေ့) နံနက် ၃း၁၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၂၉၊ ၁၅၅လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဒုတိယသမ္မတဦးညဏ်ထွန်း ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ငုယင်သီဒွမ်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

သတင်းအညွှန်း

စာတတ်ခြင်းကို အခြေပြု၍ အနာဂတ်တွင် ကြီးမားသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရနိုင်
ခေါင်းကြီး စာမျက်နှာ-၂

တရုတ်သမ္မတအဖြစ် ရှီကျင့်ဖျင်အား ရွေးချယ် စာမျက်နှာ-၄

နေပြည်တော် ဗုဒ္ဓဂယာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီ
စာမျက်နှာ-၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို မြင်းစီးအားကစားပြိုင်ပွဲဖွင့် ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

နေပြည်တော် မတ် ၁၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယကပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ မြင်းစီးအားကစားကွင်း၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို မြင်းစီးအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများမှကစားသမားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ နေရာယူပြီး ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ နိုင်ငံတကာ မြင်းစီးအားကစားအဖွဲ့ချုပ် (FEI) မှ ပြိုင်ပွဲနည်းစနစ် ဒါရိုက်တာ Maj Yap Mou Soon တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း မြင်းစီးအားကစားပြိုင်ပွဲ ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဝင်ငွေများတိုးတက်ရရှိအောင် ရှာဖွေလာနိုင်သည်ကို တွေ့ရှိရ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

နိုင်ငံ့ဝန်ထမ်းများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် လက်ရှိသတ်မှတ်ထားသော လစာနှင့် စရိတ်နှုန်းထားများအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အစိုးရဌာနနှင့်အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခကို လက်ရှိသတ်မှတ်ထားသော လုပ်ခအပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ခွင့်ပြုခဲ့ပါကြောင်း၊ ယခု၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်း နိုင်ငံ့ဝန်ထမ်းများအတွက် လစာနှုန်းထားကို ကျပ် ၂၀၀၀၀ စီ တိုးမြှင့်ပေးနိုင်ရန်နှင့် အချိုးကျတိုးမြှင့်လာမည့် ပင်စင်လစာနှင့် ဆုငွေများအတွက် သာမန်အသုံးစရိတ်တွင် ထည့်သွင်းလျာထားမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ထို့အပြင် လက်ရှိခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး၊ ဒေသစရိတ်တို့ကိုလည်း ပြောင်းလဲမှုမရှိ ဆက်လက်ထောက်ပံ့ပေးနိုင်ရန်လျာထားပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်တစ်ရပ်လုံး ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနများ အပါအဝင် အမြဲတမ်းနိုင်ငံ့ဝန်ထမ်းဦးရေ (၁ သန်း ၂ သိန်းခန့်)၊ နေ့စားဝန်ထမ်းဦးရေ (၇ သောင်း ၄ ထောင်ခန့်)နှင့် အငြိမ်းစားဝန်ထမ်းဦးရေ (၇ သိန်း ၆ သောင်းခန့်)တို့အတွက် ခန့်မှန်းလျာထားငွေကျပ် (၃၈၅ ဒသမ ၆၈၂) ဘီလီယံကို သာမန်အသုံးစရိတ်အပိုင်းတွင် တိုးမြှင့်ထည့်သွင်းလျာထားပါကြောင်းဖြင့် ယနေ့ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၀)ရက်မြောက်နေ့တွင် **၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း** ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တင်သွင်းရာ၌ ထည့်သွင်းတင်ပြခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❄

အချပ်ပို ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

ရေချိုရေကောင်းများ ညစ်ညမ်းရေမဖြစ်စေရေး ဆောင်းပါး စာမျက်နှာ-၆တွင် ဖတ်ရှုနိုင်ပါသည်။

ထစ်ချုန်းမိုး

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရှိန်ပြင်းစွာမောင်း၍ သေဆုံးမှုဖြစ်

နေပြည်တော် မတ် ၁၅

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် တစ်ရက်တည်း ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၉ ရက် နံနက် ၁နာရီခန့်က လယ်ဝေးမြို့နယ် ရွာသစ် ရွာတောင်ဘက်မြို့ရှောင်လမ်း မိုင်တိုင်အမှတ် ၅/၀နှင့် ၅/၁ ကြားတွင် သာဝတ္ထိဘက်မှ ပျဉ်းမနားဘက်သို့ အောင်ဝင်း ၃၅နှစ် တောင်သူ ရှမ်းရွာတဲစု ရေကာအုပ်စု လယ်ဝေးမြို့နယ်နေသူ မောင်းနှင်သည့် ၁၉ ယ/ . . . Kenbo ၁၂၅ (အနီအနက်ရောင်)ဆိုင်ကယ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးသို့ လဲကျတိမ်းမှောက်ခဲ့သဖြင့် ဆိုင်ကယ်မောင်း အောင်ဝင်းသည်ရရှိသောဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အေလာရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရသည်။

ထို့အတူ မတ် ၉ ရက်ည ၁၁ နာရီ ၄၅မိနစ်ခန့်က လယ်ဝေးမြို့နယ် ပျံချီရွာ အလက(၂)ရှေ့ မြို့ရှောင်လမ်း မိုင်တိုင်အမှတ်၂/၁အနီးတွင် အေလာဘက်မှ သာဝတ္ထိဘက်သို့ ရဲတပ်သားမိုးလင်းအောင် ၂၉နှစ် သာဝတ္ထိ အင်းသာ စစ်ဆေးရေး ဂိတ်တာဝန်သတင်းတပ်ဖွဲ့ နေပြည်တော်နေသူမောင်းနှင်လာသည့် ၂ဂ/ . . . လေ့ဂျာ ၁၁၀အနက် ရောင်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးသို့ လဲကျတိမ်းမှောက်ခဲ့ရာဒဏ်ရာပြင်းထန်သဖြင့် နေရာတွင်သေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အေလာရဲစခန်းမှအမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ပခုက္ကူမြို့အနီး ဧရာဝတီမြစ်ကြောင်း ကောင်းမွန်ရေး ဒေသခံပြည်သူများ လိုလားလျက်ရှိနေ

ပခုက္ကူ မတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အနီးမှ ဖြတ်သန်းစီးဆင်းသော ဧရာဝတီမြစ်ကြောင်းသည် ယခုအခါ မြစ်ရေနည်းပါးမှုကြောင့် မြစ်ပြင်တစ်ခုလုံးသဲသောင်ပြင်ကြီး ဖုံးလွှမ်းကာ လိပ်ကုန်း-ပုဇွန်ကုန်း-ရွှေချောင်းကျွန်းရွာ-ဘောလုံးခုံရွာ စသည့် ကျွန်းခုံရွာများမှ ပခုက္ကူမြို့သို့ ခြေကျင်၊ ဆိုင်ကယ်၊ လှည်းများနှင့်သွားလာနိုင်နေကြောင်း သိရသည်။ အဆိုပါ သဲသောင်ပြင်ကြီးကြောင့် ပခုက္ကူ သင်္ဘော၊ မော်တော်ဆိပ်ကမ်းသည် ပခုက္ကူမြို့ အနောက်ဖျား ဧရာဝတီ ပခုက္ကူတံတားအောက် ကုက္ကိုလ်လှရွာအထိ ပြောင်းရွှေ့ဆိုက်ကပ်နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ငယ်ငယ်က ပခုက္ကူမြို့လယ် အကြိုတော်ရုံဆိပ်ကမ်းဟာ သင်္ဘောမော်တော်တွေ အများဆုံးဆိုက်ကပ်ခဲ့လို့ အလွန်စည်ကားခဲ့ပါတယ်။ အခုတော့ သင်္ဘောခေတ်လည်းမရှိတော့တာရယ် ရေကြောင်းကလည်း မကောင်းတဲ့အပြင် နှစ်စဉ်သဲသောင်ပြင်ကြီး ထွန်းလို့ မြစ်ဝကျွန်းပေါ်ဒေသက ဆန်မော်တော်၊ သင်္ဘောကြီးတွေ မြို့အနောက်ပိုင်းထိ ရွှေ့ပြောင်း ဆိုက်ကပ်နေရပါတယ်။ ဆိပ်ကမ်းလည်းဝေးပြီး တန်ဆာခနဲ့ အချိန်လည်း ကုန်လာပါတယ်"ဟု ပခုက္ကူ ဒေသခံတစ်ဦးက ပြောကြားသည်။

သဲသောင်ပြင်ကြီးသည် ပခုက္ကူမြို့အထက်ပိုင်း မယ်တော်လှဘုရားကျွဲတဲမှသည် မြင်သာဘုံမအထိ ရှည်လျား ပေါ်ထွန်းနေသောကြောင့် ပခုက္ကူဒေသခံများရေအခက်အခဲများ ဖြစ်ပေါ်နေကြောင်းလည်းသိရသည်။ ဝါဆိုဝါခေါင်ရေကြီးချိန် ကာလ၌သာ ပခုက္ကူမြို့မြစ်ကြောင်းသည် အသုံးဝင်ပြီး တန်ဆောင်မုန်း၊ နတ်တော်မှစ၍ ရေကြောင်း ပိတ်သွားသည်ဟုလည်း စုံစမ်းသိရှိရသည်။ သဲသောင်ပြင်ကြီး အဆမတန်ပေါ်ထွန်းမှုကြောင့် ရေကြောင်းကုန်သွယ်မှု အခက်အခဲနှင့် မြို့အောက်ပိုင်း ထနောင်းကုန်း၊ ရှားတော၊ သိမ်ကုန်း၊ စသည့်ရွာများလည်း မြစ်ကမ်းပါး ပြိုမှုကြောင့် ကျေးရွာများ၊ လယ်ယာမြေများလည်း နှစ်စဉ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

"ကျွန်တော်တို့ရွာမှာ ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းသူ ၅၀ အထိရှိပါတယ်။ တောင်သာနယ်ရွာဘဲ၊ ကျောဇီ၊ ရွာလေးကုန်းအထိ သွားပြီး ရေလုပ်ငန်းလုပ်ကိုင်နေရပါတယ်။ သဲသောင်ပြင်ကြီးကြောင့် သောက်သုံးရေလည်း ခက်ခဲနေရပါတယ်။ မယ်တော်လှ၊ ကျွဲတဲ၊ အေးကျွန်း၊ ရွှေချောင်းစတဲ့ ဒေသမှာရှိတဲ့ မြေကလည်း ရေတွင်းတူးရင် ရေငန်တွေပဲထွက်ပါတယ်။ သဲသောင်ပြင်မှာ တူးရင်လည်း ရေကငန်ပါတယ်" ဟု အေးကျွန်းရွာသား တစ်ဦးကလည်း သဲသောင်ပြင်ကြီးကြောင့် သောက်သုံးရေခက်ခဲမှု၊ ဝမ်းစာရေးခက်ခဲမှုတို့ကို ရှင်းပြသည်။ ပခုက္ကူမြို့သို့ ဖြတ်သန်းစီးဆင်းသော ရေကြောင်းကို ရွှေတန့်တစ်ရွာအနီးမှရေကြောင်းကောင်းစေရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးသင့်ကြောင်း၊ ဆယ့်နှစ်လရာသီ ရေစီးဆင်းရန် ပြုလုပ်ပေးပါက ဧရာဝတီ-ချင်းတွင်းမြစ်ဆုံဒေသမှ ထွက်ကုန်စက်လှေလေးများ သွားလာနိုင်ခြင်း၊ ဆန်မော်တော်ကြီးများ မြို့ထဲအထိ ဆိုက်ကပ်နိုင်ခြင်းအပြင် ကမ်းနားနေ ဒေသခံပြည်သူများပါ သောက်သုံးရေ ချိုချို ရရှိနိုင်၍ရေကြောင်းပြောင်းလဲမှုကို အမြန်ဆုံးစီစဉ်အကောင်အထည်ဖော်ပေးရန် ဒေသခံများကလိုလားလျက်ရှိကြောင်း သိရသည်။

နေဦးမောင်-ပခုက္ကူ

ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်မဖြစ်စေရေး သင်္ဃန်းကျွန်းမြို့နယ်၌ ဆောင်ရွက်

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၏ လူအသွားအလာနှင့် ယာဉ်အသွားအလာ အစည်ကားဆုံး အဓိကလမ်းဆုံလမ်းခွနေရာဖြစ်သော ငမိုးရိပ်စံပြဈေးကြီးအနီး လေးဒေါင့်ကန်လမ်းမကြီး၊ သံသုမာလမ်းမကြီးပေါ်နှင့် လူသွား၊ ပလက်ဖောင်းလမ်းပေါ်တို့၌ ပျံကျလမ်းဘေးဈေးသည်များ စည်းကမ်းမဲ့ ရောင်းချနေမှုများကြောင့် ခြေကျင်လျှောက်ပြည်သူများယာဉ်အန္တရာယ်မဖြစ်စေရေးနှင့်ယာဉ်သွားလမ်းများ ပိတ်ဆို့မှုမဖြစ်စေရေး ပျံကျဈေးသူဈေးသားများ စည်းကမ်းတကျ ရှိစေရေးတို့အတွက် မတ် ၁၃ ရက် နံနက် ၆ နာရီမှစ၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် ဝန်ထမ်းများ၊ မြို့တော်စည်ပင်သာယာလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး စည်ပင်ရဲတပ်ဖွဲ့မှ ရဲအုပ်ဒေါ်မာလာစန်းနှင့်တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင်အတွင်းရှိ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်းအဖွဲ့တို့သည် လမ်းမပေါ်နှင့် လူသွားလမ်းပေါ် ပိတ်ဆို့ရောင်းချနေသော ပျံကျဈေးသည်များကို စနစ်တကျရှင်းလင်း၍ လမ်းမပေါ် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးနှင့် ပြည်သူများ၊ ယာဉ်အန္တရာယ် ကင်းရှင်းအောင် သွားလာနိုင်ရေး ဆောင်ရွက်ခဲ့ကြသည်ဟု သိရသည်။ **(အပေါ်ပုံ)** **(တင်ကြည်)**

ပဥ္စမအကြိမ်မြောက် ရှင်အပါး ၃၀၀ ရှင်ပြုပွဲ ပြုလုပ်မည်

ပေါက်တော မတ် ၁၅

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် နားကွယ်ကျေးရွာတွင် စစ်တွေမြို့နယ် ခေမာဝံသကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသ (ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ) ရခိုင်ပြည်နယ် သံဃနာယကအဖွဲ့ (မူလဒွါရ)ဥက္ကဋ္ဌမှ ကြီးမှူးကျင်းပမည့် ရှင်အပါး ၃၀၀ ရှင်ပြုပွဲကို မတ် ၃၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ယခုပြုလုပ်မည့် ရှင်အပါး ၃၀၀ ရှင်ပြုပွဲကို ပဥ္စမကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်သည်။ စစ်တွေမြို့နယ် ခေမာဝံသကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသသည် ရှင်ရဟန်းများပြုပေးခြင်းကို နှစ်စဉ်နှစ်တိုင်း ရခိုင်ပြည်နယ်ရှိ ကျေးရွာများသို့ သွားရောက်ကာ ပြုလုပ်ပေးနေခြင်းဖြစ်သည်။

ယခုကျင်းပမည့် ပေါက်တောမြို့နယ် နားကွယ်ကျေးရွာရှိ ရှင်ပြုရဟန်းခံပွဲတွင် အလှူငွေများပါဝင်လှူဒါန်းနိုင်ကြောင်းသိရပြီး အလှူငွေများ လှူဒါန်းရာတွင် ရှင်ရဟန်းတစ်ပါးလျှင် ကျပ်သုံးသောင်းနှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်သည်။

အလှူငွေများကို ခေမာဝံသကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တအဂ္ဂဝံသ ဖုန်း-၀၄၃-၂၃၂၇၈၊ ၀၉-၄၃၁၈၄၆၀၀၊ ဦးခင်မောင်သန်း-ဒေါ်လတ်လတ် (စစ်တွေ) ဖုန်း-၀၉-၄၁၀၀၀၁၁၆ နှင့်ဒေါ်ခင်စောတင့် (ရန်ကုန်) ဖုန်း-၀၁-၇၀၉၇၈၅ နှင့် ဒေါ်ကျော့စိန်လှ(ရန်ကုန်)ဖုန်း-၀၉-၄၄၈၀၀၅၂၂၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဂစ္ဆပမီဒီယာ

MYANMAR GOLF CLUB
2013 ANNUAL AT HOME

ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပမည်

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်စဉ်ကျင်းပလျက်ရှိသော နှစ်ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၁၃ခုနှစ်၊ ဧပြီ(၅၊၆)နှင့်(၇)ရက်များတွင် မြန်မာ ဂေါက်သီးရိုက်အသင်း(၉မိုင်၊ ပြည်လမ်း)ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများအနက် ဧပြီ(၅)ရက်တွင် Veteran ဂေါက်သီးရိုက်ပြိုင်ပွဲကိုလည်းကောင်း၊ ဧပြီ(၆)ရက်တွင် Gold, Silver, Bronze ဂေါက်သီးရိုက်ပြိုင်ပွဲများကိုလည်းကောင်း ကျင်းပမည်ဖြစ်ရာ အသင်းသားများ ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့်ဧပြီ (၇)ရက်တွင် ဂေါက်သီးကစားခြင်းနှင့်ပတ်သက်သော ပျော်ပွဲရွှင်ပွဲများကျင်းပပြီး ညနေပိုင်းတွင်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ညပိုင်းတွင် ညှော်ခံကျွေး မွေးရေးနှင့်တေးဂီတဖျော်ဖြေရေး အစီအစဉ်များပါဝင်ကြမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားမိသားစုများ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်းနှင့်ယခုပြိုင်ပွဲအား ကူညီပံ့ပိုးပေးလိုသော အဖွဲ့အစည်းကုမ္ပဏီများရှိပါက မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာရုံး ဖုန်း-၆၆၅၅၃၁သို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

CNG TAXI ရောင်းမည်

AA/3 - - - Toyota Fielder 2002 ဘင် အနက်ရောင်၊ 1.8CC ဒိုင်ခွက် ဒစ်ဂျစ်တယ် အတွင်းခန်း ကျွန်းကွက်ပတ်လည် CNG -70 အိုးတင်ပြီး၊ ကုမ္ပဏီဈေးဖြင့် ရောင်းမည်၊ ညှိနှိုင်း။

ဖုန်း-၀၉-၄၄၈၀၀၉၃၃၃၊ ၀၉-၈၆၃၅၇၆၁

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ ဦးကျော်မင်းအား အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ Indian Institute Of Oriental Heritage, Astrological Research Development က Hony. Doctor Of Astrology (Ph.D) (ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့) ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လောကီအကျိုး၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်မြို့)

ပြည်တွင်းသတင်းနှင့်ဖော်ပြ

ဖန်းမော်မြို့ ရေဦးကျေးရွာ မြောင်အင်း(တာလိုက်အင်း)၌ ၁၀ ဧက ကျော် ငါးမျိုးစုံ (ပိုက်ကာရံစနစ်)ဖြင့် မွေးမြူ

ဖန်းမော် မတ် ၁၅

ဖန်းမော်မြို့ ရေဦးကျေးရွာ မြောင်အင်း (တာလိုက်အင်းကွက်)၌ ၁၀ဧက ကျော်ခန့်ရှိသော ဦးဝင်းမောင်၏ ပိုက်ကာရံစနစ်ဖြင့် လုပ်ကိုင်နေသည့် အင်းလုပ်ငန်းသို့ မတ် ၆ ရက်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်ကြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ညွန့်မေ၊ ဖန်းမော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာမြင့်စိုးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ လိုက်ပါလျက် ကွင်းဆင်းကြည့်ရှုကြသည်။

အင်းလုပ်ငန်းပိုင်ရှင်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ် ကာလအတွင်း စီးပွားဖြစ် ငါးမျိုးစုံ မွေးမြူခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ခုနှစ် ငါးကောင်ရေ ၄၈၀၀၀ မွေးမြူပြီး ထွက်ရှိ ပိဿာချိန် ၁၆၀၀၀၊ ၂၀၀၉-၂၀၁၀ ခုနှစ် ငါးကောင်ရေ ၅၃၀၀၀ မွေးမြူပြီး ထွက်ရှိ ပိဿာချိန် ၁၇၆၀၀၊၂၀၁၀-၂၀၁၁ခုနှစ် ငါးကောင်ရေ ၅၉၀၀၀ မွေးမြူပြီး ထွက်ရှိ ပိဿာချိန် ၁၉၀၀၀နှင့် ၂၀၁၁-၂၀၁၂ ခုနှစ် ငါးကောင်ရေ ၂၂၀၀၀၀ မွေးမြူပြီး ပိဿာချိန် ၂၇၀၀၀ ထွက်ရှိသည်။ အဆိုပါ အင်းတွင် မိုးတွင်းကာလ ရေကြီးသည့်အလျောက် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးသိုင်း၊ ရွှေဝါငါးကြင်း၊ ငါးဖီးမနှင့် ငါးအသေးစုံများ ပေါက်ပွားလာသဖြင့် ပိုက်ကာရံမှုမြင့်တင် ကာရံထားရှိကြောင်း၊ အင်းမှ ထွက်ရှိလာသော ငါးများကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ငါးရောင်းချလျက် ဒေသခံပြည်သူများ ငါးအလုံ့ အပယ် စားသုံးခွင့်ရရှိသည်ကို သိရသည်။ အင်းပိုင်ရှင်သည် ငါးမျိုးဗီဇ မြှင့်တင်ပေးနိုင်သူ၊ ဖန်းမော်ခရိုင်အတွင်း အင်းကွက် အကြီးဆုံးဖြစ်ပြီး ငါးမျိုးစိတ်ရေရှည်ထိန်းသိမ်း မွေးထုတ်ပေးနိုင်သူဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မတ် ၂ ရက်က ပုဏ္ဏားကျွန်းမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်အတွင်းလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားအပြည့်အဝရရှိရေးအတွက် ဆွေးမြည့်သစ်သားတိုင်များကို ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်စဉ်။ သူ(ပုဏ္ဏားမြို)

မိုးကောင်းဘုတာတွင် ခရီးသည်အတက်အဆင်းများပြား ခရီးဆောင်အိတ်များ ဂရုစိုက်ရန်လိုအပ်

မိုးကောင်း မတ် ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိုးကောင်းဘူတာရုံတွင် မီးရထားခရီးသည်များ အတက်အဆင်းများပြားလျက်ရှိနေသောကြောင့် ခရီးဆောင်အိတ်များကို ဂရုစိုက်ရန် လိုအပ်လျက်ရှိနေကြကြောင်း သိရသည်။

"မိုးကောင်းဘူတာမှ ဖားကန့်ကို သွားတဲ့အခါမှာ အဓိကအချက်အချာကျတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျွန်မကဖားကန့်ကိုသွားရင် မိုးကောင်းလမ်းကပဲ အသွားများပါတယ်။ ဟိုပင်လမ်းကတော့ ကျွန်မတို့ အသွားနည်းပါတယ်။ ကျွန်မက မိုးညှင်းကပါ၊ အခုဖားကန့်ဘက်ကို လူတွေအတက်နည်းနေသေးလို့ ဖားကန့်မှာ ဈေးရောင်းကတော့ ပါးနေသေးတယ်" ကချင်ပြည်နယ် မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်တွင် နေထိုင်သူ မခင်လဲ့လဲ့ဦးက ပြောကြားခဲ့သည်။

"မိုးကောင်းဘူတာကနေ ခရီးသွားလာတဲ့သူတွေ စည်ကားလာပြန်တော့လည်း ခရီးသွားလာတဲ့အခါမှာ အသုံးပြုတဲ့ ခရီးဆောင်အိတ်တွေကို မေ့မေ့လျော့လျော့ထားလို့မရဘူး၊ အမြဲတမ်းဂရုစိုက်နေကြရတာ၊ ဘာကြောင့်လဲဆိုတော့ အိတ်တစ်လုံးပါသွားလိုက်ရင် လူတွေများတော့ ပြန်ရှာဖို့ဆိုတာ မလွယ်ဘူး"ဟု မိုးကောင်းမြို့ ဘူတာရပ် အနီးတွင်နေထိုင်သူတစ်ဦးက ဆိုသည်။

ကချင်ပြည်နယ် မိုးကောင်းမြို့သည် ဖားကန့်နှင့် လုံးခင်းဘက်သို့ သွားလာသည့်အခါများတွင် ခရီးသည်များအတွက် အချက်အချာကျလှသော လမ်းတစ်လမ်းဖြစ်သည့်အတွက် ဖားကန့်နှင့်လုံးခင်းများဘက်တွင်ရှိသော ကျောက်မျော်၊ ရွှေမော်သွားသူများသည် မီးရထားဖြင့် ခရီးသွားလာသည့်အခါများတွင် မိုးကောင်းဘူတာကို အဓိကထားသွားလာကြပြီး အတက်အဆင်းလုပ်လေ့ရှိသောကြောင့် နေ့စဉ် လူစည်ကားလျက်ရှိနေကြောင်း သိရသည်။

"လူစည်ကားလာတဲ့ မိုးကောင်းဘူတာကနေ ဖားကန့်ဘက်ကိုတက်တဲ့လမ်းတွေ ပြန်ပွင့်သွားပြီဆိုတော့ ဘူတာက ခရီးသည်ရဲ့ စုရပ်တစ်ခုလိုဖြစ်နေတယ်။ လူများလေလေ ပစ္စည်းတွေဂရုစိုက်ရလေလေဖြစ်ပါတယ်"ဟု မြို့ခံတစ်ဦးက ပြောကြားသည်။

ကချင်ပြည်နယ်အတွင်းရှိ မိုးကောင်းမြို့သည် ဖားကန့်မြို့ ကျောက်စိမ်းတွင်းများ တည်ရှိရာသို့ သွားရာလမ်းကြောင်း ဖြစ်သည့်အလျောက် မိုးကောင်းဘူတာသည် ကချင်ပြည်နယ်အတွင်းတွင် မီးရထားခရီးသည် အတက်အဆင်းအများဆုံးနေရာဖြစ်ကြောင်း သိရသည်။ **(ဓါတ်ပုံ)** ထိုဘူတာသည်ယခုအခါတွင်လူအဝင်အထွက်များသောကြောင့် ခရီးသည်များအနေဖြင့် မိမိတို့၏ ခရီးဆောင်အိတ်များကို ဂရုစိုက် ထိန်းသိမ်းလျက်ရှိနေကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ကယားပြည်နယ်အတွင်း ခရီးသွားလာရာတွင် လုံခြုံရေးမစိုးရိမ်ရတော့ဟုဆို

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့်အစိုးရတို့ ၂၀၁၂ ခုနှစ် မတ် ၇ရက်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးပြီးနောက် ကယားပြည်နယ်အတွင်း ခရီးသွားလာရာတွင် လုံခြုံရေးမစိုးရိမ်ရတော့ကြောင်း ပြည်နယ်အတွင်းခရီးသွားများထံမှ သိရသည်။

ယခင်က ဌာနဆိုင်ရာဝန်ထမ်းများသည် လွိုင်ကော်မြို့မှ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ရှားတောမြို့များသို့ ကူးသန်းသွားလာကြရာတွင် လုံခြုံရေးအရ တပ်မတော်ယာဉ်တန်းများဖြင့်သာ လိုက်ပါကူးသန်းသွားလာခဲ့ကြရသော်လည်း ယခုအခါ လိုင်းကားများ၊ မော်တော်ဆိုင်ကယ်များ၊ ခရီးကြုံကားများဖြင့် လွတ်လပ်စွာသွားလာနိုင်ကြပြီဖြစ်ကြောင်း ဌာနဆိုင်ရာဝန်ထမ်းများထံမှ သိရသည်။ ပြည်နယ်အစိုးရအဖွဲ့မှဝန်ကြီးချုပ်နှင့်ဝန်ကြီးများလည်း ပြည်နယ်ဖွံ့ဖြိုးရေးတာဝန်ဖြင့်ပြည်နယ်အတွင်း နေရာဒေသအနှံ့အပြားသို့ သွားလာရာတွင် လက်နက်ကိုင်အစောင့်အရှောက်မပါဘဲ လွတ်လွတ်လပ်လပ်သွားလာနေကြပြီဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်နှင့်၂၄ ရက်များက ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းဒေသသို့ ကွင်းဆင်းသွားရောက်ခဲ့ကြသည်။ ပြည်နယ်အစိုးရအဖွဲ့၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးရဲဝင်းနှင့်ဘဏ္ဍာ၊ အခွန်ဝန်ကြီး ဦးသန်းကျော်စိုးတို့ထံမှ သိရသည်။

" ဒါဟာ ကယားပြည်နယ်ရဲ့ ထူးခြားချက်လို့ ပြောရင်ရမယ်ထင်ပါတယ်။ အပစ်အခတ်ရပ်စဲပြီး သေနတ်သံမကြားရတော့ဘူး။ ကတိတည်တယ်လို့ ပြောရမှာပေါ့" ဟု ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး တစ်ဦးက ပြောကြားသည်။

ယခုအခါ ကယားပြည်နယ်အတွင်း သံလွင်တံတား(ဖားဆောင်း)၊ ပွန်ချောင်းတံတား (ဘော်လခဲ)တို့ တည်ဆောက်လျက်ရှိပြီး ကားလမ်းများလည်း ကောင်းမွန်လာသကဲ့သို့ ခရီးသွားလာရာတွင် လုံခြုံရေးအတွက် မစိုးရိမ်ရတော့သဖြင့် ဒေသခံများထံမှ ဝမ်းမြောက်ဝမ်းသာစကားများ ကြားသိနေရသည်။ "ကျွန်တော်က ကယားပြည်နယ်မှာ မွေးပြီး ကယားပြည်နယ်မှာပဲ ကြီးပြင်းတဲ့သူပါ။ လွိုင်ကော်မှာနေပြီး မိုင်ငါးဆယ်လောက်ပဲဝေးတဲ့ ဘော်လခဲကို မရောက်ဖူးသေးပါဘူး။ လွိုင်ကော်မှာ ကျွန်တော်လို လူတွေအများကြီးရှိပါတယ်။ ဒီလိုလမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေးကောင်းလာပြီဆိုတော့ ပြည်နယ်တွင်းက မရောက်ဖူးသေးတဲ့နေရာတွေကို သွားရဦးမယ်" ဟု လွိုင်ကော်မြို့နေ အသက် ၆၀အရွယ် အမျိုးသားတစ်ဦးက ပြောကြားသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

RIVER VIEW HOTEL
20% Discount
31.3.2013 ထိ
No.374, Strand Road, Botahtaung Tsp,
Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် က/၃၃၊ မြေကွက်တည်နေရာ ဦးညွန့်၊ ဦးရွှေဝင်း အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးညွန့် ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကိုဇနီး ဒေါခင်ကြည် ၁၂/ဒပန(နိုင်)၀၂၇၁၂၉မှ ကျမ်းကျိန်လွှာ၊သေစာရင်းတို့ တင်ပြ၍ ဒေါခင်ကြည်ထံမှ GP ၂၇၁၆/၁၃ရှိ ကျန်ပူးတွဲအမည်ပေါက် ဦးရွှေဝင်းထံမှ G.P ၂၇၁၇/၁၃ ရသူ ဦးအောင်မြင့် ၁၂/သကတ(နိုင်) ၀၁၅၄၆၉မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပန်းရုံနှင့် လက်သမားဆရာများရှိသည်။
အိမ်ပြင်လိုသည့် အိမ်ရှင်ပြဖြင့်များ
(Green Leaf) Ph: 09 493 767 43

အများသိစေရန်ကြေညာချက်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လှသန်း B.A (Law), LL.B (စဉ်-၂၀၅၅)

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁ A ၁၊ မြေကွက်အမှတ် Centre Portion of (Northern $\frac{1}{12}$ of II -14 နှင့် Southern $\frac{1}{4}$ of II-15) အမှတ်(၂၈/၃၀)၊ စဥ့်အိုးတန်းလမ်း Lee Keong Sue, Lee Keong Swee, Lee Paik Laim (a) Lee Kim Lyan (a) Dr. U Aye Lwin အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သည့် Lee Keong Sue ကွယ်လွန်သဖြင့် ၎င်း၏ အစုမှ (၄' ၂" ×၆၀')မြေကွက်အား ဒေါ်ညွန့်ညွန့်လွင် ၁၂/ဗဟန(နိုင်) ၀၁၁၄၁၉၊ ဦးစန်းလွင် ၁၂/ဗဟန(နိုင်)၀၁၁၂၈၉၊ ဒေါ်ကြင်အိမ်(ခ) ဒေါ်ခင်အေးနွဲ့ ၁၂/လသန(နိုင်) ၀၀၇၀၉၄တို့က သားသမီးတော်စပ်ကြောင်း၊ ပိုင်ဆိုင်ကြောင်း စာချုပ် (၅၂၃/၄-၉-၁၉၈၁)နှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၁A၁၊ မြေကွက်အမှတ် Northern Portion of (Northern $\frac{1}{12}$ of II-14 နှင့် Southern ¼ of II-15အမှတ်(၂၈/၃၀)၊ စဥ့်အိုးတန်းလမ်း၊ [Lee Keong Sue, Lee Keong Swee, Lee Paik Lain (a)Lee Kim Lyan(a) Dr. U Aye Lwin] အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သည့် Lee Keong Sue ကွယ်လွန်သဖြင့် ၎င်း၏အစုမှ (၄' ၂" ×၆၀') မြေကွက်အား ဦးရွှေ(ခ)အင်ကီတပ် ၁၂/လသန(နိုင်)၀၁၅၃၉၁က ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (၅၂၃/၄-၉-၁၉၈၁)နှင့် အရောင်းအဝယ်စာချုပ် (၇၂၆/၅-၁၁-၁၉၈၁)တို့တင်ပြ၍ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၈၊ မြေကွက်အမှတ် ၁၁၄၀၊ ဧရိယာ ပေ(၄၀×၆၀)အကျယ်အဝန်း၊ စတုရန်းပေ ၂၄၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်ဟုခေါ်တွင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊အမှတ်၁၁၄၀ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၃၀-၅-၂၀၁၂ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်(၅၉၂၈/၂၀၁၂)ဖြင့် ဒေါ်မြင့်ကြည်၁၂/ဥကတ(နိုင်) ၀၇၆၀၉၃ က ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမိုးမင်းဆွေ LL.B, D.B.L **ဒေါ်ဟန်သီစိုး LL.B, IDCS, IADCS**

အထက်တန်းရှေ့နေများ

အမှတ် ၁၃၆/၁၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၀၂၂၁၂

ဖြည့်စွက်ဖတ်ရှုပါရန်

၂၃-၂-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)နှင့် ၂၁-၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ဃ)ပါ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆A၁၊ မြေကွက်အမှတ် V၁၄၂အား ဦးမျိုးသန်းမှ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်းစာချုပ်ချုပ်ဆိုရန်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းနှင်းဝင့် ၁၂/မရက(နိုင်)၀၅၉၃၀၈၏ ညွှန်ကြားချက်အရ ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းနှင်းဝင့်သည် ARM-STRONG Co.,Ltd. ၏ ဒါရိုက်တာအဖြစ်မှ ရှယ်ယာလွှဲပြောင်းပေးပြီးဖြစ်၍ ၎င်းကုမ္ပဏီနှင့် ပတ်သက်သော ငွေကြေး ကိစ္စများမှာ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာကြိုင် LL.B, D.B.L
အထက်တန်းရှေ့နေ(၃၂၅၅၉)

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁အယ်လ်၊မြေကွက်အမှတ်၁၃၊ မြေကွက်တည်နေရာအမှတ် ၁၀၈၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မောင်တင့်နှင့် မအေးသီအမည်ပေါက် နှစ်၉၀ဂရန်မြေအား ပိုင်ဆိုင်ကြောင်းစာချုပ် $\frac{၆၈၉/၂၀၁၁}{၂၁-၂-၂၀၁၁}$ ဖြင့် ပိုင်ဆိုင်ခဲ့သူ (၁) ဦးလှထွန်း ၁၂/မဂတ(နိုင်)၀၀၄၉၆၆၊ (၂) ဒေါ်ခင်ဝင်း ၁၂/မဂတ(နိုင်)၀၀၄၇၈၈ကိုယ်စား GP $\frac{၂၂၈၂/၁၁}{၁၁-၂-၂၀၁၁}$ နှင့် GP$\frac{၂၂၈၃/၁၁}{၁၁-၂-၂၀၁၁}$ရသူ ဦးဝင်းအောင် ၁၂/ကတတ(နိုင်)၀၂၄၃၈၇က အမည်ပြောင်းလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပညာမြင်းမိုရ်
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့်
ကျောင်းသား/သူသီးသန့်အဆောင်မြင့်ဘော်ဒါ

Ph : 09 73004720, 09 5001158, 09 5002947, 01 561321

ကြော်ငြာ



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃-တိုးချဲ့)၊ မြေကွက်အမှတ် ၇၀၆၊ ပုလဲလမ်း၊ မြေအကျယ်အဝန်း အလျားပေ ၄၀× အနံ ပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးဇော်ထွန်းအောင် ၁၂/ရကန(နိုင်)၀၁၄၇၇၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူသန့်
LL.B,D.B.L,D.L-101 WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ

ဒေါ်အေးမြမွန် (LL.B, LL.M)
ဒေါ်လှိုင်ယဉ်မွန် (LL.B)
အထက်တန်းရှေ့နေများ

Pioneer Law Firm
အမှတ်-၁၃၂/အေ၊ ဒုတိယထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၀၁၄၆၂၊ ၀၉-၄၉၃၄၀၁၇၀၊ ၀၉-၄၉၅၈၅၄၅၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃-တိုးချဲ့)၊မြေကွက်အမှတ် ၅၅၃၊ ပုလဲလမ်း၊ မြေအကျယ်အဝန်း အလျားပေ ၄၀× အနံ ပေ ၆၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဦးမင်းအောင် ၇/ကဝန(နိုင်)၀၁၁၂၁၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူသန့်
LL.B,D.B.L,D.L-101 WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ

ဒေါ်အေးမြမွန် (LL.B, LL.M)
ဒေါ်လှိုင်ယဉ်မွန် (LL.B)
အထက်တန်းရှေ့နေများ

Pioneer Law Firm
အမှတ်-၁၃၂/အေ၊ ဒုတိယထပ်၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၀၁၄၆၂၊ ၀၉-၄၉၃၄၀၁၇၀၊ ၀၉-၄၉၅၈၅၄၅၆

ကားရောင်းမည်

1.FIT.GE.6 . 2008, OR.TV
ယာယီ-ရောင်း (၁၂၇)သိန်း
2.Probox-Succed
TX- ခဲရောင်၊ ရောင်း(၁၃၈)သိန်း
ဖုန်း-၀၁-၅၇၃၈၈၂၊ ၀၉-၅၁၀၀၈၆၇၊ ၀၉-၅၁၀၇၇၁၂

ပျောက်ဆုံးကြောင်း

ကျွန်မနန်းသန္တာဝင်း ၁၃/တကန(နိုင်)၀၈၃၅၂၈ ၏ ပတ်စပို့အမှတ်-၃၅၁၇၇ သည် ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၀၅၁၈၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ၊ တိုက်(၈)၊ အခန်း(၁၀၂)ကို မူလအမည်ပေါက်ပိုင်ရှင် ဦးစိန်ထွန်းအောင်ထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဦးတင်အောင် ၁၂/သကတ(နိုင်)၀၅၈၁၈၄ နှင့် ဒေါ်အေးအေးမူ ၁၂/သကတ(နိုင်)၀၅၈၄၃၇ က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Mini Bus (လေအိတ်ကား) ရောင်းမည်

- Isuzu, 30 Seater
- Civillian, 18 Seater
  90 mdl, With air-con,each

ဖုန်း-၀၉-၄၉၂၃၇၅၇၇

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်နိုင်(ခ)ဂန်ဂါရမ်း ၁/မကန(နိုင်)၀၈၁၁၆၁ ၏ နိုင်ငံကူးလက်မှတ် A - ၃၅၂၈၄၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၃၀၂၂၁၄၃၊ ၀၉-၄၀၀၀၃၉၂၈၁

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သားဖြစ်သူ မောင်ရဲမိုးလွင် ၁/ကမန(နိုင်) ၀၄၃၆၀၈ သည် မိဘနှင့် မိသားစုများ ခွင့်မလွှတ်နိုင်သော ကိစ္စများပြုလုပ်၍ အိမ်မှ ထွက်သွားသည့်အတွက် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘများ-

ဦးဟန်စိုးငွေ(ခ)ဦးဖိုးသား
၁/မကန(နိုင်)၀၁၇၁၅၇
ဒေါ်အေးအေးသင်း
၁/မညန(နိုင်)၁၁၀၀၀၃
ဖားကန့်မြို့နယ်ခွဲ၊
ဆိပ်မူအုပ်စု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-စီ)၊ မြေကွက်အမှတ်၁၂၈၊ ဧရိယာ (၁၂½×၅၀)ပေရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၆၄ဟု ခေါ်တွင်သည့် မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ညွန့်ဝင်း MDYNE -၀၀၇၃၄၅၊ ၁၂/ဗဟန(နိုင်)၀၈၃၄၀၉ ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L,D.M.L, D.I.L,D.L.P,WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc,Hon(IC), H.G.P,R.L,D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ် ၃၈၁၊ အလျား×အနံ(၄၁×၆၀)ပေရှိ ဒေါ်ကျင်သိန်း အမည်ဖြင့် မှတ်သားထားသော နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်တည်ရှိရာ အမှတ် ၃၈၁၊ စောလုဘော်လမ်း၊ ၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် လျှပ်စစ်မီတာစသည့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံးတို့ကို မူလမြေအမည်ပေါက်ပိုင်ရှင်ဒေါ်ကျင်သိန်းထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ပြောဆိုလာသူဖြစ်သော ဒေါ်တင်တင်ဌေး ၁၁/သတန(နိုင်)၀၅၀၅၆၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကိုပေးချေပြီး အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရီစလင်း
(စဉ်-၂၅၇၀၃)
အထက်တန်းရှေ့နေ
အမှတ်(၇၅၆)၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၉၃၁၁၅

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စပယ်ဖြူစိုး ၁၂/ ရကန(နိုင်)၀၆၁၃၁၄ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၉၁၀၉၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/B၊ မြေကွက်အမှတ် ၉၁၅၊ မြေကွက် တည်နေရာအမှတ် ၉၁၅၊ ခတ္တာလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်ရှိ ဒေါ်ရင်မေ အမည်ပေါက်သည့်ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဦးအောင်ထွန်းဦး ၁၄/ကပန(နိုင်)၁၁၉၀၁၉ က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကိုယ်တိုင်ခံဝန်ချက်၊ တရားရုံး ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၂၄၆၊ မြေကွက်တည်နေရာ ၂၄၆၊ သရဖီလမ်း၊ ရွှေနံ့သာစံပြကျေးရွာ ဒေါ်လှမှုံ ၁၂/မဂဒ(နိုင်)၀၆၄၅၇၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှမှုံ ကိုယ်တိုင်မှ ဂရန် ခြကိုက်ပျက်စီး၍ မင်္ဂလာဒုံမြို့နယ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းတို့၏ ပျက်စီးကြောင်းထောက်ခံချက်ကျမ်းကျိန်လွှာ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၈၊ မြေကွက်အမှတ် ၁၅၂ အမည်ပေါက် ဦးကျော်ဒင် ၁၂/ပဇတ(နိုင်)၀၂၈၉၁၄ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၉၊မြေကွက်အမှတ် ၇၅၉၊ မြေကွက်တည်နေရာ အမှတ် ၇၅၉၊ ၁၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ဒေါ်မိမိမြ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မိမိမြထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးမြင့်က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၄၊မြေကွက်အမှတ် ၂၁၆/က၊ မြေကွက်တည်နေရာအမှတ် ၂၁၆/က၊ သုတ ၈ လမ်း၊၄ရပ်ကွက်၊တောင်ဥက္ကလာပ ဒေါ်လှစိန် အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှစိန်နှင့်(ခင်ပွန်း) ဦးအောင်သိန်းတို့ကွယ်လွန်သဖြင့် ဒေါ်သန်းမြင့် ၁၂/အစန(နိုင်)၀၈၈၆၅၇ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၄၈ (၁၁-၂-၁၃)ဖြင့် အထွေထွေ ကိုယ်စားလှယ်ဦးသန်းဝင်း ၁၂/ဥကတ(နိုင်)၀၅၇၂၂၄ က မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ